၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com

ပို့ဆောင်ဆက်သွယ်ရေးသတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၉)၊ အမှတ် (၁၈)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၉)ရက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းအသုံးပြုခြင်း အခမ်းအနားသို့ တက်ရောက်

စာ - ၁၆ »

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) ၏ လေကြောင်းဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ ဂုဏ်ပြုအသိအမှတ်ပြုလွှာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဆွတ်ခူးရရှိ



စာ - ၁၄ »

မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် FIATA ဒီပလိုမာသင်တန်းဆင်းပွဲကျင်းပ

စာ - ၁၅ »

၂၀၁၉ ခုနှစ် ကမ္ဘာပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ

စာ - ၁၉ »

မြန်မာနှင့် နယူးဇီလန် နှစ်နိုင်ငံ လေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုး

စာ - ၁၉ »



အယ် ဒီ ဂ္ဂ အာ ဧော်

"အားလုံးအတူတူ ကူးပြောင်းကြပါစို့"

"မြန်မာယူနီကုဒ်စနစ် အားလုံးအတူတူ ကူးပြောင်းကြပါစို့" ဟူသော စာတမ်းထွန်းလင်းစွာ ပေါ်ထွက်လာသည်နှင့် ဝမ်းသာဂုဏ်ယူမှုဖြင့် ရိုက်ခတ်လိုက်သည့် လက်ခုပ်သံများက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)မှသည် ပြည်ထောင်စုတဝှမ်းလုံးသို့ ပဲ့တင်ထပ်သွားသည်။ ထိုမှလွန်သော် အွန်လိုင်းသတင်းဆက်သွယ်ရေးစနစ်ကြောင့် ကမ္ဘာတဝှမ်းလုံးသို့တိုင် ပဲ့တင်ရိုက်ခတ်သွားခဲ့သည်။

ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်း၊ ပြည်ထောင်စုအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်လိုစိတ်များမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နမများသာမက ကမ္ဘာ့ဒေသအနှံ့ ရောက်ရှိနေကြသည့် တိုင်းရင်းသားညီ အစ်ကိုမောင်နမများ အားလုံး၏ရင်တွင်း၌ စိမ့်၍ ငြိမ့်၍ သိမ့်၍ သွင်သွင်ညက်ညက်စီးဆင်းနေလေသည်။

"မြန်မာယူနီကုဒ်စံစနစ် အားလုံးအတူတူ ကူးပြောင်းကြပါစို့" ဆောင်ပုဒ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာ" ဆိုသည့်စာသား၊ ဝို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "ယူနီကုဒ်" ဆိုသည့်စာသား၊ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က "စံစနစ်" ဆိုသည့်စာသား၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက "အားလုံး"ဆိုသည့်စာသား၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က "အတူတူ"ဆိုသည့်စာသား၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလွင်က "ကူးပြောင်း" ဆိုသည့်စာသား၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးသိန်းဦးက "ကြပါစို့" ဆိုသည့်စာသားတို့ကို စင်မြင့်ပေါ်ရှိ Tablet များပေါ်တွင်ရေးသားပြီး တစ်ပြိုင်နက်တည်း Send ခလုပ်ကိုနှိပ်ကာ ဖွင့်လှစ်ပေးခဲ့ကြခြင်းဖြစ်သည်။

"ဒီအခမ်းအနားဟာ ကျွန်မတို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ e-Government စံစနစ်တခုလုံး တိုးတက်ကောင်းမွန်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့ လုပ်ငန်းတစ်ခု၊ ခြေလှမ်းတစ်ခုဖြစ်ပါတယ်။ e-Government ဆိုတာ အစိုးရဌာနရဲ့ဝန်ဆောင်မှုတွေ၊ ပြည်သူလူထုဆီကို မြန်မြန်ရောက်အောင် အီလက်ထရောနစ်နည်းပညာသုံးပြီး ဆောင်ရွက်တဲ့စံစနစ်ကိုခေါ်တာပါ။ အစိုးရဝန်ကြီးဌာနနဲ့ ၎င်းဌာနရဲ့ အောက်ခြေအဖွဲ့အစည်းတွေအကြား၊ အစိုးရဌာနအချင်းချင်းအကြား၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေအကြား၊ အစိုးရနဲ့ ပြည်သူတွေအကြား၊ စီးပွားရေးလုပ်ငန်းအချင်းချင်းအကြား၊ စီးပွားရေးလုပ်ငန်းနဲ့ ပြည်သူတွေအကြား၊ ပြည်သူတွေအချင်းချင်းအကြားတွေမှာ ဆက်သွယ်ရေးစံစနစ်တွဖို့၊ ဘာသာစကားတွဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ယူနီကုဒ်စံစနစ်သုံးခြင်းဟာ အီလက်ထရောနစ်အုပ်ချုပ်မှုစနစ် မဟာမျူဟာစီမံချက် (e-Governance Master Plan) ရဲ့ အရေးကြီးတဲ့စံသတ်မှတ် ရေးလုပ်ငန်းစဉ်မှာ ပါဝင်ပါတယ်" ဟု e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယူနီကုဒ်သည် နိုင်ငံတကာစံနှင့် ကိုက်ညီသည်။ မြန်မာစာရေးထုံးနှင့်လည်း ညီညွတ်သည်၊ အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံ စံချိန်စံညွှန်းအဖြစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်တွင် MMS ISO/IEC 10646 : 2017 ဖြင့် သတ်မှတ်ထားရှိပြီး ဖြစ်သည်။

ယူနီကုဒ်သည် နိုင်ငံတကာစံဖြစ်သည့်အတွက် မြန်မာဘာသာဖြင့် ရေးသားချက်များအား နိုင်ငံခြားဘာသာများဖြင့် ဘာသာပြန်ဆိုဖတ်ရှုရန်လိုင်သည်။ နိုင်ငံခြားဘာသာစကားများကို မြန်မာပြန်ဆိုနိုင်မည်ဖြစ်သည်။ Google Translate ဆော့ဖ်ဝဲဖြင့် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ပြီဖြစ်သည်။

ကွန်ပျူတာ၊ ဖိုဘိုင်းလ်ဖုန်း၊ Tablet၊ i PAD၊ စသည့် ကိုယ်ရေးအထောက်အကူပြုကိရိယာ (Personal Assistant Device (PAD)) များတွင် အသုံးပြုသူက လက်ရေးဖြင့်ရေးသားချက်များအား ပုံနှိပ်စာလုံးအဖြစ် ပြောင်းလဲပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် စာမရေးနိုင်၊ မရိုက်နိုင်ပါက Google မှ G-Board အသုံးပြု၍ အသံဖြင့်စာရေးနိုင်ခြင်း စသည်တို့အသုံးပြုနိုင်ပြီဖြစ်သည်။

ယူနီကုဒ်စံစနစ်ကို အသုံးပြုထားသည့်အတွက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာတို့ဖြင့် အသုံးပြုလာနိုင်ပြီဖြစ်သည်။ စံစနစ်က ယူနီကုဒ်ဖြစ်ပြီး စာလုံး Font ကိုမူ ပြည်ထောင်စုစာလုံး (Pyidaungsu Font) ဟု လေးနက်စွာ၊ ဂုဏ်ယူစွာ အမည်ပေးထားခြင်းဖြစ်သည်။

မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းအသုံးပြုခြင်း အခမ်းအနားအပြီးတွင် မီဒီယာများ၏အမေးအား ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယူနီကုဒ်ဆိုတာ စနစ်၊ System၊ စာလုံးပုံစံ (Font) က ပြည်ထောင်စုဖောင့်ဖြစ်ပါတယ်။ ပြည်ထောင်စုလို့ ဘာလို့ပြောချင်လဲ၊ ဖောင့်မှာတိုင်းရင်းသားဘာသာတွေပါ နေရာရလာတယ်။ တကယ်လို့သာ Zawgyi ကို သုံးခဲ့ရင် တိုင်းရင်းသားဘာသာတွေအတွက် နေရာမကျန်ဘူး။ ကွန်ပျူတာမှာ သဘောပေါက်လားမသိဘူး။ ကီးဘုတ်ပေါ်မှာ နေရာမကျန်ဘူး။ ရရစ်က ကီးဘုတ်မှာ (၃)နေရာ တစ်ချောင်းငင်က (၂)နေရာ၊ နှစ်ချောင်းငင်က (၂)နေရာ၊ ဒါမျိုးလေးတွေဖြစ်သွားတယ်။ ကျွန်တော် ပြောနေတာ အပြစ်တင်နေတာမဟုတ်ဘူး။ ပြည်သူလူထုထဲမှာ ကျွန်တော်တို့ကြိုက်ပါတယ်။ သို့သော် လွယ်ကူတာကို ကျွန်တော်တို့ကြိုက်ပါတယ်။ ဒီလိုမျိုးပေါ့။

အခုဟာက မြန်မာစာရေးထုံးနဲ့လည်း ကိုက်ညီတယ်။ အားသာချက်ပေါ့။ ယူနီကုဒ်ဆိုတာ နိုင်ငံတကာစံပေါ့။ မြန်မာစာကို အခြားဘာသာတွေနဲ့အတူ တန်းတူနေရာပေးဖို့ရာ ၁၉၉၈ လောက်ထဲက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရော မြန်မာစာအဖွဲ့ရော ကျွန်တော်တို့ အမျိုးသားစံစနစ်သတ်မှတ်ရေးကော်မတီရော အားလုံးပေါင်းပြီးတော့ (၉၈)ခုနှစ်ထဲက လုပ်နေတာ လုပ်တာက အနှစ် (၂၀) လောက်ကြာပြီ။ အခု ယူနီကုဒ်ကို တစ်နိုင်ငံလုံးသုံးကြတော့မယ်။ ဒီလိုဆို ဘာအကျိုးရှိတာလဲ။ ခုနတုန်းက ပညာရှင် တွေပြောကြတာက ဘာသာတံတိုင်းကြီးပြိုလဲသွားမယ်။ ငါတို့ဘာသာစကား တံတိုင်းကြီး ပြိုလဲသွားမယ်။ အဓိပ္ပါယ်က တို့ဗမာစာနဲ့ ရေးသမျှကို နိုင်ငံခြားဘာသာကို ပြောင်းလို့ရသွားပြီ။ ယူနီကုဒ်ကိုသုံးရင် ယူနီကုဒ်မသုံးပဲ တစ် ခြား Non ယူနီကုဒ်သုံးလို့ကတော့ မရဘူး။ ယူနီကုဒ်ရဲ့ အားသာချက်ပေါ့။ အဓိကအားသာချက်လို့ ပြောရမှာပေါ့။ မြန်မာစာကို မြန်မာစာနဲ့ ယူနီကုဒ်စံရေးထားရင် နိုင်ငံတကာဘာသာတွေက အကုန်လုံးဖတ်လို့ရပြီး နိုင်ငံတကာဘာသာကိုလည်း မြန်မာစာအဖြစ်နဲ့ ပြောင်းပြီးတော့ ဖတ်လို့ရပြီ။ ကျွန်တော်တို့က နောက်ကျနေတာ။ နောက်ကျနေတာက ကျွန်တော်တို့က ဘာသာစကားနဲ့ တံတိုင်းကြီးကြောင့် ကမ္ဘာကြီးရဲ့ အပြင်ဘက်မှာ ကျန်ခဲ့တာ။ ဒါကြောင့် မြန်မာယူနီကုဒ်စံစနစ်ကို အားလုံးအတူတူ ကူးပြောင်းကြပါစို့" လို့ နွေးထွေးစွာ တိုက်တွန်းလိုပါတယ်ဟု ရှင်းလင်းပြောကြားခဲ့သည်။

အနှစ်ချုပ်ဆိုရသော် ယူနီကုဒ်စံစနစ်သည် နိုင်ငံတော်၊ အစိုးရ၊ ပြည်သူတို့ စနစ်တစ်ခုအတွင်း အတူပူးပေါင်းဆောင်ရွက်ခွင့်ရရှိခြင်း၊ မြန်မာစာသာမက တိုင်းရင်းသားစာပေများကို အသုံးပြုခွင့်ရရှိခြင်း၊ နိုင်ငံတကာနှင့် မြန်မာစာတို့ ယူနီကုဒ်စံစနစ်အတွင်း၌ အပြန်အလှန် နားလည်၊ ဘာသာပြန်ဆို၍ ကျယ်ပြန့်စွာ ဆက်သွယ်နိုင်ခြင်း၊ တစ်ဦးချင်းမှသည် ပြည်ထောင်စုကြီးတစ်ခုလုံး စနစ်ကျခြင်း၊ ခေတ်မီခြင်း၊ လုံခြုံစိတ်ချရခြင်း၊ ပြည်ထောင်စုညီအစ်ကို မောင်နမများ၏ ဘာသာ၊ စာပေ၊ ရိုးရာ၊ ယဉ်ကျေးမှုစသည်တို့ လွတ်လပ်ကျယ်ပြန့်စွာ တည်ဆောက်ဖြန့်ကြက်နိုင်ခြင်းတို့အကျိုးရလာဒ်အလိုငှာ အားလုံးအတူတူ ကူးပြောင်းကြပါစို့ဟု လေးစားချစ်ကြည်စွာ တိုက်တွန်းရေးသားနေရာဒေသများ တိုးချဲ့လိုသည့်ကိစ္စ၊ နားလည်မှုစာချွန်လွှာသက်တမ်းတိုးရေးကိစ္စနှင့် FHI (၃၆၀) အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် တီဘီနှင့် အခြားကူးစက်ရောဂါများဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းလိုသည့် ကိစ္စရပ်များကို ဆွေးနွေးမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ES

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။


မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက်လျော့ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁၆)ရက်မှ (၁၈)ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၁၃)ရက်မှ (၁၅)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် (၁၀)ရက်မှ (၁၂)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြစ်ရေအခြေအနေ

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံမြို့နှင့် မြစ်ငယ်မြို့တို့တွင် (၁)ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် (၁)ကြိမ်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် (၁)ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။



အမေရိကန်နိုင်ငံသား ခံယူထားသည့် မြန်မာဆရာဝန်များ လာရောက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းနှင့် အတွေ့အကြုံများမျှဝေခြင်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်ဆွေးနွေး

အမေရိကန်နိုင်ငံသား ခံယူထားသည့် မြန်မာဆရာဝန်များလာရောက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းနှင့် အတွေ့အကြုံများမျှဝေခြင်းတို့ကို ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အမေရိကန်ပြည်ထောင်စုတွင်ဆွေးနွေးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှသိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးအနေဖြင့် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိစဉ်ကာလအတွင်း ယင်းသို့ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံသားခံယူထားသည့် မြန်မာဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းနှင့် အတွေ့အကြုံများမျှဝေခြင်းတို့ကိုဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံဆေးကောင်စီနှင့် ညှိနှိုင်းမည့်ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံသားခံယူထားသည့် မြန်မာဆရာဝန်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းနှင့် အတွေ့အကြုံများမျှဝေ ခြင်းတို့ကိုဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံဆေးကောင်စီနှင့် ညှိနှိုင်းမည့်ကိစ္စရပ်များကိုအသေးစိတ် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ဝါရှင်တန်ဒီစီအခြေစိုက် FHI (၃၆၀) အဖွဲ့မှ အမှုဆောင်အရာရှိချုပ်နှင့်တွေ့ဆုံရာ၌ FHI (၃၆၀) အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၌ငင်းတို့ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်မှုနေရာဒေသများ တိုးချဲ့လိုသည့်ကိစ္စ၊ နားလည်မှုစာချွန်လွှာသက်တမ်းတိုးရေးကိစ္စနှင့် FHI (၃၆၀) အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် တီဘီနှင့် အခြားကူးစက်ရောဂါများဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းလိုသည့် ကိစ္စရပ်များကို ဆွေးနွေးမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ES

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်

Night Safety Data Pack

ကန့်သတ်မြန်နှုန်း 1.5Mbps
ပုံမှန်မြန်နှုန်း

*233#

MPT4U
Extra Data

11 PM to 7 AM

ကန့်သတ်မြန်နှုန်းဖြင့် ဗီဒီယိုများကြည့်ရှုပါက ဒေတာသုံးစွဲမှု လျော့ချနိုင်ပါသည်။



အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday

ပို့ဆောင်ရေးသတင်းဂျာနယ်
TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ	ဦးနီအောင်
စာတည်းမှူးချုပ်	မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ	နေလင်း
ငွေစာရင်းအရာရှိ	ကျော်သူရ
မျက်နှာဖုံးဒီဇိုင်း	ဝင်းထိုက်
စာမျက်နှာဒီဇိုင်း	နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း
ကွန်ပျူတာ	ခိုင်ယုသွယ်၊ မေသဿဋ္ဌေး၊ ထက်လှိုင်ဦး၊ ခန့်ဇော်ထွန်း
စာတည်း	တင်မောင်၊ အိမ်စည်
သတင်းထောက်	ဘုန်းပိုင်ဦး၊ စိုးသူ၊ ခွဲထက်အောင်
သတင်း (ဆက်သွယ်ရေး)	လှမျိုး
သတင်း (ရထား)	အောင်ဆန်းဦး
စာပြင်	ဆုဆုစန္ဒီဇော်
ကာတွန်းသရုပ်ဖော်	တင်ယု
ထုတ်ဝေသူ	နီအောင် (၀၀၄၉၆)
ပုံနှိပ်	မင်းပြည့်စုံ (၀၀၁၀၃)
ဖြန့်ချိရေး	ကိုကိုမြတ်၊ ဘိုဘို
ရုံးအဖွဲ့	သဇင်ဖူး


တိုက်တည်နေရာ

၀၃/၉၁ ပိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။

ဖုန်း ၀၁-၈၆၁၀၁၉၂

စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃

Email - thetransportnews@gmail.com
tcnj.transcomnews@gmail.com



ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ် တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာများအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ ၀၉-၄၂၀၁၃၆၆၇

ဖောက်စွပ်ပြောင်းထားသည့်ယာဉ်များကို ယာဉ်ဟောင်းအပ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်

အစိတ်အပိုင်းမမှန်မကန် Body Coach (ဖောက်စွပ်ပြောင်းလဲထားသည့်) မော်တော်ယာဉ်များကို အောက်တိုဘာလ (၁)ရက်မှစတင်ကာ သံရည်ကျိုအပ်နှံစေပြီး ယာဉ်အို၊ ယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ "ဃ"(စလစ်)ထုတ်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်၊ ဖြတ်ဆက်)မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများသို့ အပ်နှံစေခဲ့ပြီး ယာဉ်ပိုင်ရှင်များက လာရောက်အပ်နှံခြင်းမရှိသည့်ယာဉ်များကို သံရည်ကျိုအပ်နှံစေ၍ ယာဉ်အို၊ ယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့်ပေးခြင်းလည်း ဖြစ်သည်။

"ကျွန်တော်တို့လည်း ရုံးမိန့်အရ မော်တော်ယာဉ်ဥပဒေအရ ဖျက်သိမ်းခဲ့ရတာဖြစ်ပါတယ်။ အဲဒီလို ဖျက်သိမ်းတဲ့အခါမှာ သူတို့ချွေးနဲစာနဲ့ ဝယ်ထားတဲ့ဟာသည် သူတို့ရှိစုမဲ့စုဝယ်ထားပြီးတော့ လုပ်ငန်းလုပ်ဖို့၊ တက္ကဆီဆွဖို့၊ မိသားစုစားဝတ်နေရေးအတွက် ဒီလိုမျိုးလုပ်တဲ့အခါမှာ ကျွန်တော်တို့ဆီမှာ တော်တော်ခံစားခဲ့ရပါတယ်။ တကယ်အဖြစ်အမှန်တွေမှာ ကိုယ်ချင်းလည်းစာတယ်။ ဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ဝမ်းနည်းခဲ့ရတယ်။ ကျွန်တော်တို့လူကြီးတွေကို ကျွန်တော်တို့အနေနဲ့ တင်ပြတယ်။ အဲဒီလိုဖြစ်တဲ့အခါမှာ ကျွန်တော်တို့တင်ပြတဲ့အပြင် မော်တော်ယာဉ်အသင်းတွေ၊ ရန်ကုန်၊ မန္တလေးအသင်းတွေက ပြည်သူ့လွှတ်တော်တို့၊ နိုင်ငံတော်အကြီးအကဲတွေမှာ တင်ပြတာတွေရှိပါတယ်။ ပိုင်ရှင်တွေတကယ်ဖျက်သိမ်းခံရတဲ့ ယာဉ်ပိုင်ရှင်တွေအနေနဲ့လည်း အသနားခံစာတင်ပြတာတွေရှိပါတယ်။ ဒါပေမယ့် နိုင်ငံတော်ကနေပြီးတော့ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ နစ်နာချက်တွေကို စာနာထောက်ထားပြီးတော့ ယခုလိုဖြေလျော့ထားခြင်းဖြစ်ပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ-၁၈ (c) အရ အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်၊ ဖြတ်ဆက်) မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းပြီး ကညနနှင့် ရဲစခန်းများကို အပ်နှံစေခဲ့ခြင်းမှာ ဥပဒေနှင့်အညီ မလွှဲမရှောင်သာတားဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး ယာဉ်ပိုင်ရှင်ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများအတွက် အထိုက်အလျောက် သက်သာခွင့်ရရှိစေရန်၊ ယာဉ်သိမ်းဆည်းခံရသော ပြည်သူအများစုက အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ "ဃ"(စလစ်)ရယူလိုသည့်ဆန္ဒကို ဖြည့်ဆည်းနိုင်ရန်၊ အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်၊ ဖြတ်ဆက်) ယာဉ်များအားလုံးအပြီးတိုင် ဖျက်သိမ်းနိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များသည် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဟု သတင်းထုတ်ပြန်ထားသည်။

၂၀၁၈ မှ ၂၀၁၉ ခုနှစ်အတွင်း ယာဉ်ကိုယ်ထည် (Body Coach) ပြောင်းလဲထားသည့် ဖောက်စွပ်ကားအစီးရေ (၃၀၀)ကျော်အထိ ဖမ်းဆီးရမိခဲ့ပြီးနောက်ပိုင်းတွင် အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Coach ဖောက်စွပ်၊ ဖြတ်ဆက်ယာဉ်များ စစ်ဆေးတွေ့ရှိပါက ချက်ချင်းသံရည်ကျိုအပ်နှံစေ၍ ယာဉ်အို၊ ယာဉ်ဟောင်းအပ်အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ "ဃ" (စလစ်)ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုန်းပိုင်ဦး

ကုန်းလမ်းပို့ဆောင်ရေးနှင့် Premier Automotive Limited, China Faw Group Important & Export Co., Ltd, Changchun Automobile Industry Institute တို့ ပူးပေါင်း၍ Short Term Training သင်တန်းဖွင့်ပွဲကျင်းပ





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် Premier Automotive Limited, China Faw Group Important & Export Co., Ltd, Changchun Automobile Industry Institute တို့ ပူးပေါင်း၍ ကုန်းလမ်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန၊ အခြေစိုက်အလုပ်ရုံ အမှတ် (၃)၊ မရမ်းကုန်းတွင် Short term training ဖွင့်ပွဲကို စက်တင်ဘာ (၂၄)ရက်၊ နံနက် (၀၈း၃၀)နာရီတွင် ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေး၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် တာဝန်ရှိသူများ၊ Premier Automotive Limited မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်ထွန်းနှင့် တာဝန်ရှိသူများ၊ Changchun Automobile Industry Institute မှ Ms.Jiao Chuan Jun နှင့် သင်တန်းနည်းပြများ၊ စက်မှုဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ တာဝန်ရှိသူများ၊ သင်တန်းသားအရာထမ်းများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းမှ သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။ ၎င်းနောက် Premier Automotive Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဦးခင်ထွန်းမှ အမှာစကား ပြောကြားရာတွင် "Chang Chun Automobile Industrial Institute က တရုတ်နိုင်ငံ Auto Industry ၏ Automotive Development အပိုင်းတွင် အဓိကပါဝင်ခဲ့တဲ့ Institute ဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အထောက်အကူပြုရေး၊ ယာဉ်ပြင်ဆင်မှုနည်းပညာများ အကူအညီပေးရေး၊ ကုန်းလမ်းပို့ဆောင်ရေးအနေနဲ့ တစ်ဘက်က ဈေးကွက်ချဲ့ထွင်ဆောင်ရွက်တဲ့ ကိစ္စရပ်တွေမှာ လိုအပ်တဲ့ကိစ္စရပ်တွေကို ကူညီပံ့ပိုးဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ ပထမခြေလှမ်းအနေနဲ့ သင်တန်းပို့ချပေးဖို့အတွက် နှစ်နိုင်ငံအစိုးရနှင့်အတူ မြန်မာနိုင်ငံက Primier Automotive Company Limited and China FAW Inport and Export Limited တို့ကနေ ပါဝင်ကူညီဆောင်ရွက်ခဲ့ပေးခဲ့တယ်" ဟု ပြောသည်။ ယင်းနောက် Changchun Automobile Industry Institute မှ Ms.Jiao Chuan Jun မှ အမှာစကားပြောကြားပါသည်။ ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ မန်နေးဂျင်းဒါရိုက်တာဦးခင်ထွန်း၊ Ms. Jiao Chuan Jun နှင့် တာဝန်ရှိသူများတို့မှ အမှတ်တရပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ကုန်းလမ်းပို့ဆောင်ရေးနှင့် China FAW Group Import & Export Co., Ltd, Changchun Automobile Industry Institute တို့သည် (၆.၈.၂၀၁၈)ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅)၊ နေပြည်တော်တွင် မြန်မာနိုင်ငံမော်တော်ယာဉ်ဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အထောက်အကူပြုရေး၊ ယာဉ်ပြင်ဆင်မှုနည်းပညာများ အကူအညီပေးရေး၊ ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့်လည်း တစ်ဖက်မှဈေးကွက်ချဲ့ထွင် ဆောင်ရွက်သည့်ကိစ္စများတွင် လိုအပ်သည့်ကိစ္စများ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး ရည်ရွယ်ချက်များဖြင့် နည်းလည်မှုစာချွန်လွှာများရေးထိုးခဲ့ကြပါသည်။ ကုန်းလမ်းပို့ဆောင်ရေးနှင့် China FAW Group Import & Export Co., Ltd, Changchun Automobile Industry Institute တို့ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအား ပထမအဆင့်အကောင်အထည်ဖော်သည့်အနေဖြင့် နည်းပညာလွှဲပြောင်းပေးအပ်ခြင်းအစီအစဉ် Short Term Training သင်ကြားပို့ချရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းမှ မြန်မာနိုင်ငံ၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကကျသော မော်တော်ယာဉ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်များကို စနစ်တကျ စစ်ဆေးခြင်းလုပ်ငန်းများအပေါ် စီမံခန့်ခွဲနိုင်မှု၊ မြို့ပြယာဉ်သွားလာမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကောင်းမွန်စွာစီမံခန့်ခွဲနိုင်မှု စသည့်စီမံခန့်ခွဲမှုဆိုင်ရာ နည်းဗျူဟာများရရှိပြီး မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ တိုးတက်လာစေရေးကို အထောက်အကူပြုသည့် အကျိုးရှိသည့်ပထမဆုံးသော သင်တန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတွင် Urban Traffic Management၊ Logistics Management နှင့် Automobile Maintenance Enterprise Management စသည့်ဘာသာရပ်များကို (၂၄.၉.၂၀၁၉) ရက်မှ (၂၆.၉.၂၀၁၉)ရက်အထိ (၃)ရက်တာဖွင့်လှစ်မည့်သင်တန်းသည် ပထမဦးဆုံးသော သင်တန်းဖြစ်ပြီး သင်တန်းသားအရာထမ်း (၂၂)ဦး တက်ရောက်ခဲ့ကြသည်။

Transcom

ပို့ဆောင်သတင်းဂျာနယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

မွန်ပြည်နယ် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ ရက် (၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပေးမည်



မွန်ပြည်နယ်အတွင်းရှိ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ စက်တင်ဘာလကုန်တွင် ရက် (၁၀၀)စီမံချက်ဖြင့် မှတ်ပုံတင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း မွန်ပြည်နယ်ကုန်း လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်သိဂီတိုးမှ ပြောသည်။

မွန်ပြည်နယ်ရှိ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များသတ်မှတ်စည်းကမ်းဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ပေးခြင်းဖြင့် ယာဉ်ပိုင်ရှင်များ ဒေသအတွင်းအသုံးပြုသွားလာနိုင်ရေး၊ ခရီးသွားလာမှုလုံခြုံချောမွေ့စေရေး၊ မော်တော်ဆိုင်ကယ်ဖြင့် ပြစ်မှုကျူးလွန်မှုများ၊ ယာဉ်မတော်တဆမှုများတွင် ယာဉ်ပိုင်ရှင်အား ဖော်ထုတ်နိုင်စေရေး၊ ပြည်နယ်အတွင်း လူမှုစီးပွားညွှန်ကိန်းများတွက်ချက်ရာတွင် မှန်ကန်မှုရှိစေရေးများအား အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ ပြုလုပ်ပေးမည့် စီမံချက်တွင် သုံးဘီးမော်တော်ဆိုင်ကယ်များ၊ လျှပ်စစ်သုံးဘီးမော်တော်ဆိုင်ကယ်များ၊ ထုတ်လုပ်သည့်ခုနှစ် (၂၀၀၀)အောက် မော်တော်ဆိုင်ကယ်များ၊ Road Safety မဖြစ်သည့် မော်တော်ဆိုင်ကယ်များ၊ ယာဉ်အမျိုးအမည်သတ်မှတ်၍မရသည့် မော်တော်ဆိုင်ကယ်များ၊ မှတ်ပုံတင်ထားပြီးသော မော်တော်ဆိုင်ကယ်များ၊ ပါဝါအိပ်ဇောတပ်ဆင်ထားသည့် မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်မပြုကြောင်းနှင့် မှတ်ပုံတင်ပြုလုပ်ရန်အတွက် မှတ်ပုံတင်ဆောင်ရွက်မည့် ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူ၊ နေရပ်လိပ်စာမှန်ကန်ရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ (သို့မဟုတ်) ကျေးရွာ/ရပ်ကွက်တွင် နေထိုင်ကြောင်းအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ မှတ်ပုံတင်ဆောင်ရွက်မည့်ယာဉ်ပိုင်ရှင်သည် အသက် (၁၈)နှစ်ပြည့်ပြီးသူ၊ နိုင်ငံသား (သို့) ဧည့်နိုင်ငံသား (သို့) နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်ဖြစ်ကြောင်းသိရသည်။

မွန်ပြည်နယ်မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ပေးရေး လုပ်ငန်းစီမံချက်ကို မွန်ပြည်နယ်အစိုးရအဖွဲ့ကဦးဆောင်၍ ဌာနပေါင်း (၁၃)ခုနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား သတ်မှတ်ချက်နှင့်အညီ တရားဝင်မှတ်ပုံတင်ပေးခြင်းဖြင့် မွန်ပြည်နယ်အတွင်း ပြည်သူများတရားဝင်မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်များ စီးနင်းသွားလာနိုင်ခြင်း၊ နိုင်ငံတော်နှင့် ပြည်နယ်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ ရရှိခြင်း၊ စည်းကမ်းဥပဒေနှင့် ညီညွတ်သော မှတ်ပုံတင်ထားသည့်ယာဉ်များ ဖြစ်ပေါ်လာခြင်းဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သော ယာဉ်ပိုင်ရှင်များပေါ်ထွက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

ဖွဲ့

MLC 2006, CBA, SEA ဆိုင်ရာ စာချုပ်စာတမ်းများကိစ္စ ဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်မှ MLC 2006, CBA, SEA ဆိုင်ရာ သင်္ဘောသားများနှင့် ပတ်သက်သည့် စာချုပ်စာတမ်းများကိစ္စဆွေးနွေးပွဲတစ်ရပ်ကို စက်တင်ဘာ (၂၉)ရက်၊ နေ့လည်ပိုင်းတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ အက္ကာဝါဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး (အငြိမ်းစား) ကပ္ပတိန် ဆရာကြီးဦးစိုးလွင်မှ “ကျွန်တော်တို့အဓိကတာဝန်ကတော့ ဖွဲ့စည်းပုံကြီးကို ပြန်လည်ပြင်ဆင်ဖို့ပါပဲ။ ပြင်မယ်ဆိုတာက ဖွဲ့စည်းပုံမကောင်းလို့မဟုတ်ပါဘူး။ ကောင်းတာတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့က ခုံ့လိုက်တယ် သပ်သပ်ရပ်ရပ်လေးဖြစ်သွားအောင် လုပ်လိုက်ကြတယ်။ ပြီးတော့ အမှုဆောင်အဖွဲ့ ၃၃ ကနေ ၁၅ ယောက်အထိ လျော့ချလိုက်ပြီးတော့ အဖွဲ့ထဲမှာ လုပ်ကိုင်ခွင့်တွေကို ကျွန်တော်တို့က သီးခြားပြန်လုပ်ပေးလိုက်တယ်ပေါ့။ တစ်ဦးတစ်ယောက်တည်းကို အာဏာတွေအများကြီးပေးထားတာတွေကို လျှော့ချလိုက်ပြီးတော့ အများစုပေါင်းလိုက်တယ်။ ကျွန်တော်တို့စုပေါင်းအားနဲ့ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကြတာပါ။ ကျွန်တော်တို့က ဒီအစဉ်အလာကြီးမားခဲ့တဲ့ အဖွဲ့အစည်းတစ်ခုပျက်စီးသွားမှာ စိုးရိမ်တဲ့အတွက် ဝိုင်းဝန်းပြီးတော့ လုပ်ကြတာကို အများကြီးကျေးဇူးတင်ပါတယ်” ဟု အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ MLC 2006, CBA, SEA ဆိုင်ရာများနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူး (အငြိမ်းစား)ကပ္ပတိန် ဆရာကြီး ဦးစိုးလွင်နှင့် ရေကြောင်းဝို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတိုးမြင့်တို့မှ လိုအပ်ချက်များအား ဖြည့်စွက်ရှင်းလင်းဖြေကြားခဲ့ပါသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် အတူ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

Transcom



Computer Repair and Maintenance Course သင်တန်းဖွင့်လှစ်



နေပြည်တော်ကောင်စီနယ်မြေရှိ ဌာနဆိုင်ရာရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ကွန်ပျူတာအခြေခံ၊ Windows Installation နှင့် ကွန်ပျူတာ Hardwre ပြုပြင်ထိန်းသိမ်းခြင်း စသည့်ကွန်ပျူတာစွမ်းဆောင်ရည်များ မြင့်မားစေရန်ရည်ရွယ်၍ e-Government လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး သင်တန်းကျောင်းနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သည့် Computer Repair and Maintenance Course သင်တန်းကို စက်တင်ဘာ (၃၀)ရက်က နေပြည်တော်၊ ရုံးအမှတ် (၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်း သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို နေပြည်တော်ကောင်စီနယ်မြေရှိ ဌာနဆိုင်ရာရုံး (၁၅)ခုတို့မှ သင်တန်းသား (၄၀)ဦးတို့ တက်ရောက်ကြောင်းသိရပါသည်။ သင်တန်းတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆပ်ကော်မတီအဖွဲ့ဝင်၊ သင်တန်းကျောင်းအုပ် ဒေါ်ခင်ဆွေဌေးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်အမှာစကားများပြောကြားခဲ့ပြီး ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် ဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

Computer Repair and Maintenance Course သင်တန်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ (၃၀)ရက်မှ အောက်တိုဘာ (၁၀)ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းကာလ စုစုပေါင်း (၉)ရက်ဖြစ်ကြောင်း သိရှိရသည်။

သန္တာ ITCS-သင်တန်းကျောင်း

အထွေထွေစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု (အရာရှိ)သင်တန်း၊ စက်ခေါင်းမောင်း (တွဲရွှေ့)နှင့် စက်ခေါင်းမောင်း လ/ထ ၂ သင်တန်းများ၏ သင်တန်းဆင်းပွဲကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ အောင်ဆန်းခန်းမတွင် စက်တင်ဘာ (၂၇)ရက်က အထွေထွေစီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှု (အရာရှိ)သင်တန်းကျောင်းအမှတ်စဉ် (၂၉/၂၀၁၉)နှင့် စက်ခေါင်းမောင်း (တွဲရွှေ့)သင်တန်းအမှတ်စဉ် (၂၇/၂၀၁၉)နှင့် စက်ခေါင်းမောင်း လ/ထ ၂ သင်တန်းအမှတ်စဉ် (၂၇/၂၀၁၉)တို့၏ သင်တန်းဆင်းပွဲများကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းဆင်း သင်တန်းသား/ သင်တန်းသူများကို ညွှန်ကြားရေးမှူးချုပ် (သ.လ.ရ) နှင့် ဒုတိယညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ပထမ၊ ဒုတိယ၊ တတိယဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် သင်တန်းဆင်း ကျောင်းသား/ကျောင်းသူများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ သင်တန်းဆင်းအခမ်းအနားအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

သီတင်းကျွတ်အိမ်ရာအရောင်းပြပွဲနှင့် အပျော်စီးရွက်လှေဆိပ် တည်ဆောက်မည့်အစီအစဉ် မိတ်ဆက်



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းပေါ်ရှိ အဆင့်မြင့်ကွန်ဒိုမီနီယံ စီမံကိန်းတစ်ခုဖြစ်သော Emerald Bay တွင် သီတင်းကျွတ်အိမ်ရာအရောင်းပြပွဲနှင့် အပျော်စီးရွက်လှေဆိပ်တည်ဆောက်မည့် အစီအစဉ်မိတ်ဆက်ပွဲကို စက်တင်ဘာ (၃၀)ရက်က အဆိုပါစီမံကိန်းအရောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

Emerald Bay စီမံကိန်း၌ အိမ်ရာ၏အပန်းဖြေရေပြင်နှင့် စပ်လျက် ရှိသည့် ပဲခူးမြစ်ကမ်းပါးပေါ်တွင် ဆိပ်ခံတံတားဖြင့် အပျော်စီးရွက်လှေဆိပ် ဆောက်လုပ်မည်ဖြစ်ပြီး Emerald Bay ၌ နေထိုင်ကြသူများအတွက် လှေစီးအသင်းများထူထောင်ကာ အားလပ်ချိန်များတွင် မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေများနှင့်ဖြစ်စေ ပင်လယ်ပြင်သို့ အပျော်တမ်းငါးမျှားထွက်ခြင်း၊ အပန်းဖြေပျော်ရွှင်ဖွယ် လှေပေါ်ပါတီပွဲများကျင်းပနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အရောင်းပြပွဲသို့ လာရောက်ဝယ်ယူကြသူများအတွက် အိမ်ရာဝန်ဆောင်မှုအခမဲ့ (၂)နှစ်၊ ဝယ်ယူသည့်အခန်း အမျိုးအစားအလိုက် ဒေါ်လာ (၁,၅၀၀)မှ (၃,၀၀၀) (သို့) စင်ကာပူနှင့် ထိုင်းနိုင်ငံဘန်ကောက်သို့ စရိတ်ငြိမ်းခရီးစဉ်များ စသည့်မေတ္တာလက်ဆောင်များ ပေးအပ်မည်ဖြစ်သည်။

ယင်းအိမ်ရာစီမံကိန်းသည် နိုင်ငံတကာအဆင့်မီ ပထမတန်းစားဆောက်လုပ်ရေးလုပ်ငန်းများမှ လုပ်ကိုင်လျက် ရှိသော အိမ်ရာစီမံကိန်းဖြစ်ပြီး အဆင့်မြင့်ဈေးဝယ်စင်တာနှင့် ဆိုင်ခန်းများ (စုစုပေါင်း စတုရန်းပေသုံးသိန်းခွဲခန့်) နှင့်အတူ အဆင့်မြင့်ရေကူးကန်နှစ်ကန်လည်း ပါဝင်မည်ဖြစ်ကာ အဆိုပါစီမံကိန်းသည် ဆောက်လုပ်ရေးခွင့်ပြုမိန့်များ အပြည့်အစုံရရှိထားပြီးဖြစ်ကြောင်း သိရသည်။

B.P.O

Vietjet လေကြောင်းလိုင်းသည် ကမ္ဘာ့ပထမဆုံး ထိုင်ခုံ ၂၄၀ ဆန့်သော A321neo ACF လေယာဉ်သစ်ဖြင့် ခရီးစတင်ပျံသန်း



ခေတ်မီလေကြောင်းလိုင်းတစ်ခုဖြစ်သော Vietjet သည် ကမ္ဘာ့ပထမဆုံး ထိုင်ခုံ (၂၄၀) ဆန့်သည့် Airbus A321neo ACF (Airbus Cabin Flx) ကို ၎င်းတို့၏ ခေတ်မီသစ်လွင်သော လေယာဉ်အုပ်စုအတွင်းသို့ ဖြည့်သွင်းလိုက်ပြီဖြစ်သည်။

အဆိုပါ A321neo ACF လေယာဉ်သည် ခေတ်မီဆန်းသစ်သောလေယာဉ်အတွင်းဖွဲ့စည်းမှု၊ သက်တောင့်သက်သာရှိ၍ အဆင့်မီသော ထိုင်ခုံများဖြင့် တည်ဆောက်ထားပြီး စီးနင်းသူဧည့်သည်များအတွက် အကောင်းဆုံးအတွေ့အကြုံများကို ပေးနိုင်မည်ဖြစ်သည်။

A321neo ACF လေယာဉ်သည် ဆီစားနှုန်းကို အနိမ့်ဆုံး ၁၆% ထိ လျော့ချပေးနိုင်ပြီး ဆူညံမှုနှုန်းကို အများဆုံး ၇၅% နှင့် တုန်ခါမှုနှုန်းကို အများဆုံး ၅၀% လျော့ချပေးနိုင်သည်။ Vietjet လေကြောင်းလိုင်း၏ လက်ရှိတွင်ပျံသန်းမှုသက်တမ်း (၂.၇) နှစ်သာရှိသေးသော ကမ္ဘာ့အသစ်လွင်ဆုံးနှင့် ခေတ်အမီဆုံးလေယာဉ်ကို လုပ်ငန်းလည်ပတ်မှု စရိတ်အသင့်တင့်ဆုံးနှင့် ပိုင်ဆိုင်ထားသဖြင့် စီးနင်းသူဧည့်သည်များအတွက် ပိုမိုသက်သာသော လေကြောင်းခရီးသွားအတွေ့အကြုံများကို ပေးနိုင်မည်ဖြစ်သည်။

လေယာဉ်များထုတ်လုပ်မှုတွင် ထိပ်တန်းဖြစ်သည့် Airbus ကုမ္ပဏီ၏အဆိုအရ A321neo ACF သည် Airbus ကုမ္ပဏီအတွက် A321LR ကဲ့သို့ ကိုယ်ထည်သေးသွယ်ပြီး ခရီးဝေးသွားသည့်လေယာဉ်များ ထုတ်လုပ်ရန်အတွက် အခြေခံလည်းဖြစ်သည်။

ပြည်တွင်းနှင့်ပြည်ပ ခရီးစဉ်ပေါင်း (၁၂၉) ခုပျံသန်းနေသည့် Viet-jet သည် လက်ရှိတွင် ကမ္ဘာ့ထိပ်တန်း နည်းပညာဆိုင်ရာ ယုံကြည်စိတ်ချရမှု ၉၉.၆၄% ရှိသည့် လေယာဉ်ဖြင့် ပြေးဆွဲပျံသန်းနိုင်ပြီဖြစ်သည်။ Tan Son Nhat လေဆိပ်သို့ စက်တင်ဘာလ (၂၆) ရက်နံနက်တွင်ရောက်ရှိလာသည့် A321neo ACF ကို Vietjet ၏ ခရီးလတ်ခရီးစဉ်များအတွက် ချက်ချင်းစတင်အသုံးပြုပျံသန်းပေးခြင်းဖြစ်သည်။

Vietjet လေကြောင်းလိုင်းသည် မြန်မာခရီးသွားဧည့်သည်များ ဈေးနှုန်းသင့်တင့်မျှတသော လက်မှတ်များဖြင့် ဗီယက်နမ်မြို့တော်ဟန္နိုင်းမှတစ်ဆင့် ဗီယက်နမ်၏ အခြားစည်ကားသောမြို့များ၊ လှပသောရှုခင်းများ၊ ရိုးရာယဉ်ကျေးမှုများနှင့် အရသာကြွယ်ဝအစားအစာများ တည်ရှိသည့်နေရာများသို့ ပျော်ရွှင်စရာကောင်းသော အပန်းဖြေခရီးထွက်နိုင်ရန်အတွက် လက်ရှိတွင် ရန်ကုန်-ဟန္နိုင်း အသွားအပြန်ခရီးစဉ်ကို တစ်ပါတ်လျှင် (၅) ရက် ပြေးဆွဲပေးလျက်ရှိပါသည်။ လက်ရှိတွင် Vietjet လေကြောင်းလိုင်းသည် ဗီယက်နမ်နိုင်ငံတွင်းအပါအဝင် ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တရုတ်ပြည်မကြီး၊ ထိုင်း၊ မြန်မာ၊ မလေးရှား နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ နေ့စဉ်လေယာဉ်အစီးရေ (၄၀၀) ခန့်ဖြင့် လမ်းကြောင်း (၁၂၉) ကြောင်း၊ နှင့်အတူ ယနေ့အထိ ခရီးသည်ပေါင်း (၈၀) သန်းကို ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ES

မြန်မာ့ရှေ့ဆောင်ဘဏ် အကြွေးဝယ်ကတ် အကျိုးခံစားခွင့် မိတ်ဆက်

မြန်မာ့ရှေ့ဆောင်ဘဏ် (MAB) မှ အကြွေးဝယ်ကတ်အကျိုးခံစားခွင့် အစီအစဉ်မိတ်ဆက်ပွဲကို အောက်တိုဘာ (၂)ရက်က ရန်ကုန်မြို့ရှိ Sule Shangrila Hotel ၌ ပြုလုပ်ခဲ့သည်။

MAB ၏ Principal နှင့် Supplementary အကြွေးဝယ်ကတ်အသုံးပြုသူများအားလုံးအကျိုးဝင်ပြီး သီးသန့်အထူးအကျိုးခံစားခွင့်များ၊ အသုံးပြုသည့်ပမာဏအလိုက်ရရှိနိုင်မည့် အကျိုးခံစားခွင့်များ၊ MAB အကြွေးဝယ်ကတ်စွဲစွဲမြဲမြဲအသုံးပြုသူများအတွက် ရမှတ်အစီအစဉ်များကို အောက်တိုဘာလကုန်မှ စတင်ဖြစ်သည်။

MAB ၏ Chief Business Officer ဦးကျော်နီခင်က "ကျွန်တော်တို့ရဲ့ အကြွေးဝယ်ကတ်အသုံးပြုသူတွေကို ပရီမီယံအတွေ့အကြုံတွေနဲ့ ခံစားခွင့်တွေကို ပေးအပ်လျက်ရှိပါတယ်။ MAB ရမှတ်အစီအစဉ်ကတော့ အဲဒီဝန်ဆောင်မှုအရည်အသွေးကို ထင်ဟပ်စေမှာဖြစ်သလို အသုံးပြုသူတွေရဲ့နေ့စဉ်ဘဝကို ထင်ဟပ်အကျိုးပြုစေနိုင်မယ့် အသွင်အပြင်တွေ၊ လုပ်ဆောင်မှုတွေနဲ့ အကျိုးခံစားခွင့်တွေကိုပေးအပ်မှာဖြစ်ပြီး ဒါဟာလည်း MAB ရဲ့အကြွေးဝယ်ကတ်သုံးစွဲသူတွေကို ကျေးဇူးတုံ့ပြန်တဲ့သဘောဖြစ်ပါတယ်" ဟု ပြောသည်။

အသုံးပြုသူများသည် MAB ၏ မည်သည့်အကြွေးဝယ်ကတ်ကိုမဆို အသုံးပြုခြင်းဖြင့် ရမှတ်များကိုစုဆောင်းနိုင်မည်ဖြစ်ပြီး Principal နှင့် Supplementary ကတ်နှစ်မျိုးစလုံး ရမှတ်များကိုစုဆောင်းနိုင်ပြီး ရမှတ်များအား ငွေသားပြန်လည်ထုတ်ယူခြင်း၊ အီလက်ထရွန်နစ်ဘောက်ချာနှင့် အခြားချက်ခြင်းသုံးစွဲနိုင်သော အကျိုးခံစားခွင့်များ လဲလှယ်နိုင်မည်ဖြစ်သည်။

MAB အကြွေးဝယ်ကတ်ဖြင့် ငွေကျပ် ၅၀၀ အသုံးပြုမှုတိုင်းအတွက် MAB ရမှတ် တစ်မှတ်ရရှိမည်ဖြစ်ကြောင်း၊ အဆိုပါရမှတ်များကို လက်ရှိမိတ်ဖက်ကုန်သည်ပေါင်း (၂၀)ကျော်ထံမှ ထုတ်ယူအကျိုးခံစားနိုင်ပြီးနောက် ပိုင်းတွင် မိတ်ဖက်ကုန်သည်များထပ်မံတိုးချဲ့ထားမည်ဖြစ်ကာ အပန်းဖြေခြင်း၊ ကျန်းမာရေး၊ လက်လီ၊ အစားအသောက်နှင့် ခရီးသွားခြင်းတို့ပါ ပြုလုပ်နိုင်ကြောင်း သိရသည်။

B.P.O

ပေလီကမ်းခြေဒေသတွင် "ပေလီကမ်းခြေဆောင်းဦး ပွဲတော်"ကို အောက်တိုဘာ ၂၀ရက်တွင်ကျင်းပမည်




ပေလီကမ်းခြေ ဆောင်းဦးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ (၂၉) ရက်က နေပြည်တော်တွင်ကျင်းပခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။


ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိသည့် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၃/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပေလီကမ်းခြေတွင် ပြုလုပ်မည့် ဆောင်းဦးပွဲတော်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတို့ကို သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ ဖြစ်ကြသည့် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားဥုန (စစ်တွေရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးရဲအောင်မိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပေလီကမ်းခြေဒေသတွင် အောက်တိုဘာလ (၂၀) ရက်၌ ကျင်းပပြုလုပ်မည့် "ပေလီကမ်းခြေဆောင်းဦးပွဲတော်" အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ပြုလုပ်ရာ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းမှ ပွဲတော်အခမ်းအနားကျင်းပရေးအတွက် ပြင်ဆင်ထားရှိသည့် အစီအစဉ်များကိုရှင်းလင်းပြောကြားပြီး ဦးစီးကော်မတီအတွင်းရေးမှူး သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်က ကြိုတင်ဖွဲ့စည်းထားရှိပြီးဖြစ်သည့် လုပ်ငန်းကော်မတီအဖွဲ့များနှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများနှင့် အစည်းအဝေးသို့တက်ရောက် လာကြသူများက ပေလီကမ်းခြေဆောင်းဦးပွဲတော် အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။


ES







မြန်မာနိုင်ငံပိုင် MyanmarSat-2 ဂြိုဟ်တုချန်နယ်များ သုံးစွဲနိုင်တော့မည်



MyanmarSat-2 ဂြိုဟ်တုသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်၍ စမ်းသပ်မှုများဆောင်ရွက်လျက်ရှိပါသည်။ MyanmarSat-2 တွင် C-Band ထရန်စပွန်ဒါ (၆)ခု 432 MHz နှင့် Ku-Band ထရန်စပွန်ဒါ (၆)ခု 432 MHz. စုစုပေါင်း 864 MHz ကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ထရန်စပွန်ဒါများကို Monitoring & Control ပြုလုပ်ရန် စက်ပစ္စည်းများကိုလည်း သန်လျင်ဂြိုဟ်တုစခန်းတွင် Intelsat မှ ကျွမ်းကျင်ပညာရှင်များ လာရောက်စမ်းသပ်တပ်ဆင်ပြီးဖြစ်သည်။

အဆိုပါသန်လျင်စခန်းရှိ Monitoring & Control စက်များကိုလည်း Intelsat ၏ NOC နှင့်လည်း Public IP ဖြင့် ချိတ်ဆက်စမ်းသပ်ပြီးဖြစ်သည်။ သန်လျင်စခန်း၏ ဆင်ထားခြင်းဖြင့် စက်များဖမ်းယူရရှိသည့် Level များကိုလည်း အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့နိုင်ပါသည်။

သန်လျင်စခန်းမှ တာဝန်ကျအင်ဂျင်နီယာများကလည်း ထရန်စပွန်ဒါများကို ထိန်းညှိ စောင့်ကြည့်နိုင်မည်ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ Application အမျိုးမျိုးအသုံးပြုနိုင်ရန်လည်း Satellite Hub System များကို တပ်ဆင်ထားခြင်းဖြင့် ဂြိုဟ်တုချန်နယ်များကို နည်းလမ်းမျိုးစုံဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

MyanmarSat-1 အသုံးပြုနေသော Operator နှင့် အသုံးပြုသူများကို MyanmarSat-2 သို့ အောက်တိုဘာလ နှင့် နိုဝင်ဘာလတို့တွင် ပြောင်းရွှေ့ကြရပေမည်။ ထိုသို့ ပြောင်းရွှေ့အသုံးပြုခြင်းဖြင့် နောက်ဆုံးပေါ် နည်းပညာများ ဆောင်မှုများကို သိရှိရတော့မည်ဖြစ်သည်။


MyanmarSat-2 ၏ ဂြိုဟ်တုလိုင်းများသည်လည်း မြန်မာနိုင်ငံ ရေပိုင်နက်အတွင်းသို့ကျရောက်သဖြင့် ပင်လယ်ရေကြောင်းဆက်သွယ်ရေးစနစ်ကိုလည်း ကောင်းစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

Media ကဏ္ဍတွင်လည်း DTH များကို Quality ကောင်းကောင်းဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်သည်။ လည်း e-Education နှင့် e-Health လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါတွင်လည်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မှုရရှိစေနိုင်ရန်အတွက် ပြည်ပနိုင်ငံများတွင် Intelsat က အသုံးပြုခဲ့သည့် Intelsat Kiosk ရုံးလေးများဖြင့် ဆောင်ရွက်ခဲ့ပုံများကို လေ့လာတင်ပြအပ်ပါသည်။

စက်ပစ္စည်းများအဆင့်ဆင့်ကိုလည်း Sensor များ တပ် ဖြင့် တည်ဆောက်ထားသော MyanmarSat-2 ၏ စွမ်း ဆက်သွယ်ရေးကောင်းစွာမရရှိသော နေရာများတွင် ဝင်းအောင် (အင်ဂျင်နီယာချုပ်)

ooredoo
၁ စက္ကန့်ပြော ၁ စက္ကန့်ပေး
အကောင်းဆုံး ဖုန်းခေါ်ဆိုမှု အစီအစဉ်များ
*150#


အရင်းခြင်း
၅၄ကျပ် ၁၀၀မိနစ် ၁၅ရက်
၉၉ကျပ် ၁၉၀မိနစ် ၃၀ရက်
၁,၉၉၉ကျပ် ၃၈၀မိနစ် ၃၀ရက်
ပြည်တွင်းဖုန်းနံပါတ်အားလုံး
၅၄ကျပ် ၅၀မိနစ် ၁၅ရက်
၉၉ကျပ် ၉၅မိနစ် ၃၀ရက်
၁,၉၉၉ကျပ် ၁၉၀မိနစ် ၃၀ရက်
စက္ကန့် ၂၀ တစ်ကြိမ်ကောက်ခံသည့် သုံးသလောက်ပေးစနစ်ထက် ၅၀% ပိုမိုသက်သာစေသည်



FIR and ADIZ

ဦးကာတွန်း

ICAO

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းဖွံ့ဖြိုးရေး (International Civil Aviation) မှ ဦးစီးကာ ၁၉၄၄ ခုနှစ်တွင် Chicago Convention အစည်းအဝေးကြီး ကျင်းပပြုလုပ်ပြီး အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့အစည်း (ICAO-International Civil Aviation Organization) အား စတင်တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ တရားဝင်ဖွဲ့စည်းခြင်းအား ၁၉၄၇ ခုနှစ်တွင် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် အခြေစိုက်၍ လုပ်ငန်းစဉ်များအား စတင်လုပ်ဆောင်ခဲ့ကြသည်။ ICAO သည် ကုလသမဂ္ဂ၏ အထူးအေဂျင်စီအဖွဲ့ဖြစ်ပြီး လေကြောင်းလောကလုံခြုံစိတ်ချစွာ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်လာခဲ့ကြသည်။ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၀)ကျော်ရှိပါသည်။
https://www.icao.int/about-icao/Pages/default.aspx

လေကြောင်းဆိုင်ရာ သတင်းအချက်အလက် (ကွပ်ကဲထိန်းချုပ်ရေး)နယ်မြေ (FIR-Flight Information Region)

ICAO ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း သက်ဆိုင်ရာနိုင်ငံအတွင်း လေကြောင်းဆိုင်ရာ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးခြင်း (Flight Information Service)၊ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်း (Air Traffic Service) နှင့် သတိပေးချက်များထုတ်ပြန်သည့် ဝန်ဆောင်မှုပေးခြင်း (Alerting Service) ဆိုင်ရာ လုပ်ဆောင်ချက်များအား သက်ဆိုင်ရာလေကြောင်းပျံသန်းမှုဆိုင်ရာ ထိန်းသိမ်းရေးဗဟိုဌာန (ACC-Area Control Center) မှ လုပ်ဆောင်ပေးပြီး ACC ရှိသည့် မြို့ကိုအစွဲပြုကာ ၎င်း ACC ထိန်းချုပ်ဆောင်ရွက်ပေးနိုင်သည့် ဧရိယာတွင် FIR နာမည်အား သတ်မှတ်ကြပါသည်။ (ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် ACC ရှိသည့်မြို့ကိုအစွဲပြု၍ Yangon FIR ဟု သတ်မှတ်ပြီး Myanmar FIR ဟု သုံးနှုန်းခြင်းမပြုလုပ်ကြပါ)။ အချို့သောနိုင်ငံများသည် နိုင်ငံနယ်နိမိတ်ဧရိယာကျယ်ဝန်းသည့်အတွက် ACC ၂ ခု၊ ၃ ခုစသည်ဖြင့် ဖွဲ့စည်းထားရှိပြီး နိုင်ငံတစ်နိုင်ငံအတွင်းမှာပင် FIR များစွာရှိနိုင်ပါသည်။ (ဥပမာ အိန္ဒိယနိုင်ငံတွင် FIR ၄ ခုနှင့် တရုတ်နိုင်ငံတွင် FIR ၁၁ ခု ခွဲခြားသတ်မှတ်ထားပါသည်)။
https://www.wikipedia.org/wiki/Flight-Information-Region

နိုင်ငံအလိုက် FIR များ သတ်မှတ်ထားရှိကြသော်လည်း အဆိုပါ FIR များသည် သက်ဆိုင်ရာနိုင်ငံပိုင်ဆိုင်သည့် ဝေဟင်ပိုင်နက် အချုပ်အခြာပိုင်နယ်မြေဟု သတ်မှတ်ခြင်းမဟုတ်ဘဲ အထက်တွင်ဖော်ပြထားသည့် Service ၃ မျိုး လုပ်ဆောင်ပေးနိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်နိုင်စေရန်သာ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ICAO အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးထားသော နိုင်ငံများသည် အဖွဲ့ချုပ်၏လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံ၏ Service ပေးနိုင်သည့် Facilities များအပေါ်တွင် မူတည်၍ တာဝန်ယူဆောင်ရွက်နိုင်သည့်နယ်မြေများအား FIR အဖြစ် ခွဲဝေသတ်မှတ်ကြခြင်းဖြစ်သည်။ နိုင်ငံ၏ တည်နေရာအကျယ်အဝန်းများပေါ်တွင် မူတည်၍ သတ်မှတ်ကြခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံ၏ စွမ်းဆောင်နိုင်မှု၊ တာဝန်ယူနိုင်မှုများပေါ်တွင်မူတည်၍ ဧရိယာသတ်မှတ်ကြခြင်းဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် နိုင်ငံနယ်နိမိတ်အလွန်သေးငယ်သော်လည်း Service ပေးနိုင်သည့် Facilities များအရ တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် FIR သည် အလွန်ပင်ကျယ်ဝန်းလှပါသည်။ ၎င်းနိုင်ငံအတွင်းသို့ ဆင်းသက်ရပ်နားမည့် လေယာဉ်များအတွက်သာ Charge များကောက်ခံပြီး FIR အတွင်း ဖြတ်ကျော်ပျံသန်း (Over Fly) လေယာဉ်များအား Service ၃ မျိုး ကောင်းမွန်စွာထောက်ပံ့ပေးပြီး Charge များကောက်ခံခြင်းလုံးဝမရှိချေ။

လေကြောင်းရန်ကာကွယ်ရေး ခွဲခြားဝိစစ်ရေးဇုံ (ADIZ-Air Defense Identification Zone)

ADIZ အား သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံတော်လုံခြုံရေးကိစ္စရပ်များပေါ်မူတည်၍ သတ်မှတ်ထားရှိကြပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတ်မှတ်သည့်ပုံစံ၊ နည်းစနစ်၊ နည်းလမ်းများ တူညီနိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ဤဇုံအတွင်း ဝင်ရောက်လာသည့် လေကြောင်းပျံသန်းမှုများအား တတ်နိုင်သမျှစောလျင်စွာ လေကြောင်းရန်ကာကွယ်ရေး ခွဲခြားစိစစ်မှု ပြုလုပ်နိုင်ရန်ရည်မှန်း၍ သတ်မှတ်ရေးဆွဲထားပါသည်။ မြန်မာနိုင်ငံ၏ လေကြောင်းနယ်မြေ (Air Space) ဖြစ်သည့် YGN FIR အတွင်းတွင် ဖွဲ့စည်းတည်ဆောက်ရေးဆွဲထားပါသည်။ တည်နေရာသတ်မှတ်ချက် အသေးစိတ်အချက်အလက်များအား မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနလက်အောက်ရှိ လေကြောင်းဆိုင်ရာ သတင်းအချက်အလက်ထုတ်ပြန်သည့် ဌာန (AIS-Aeronautical Information Service) မှ ထုတ်ပြန်ထားသော လေကြောင်းဆိုင်ရာ သတင်းအချက်အလက်ထုတ်ပြန်ချက်စာအုပ် (AIP-Aeronautical Information Publication) တွင် ထည့်သွင်းကြေညာထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းတွင် နယ်စပ်မျဉ်းတစ်လျှောက်သတ်မှတ်ထားပြီး ပင်လယ်ပြင်ထဲတွင် သက်ဆိုင်ရာတည်နေရာ (Lat, Long) များအရ ရေးဆွဲသတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတောင်ဘက်တွင် 1000N 09830E (မြောက်လတ္တီကျွန် ၁၀ ဒီဂရီ ဝဝ မိနစ်၊ အရှေ့လောင်ဂျီကျွန် ၉၈ ဒီဂရီ ၃၀ မိနစ်) မှ စတင်၍ မျဉ်းဖြောင့်အတိုင်း 1000N 09600E အထိ၊ ထို့နောက် 1400N မျဉ်းဖြောင့်အတိုင်း 1400N 09222E အထိ၊ ထို့နောက် 09222E မျဉ်းဖြောင့်အတိုင်း 2041N 09 222E အထိ၊ ထို့နောက်မြန်မာနိုင်ငံကုန်းတွင်းပိုင်းပိုင်နက်နယ်မြေအတိုင်းဆက်လက်ရေးဆွဲပြီး စမှတ်ဖြစ်သော မြန်မာနိုင်ငံတောင်ဘက် 1000N 09830E တွင် အဆုံးသတ်၍ ရေးဆွဲထားပါသည်။
https://www.ais.gov.mm/eAIP/2018-08-30/html/index-en-GB.html

မည်သည့်လေယာဉ်မဆို ADIZ အတွင်းသို့ ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းများအတွက် လေကြောင်းရန်ကာကွယ်ရေးဆိုင်ရာ စစ်ဆေးအတည်ပြုချက် လိုအပ်ပါသည်။ ထိုကဲ့သို့ စစ်ဆေးအတည်ပြုချက် ရရှိစေရန်အတွက် လေယာဉ်တစ်စီးပျံသန်းမည့်အစီအစဉ် (Flight Plan) ကို လေယာဉ်မပျံသန်းမီ မိနစ် ၃၀ ကြိုတင်၍ ဖြတ်ကျော်ပျံသန်းမည့်နိုင်ငံ၏ လေကြောင်းထိန်းဌာန (ATCC-Air Traffic Control Center) အားတင်ပြရမည်ဖြစ်ပြီး FIR အတွင်း ဝင်ရောက်သည်နှင့် အရေးပေါ်အခြေအနေမှတစ်ပါး ပြောင်းလဲပျံသန်းခြင်းအားခွင့်မပြုပေ။ ပြည်တွင်းပျံသန်းသော လေယာဉ်များအပါအဝင် ပြည်ပဆိုက်ရောက်/ထွက်ခွာ လေယာဉ်များနှင့် ပြည်ပဖြတ်ကျော်ပျံသန်းသည့် လေယာဉ်များအားလုံးသည် ACC မှတစ်ဆင့်လေကြောင်းရန်ကာကွယ်ရေး သတင်းပေးဌာန (ADNC-Air Defense Notification Center) ၏ လေကြောင်းရန်ကာကွယ်ရေး ခွင့်ပြုနံပါတ် (ADC-Air Defense Clearance) ရယူရမည်ဖြစ်ပါသည်။

လေကြောင်းပျံသန်းမှုအစီအစဉ် (Flight Plan)

ပုံမှန်ပျံသန်းနေသော လေကြောင်းခရီးစဉ် (Schedule Flight) များအတွက် Flight Plan အား မပျံသန်းမီကြိုတင်၍ DCA သို့ပေးပို့တင်ပြတောင်းခံနိုင်သည်။ အချို့သောလေကြောင်းလိုင်းများသည် Summer Schedule၊ Winter Schedule စသည်ဖြင့် လပေါင်းများစွာအတွက် နေ့စဉ်ပျံသန်းမည့်ခရီးစဉ်အား Flight Plan တင်ထားကြပြီး အချို့လေကြောင်းလိုင်းများသည် တစ်လစာကြိုတင်ထားကြပါသည်။ ပုံမှန်ပျံသန်းနေကျမဟုတ်သော လေကြောင်းခရီးစဉ် (Non Schedule Flight) များနှင့် အရေးကြီးခရီးစဉ်များအတွက်ပျံသန်းမည့် အသေးစိတ်အချက်အလက်များနှင့်တကွ စတင်မပျံသန်းမီ မိနစ် ၃၀ နောက်ဆုံးထား၍ DCA သို့ပေးပို့တင်ပြတောင်းခံနိုင်သည်။ အကယ်၍ ပျံသန်းနေစဉ်အတွင်း Flight Plan တင်ပြပါက သက်ဆိုင်ရာလေကြောင်းထိန်းဌာန (သို့မဟုတ်) လေကြောင်းရန်ကာကွယ်ရေးမှ လက်ခံနိုင်ပါက သတ်မှတ်နေရာသို့မရောက်မီ ၁၀ မိနစ်ကြိုတင်၍ ပေးပို့တင်ပြတောင်းခံနိုင်သည်။ (ENR 1.10 Flight Planning)

လေယာဉ်ပျံသန်းမှုခွင့်ပြုလက်ခံခြင်း

မြန်မာနိုင်ငံ၏ YGN FIR နှင့် ကပ်လျက်ရှိသော အိမ်နီးချင်း FIR များအချင်းချင်း အပြန်အလှန် လေကြောင်းခရီးစဉ်များ လွှဲပြောင်းလက်ခံရယူထိန်းကြောင်းပေးရသည်။ FIR တစ်ခုမှ တစ်ခုသို့ လေကြောင်းခရီးစဉ်များ လွှဲပြောင်းပေးရာတွင် FIR အား Control လုပ်သည့် ACC များမှ Radio Frequency တွင် အလုပ်လုပ်ဆောင်၍ လေကြောင်းခရီးစဉ်အချက်အလက်များ ပေးပို့လွှဲပြောင်းပေးပါသည်။ လေယာဉ်အား သတ်မှတ်ထားသည့် အခေါ်အဝေါ် (Call Sign)၊ လက်ရှိပျံသန်းနေသောအမြင့် (Flight Level)၊ လက်ရှိပျံသန်းနေသော အလျင်နှုန်း (Speed)၊ ဦးတည်ရာအရပ် (Heading)၊ SSR Transponder ကုဒ်နံပါတ် (Squwak)၊ ပျံသန်းသည့်လမ်းကြောင်း (Route)၊ သတင်းပို့ရမည့် သတင်းပို့အမှတ် (Reporting Point) စသည့်အချက်အလက်များအား အသေးစိတ်ဖော်ပြ လွှဲပြောင်းပေးရသည်။

အနိမ့်ဆုံးပျံသန်းနိုင်သည့်အမြင့်နှင့် လမ်းကြောင်းမှ သွေဖယ်နိုင်သောအကွာအဝေး

AIP ၏ ENR အခန်း 3.1 တွင် ပျံသန်းရမည့် သတ်မှတ်လမ်းကြောင်း (ATS route) များအလိုက် အနိမ့်ဆုံးပျံသန်းနိုင်သည့်အမြင့်ကို ဖော်ပြထားပါသည်။ အဆိုပါအမြင့်ဖော်ပြချက်များအရ သတ်မှတ်လမ်းကြောင်း၏ ဘယ်/ညာ တစ်ဘက်တစ်ချက် 10 NM (Ten Nautical Mile) အတွင်းတွင် မြေပြင်ရှိ အမြင့်ဆုံးအတားအဆီးရှိနေသည့်နေရာမှ (၃၀၀) မီတာ (၁၀၀၀ပေ)ထိ ပျံသန်းနိုင်ပါသည်။ Area Navigation (RNAV) နှင့် Requierd Navigation Performance (RNP) အညွှန်းကိန်းများအရ နိုင်ငံများ၏လေကြောင်းနယ်မြေ (Air Space) နှင့်ပျံသန်းရန် သတ်မှတ်ထားသောလမ်းကြောင်းများ (ATS routes and RNAV routes) များသည် လုပ်ဆောင်နိုင်မှုကွဲပြားခြားနားကြပါသည်။ (ဥပမာ RNAV1, RNAV2 နှင့် RNP10 စသဖြင့် တိကျနိုင်မှုနှင့် လွဲမှားနိုင်မှုများပေါ်တွင်မူတည်၍ ပျံသန်းရမည့်လမ်းကြောင်း၏ ဘယ်/ညာ ၁ မိုင် (သို့မဟုတ်) ၂ မိုင် (သို့မဟုတ်) ၁၀ မိုင် စသဖြင့် သွေဖည်ပျံသန်းနိုင်ခွင့်ရှိသည်)။ အကြမ်းဖျဉ်းနိုင်းယှဉ်ဖော်ပြချက်များအရ ဥရောပတိုက်ဒေသအတွင်းတွင် B-RNAV (Basic Area Navigation) ဖြစ်သည့် +/- 5NM သတ်မှတ်ထားပြီး အဆိုပါဒေသ၏ သက်ဆိုင်ရာလေယာဉ်ကွင်း ဆင်း/တက်/ချဉ်းကပ်မည့်နေရာများတွင် P-RNAV (Precision Area Navigation) ဖြစ်သည့် +/- 1NM သတ်မှတ်ထားသည်။ U.S. တွင် RNAV1 သတ်မှတ်ပြီး +/- 1NM ပျံသန်းနိုင်သည်။ အာရှ၊ ပစိဖိတ်ဒေသတွင် ကုန်းတွင်းဧရိယာဖြစ်သည့် နိုင်ငံများပေါ်တွင်ပျံသန်းပါက RNP 4 ဖြစ်သည့် +/- 4NM ပျံသန်းနိုင်ပြီး ပင်လယ်သမုဒ္ဒရာများအတွင်းတွင် RNP10 ဖြစ်သည့် +/- 10 NM သွေဖည်ပျံသန်းနိုင်ပါသည်။
(www.code7700.com/airspace-rnav-vs-rnp.htm#comparisons)

တားမြစ်နယ်မြေများ

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေအတွင်း လေကြောင်းပျံသန်းမှုများကို တားမြစ်ထားသည့် တားမြစ်နယ်မြေ (Prohibited Area)၊ ကန့်သတ်နယ်မြေ (Restricted Area)၊ အန္တရာယ်ရှိသောနယ်မြေ (Danger Area) များအား သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းသတ်မှတ်ထားပါသည်။ တားမြစ်နယ်မြေမှလွဲ၍ ကျန်နယ်မြေများအားသတ်မှတ်အတည်ပြုရာတွင် NOTAM (Notice To Air Men) ထုတ်ပြန်ပြီး ကြေညာလေ့ရှိသော်လည်း တားမြစ်နယ်မြေ၏ သတ်မှတ်ချက်အတွင်း နိုင်ငံတော်သမ္မတ၏ အထူးအခွင့်အာဏာမှလွဲ၍ မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင်မဆို ဝင်ရောက်ခြင်းကိုတားမြစ်ထားပါသည်။ Myanmar Air Craft Rule တွင်ပါဝင်သည့် စည်းမျဉ်းစည်းကမ်းဥပဒေများအရ အဆိုပါတားမြစ်နယ်မြေအတွင်း ဝင်ရောက်ပျံသန်းသူအား ၃ လထက်မကျော်သော ထောင်ဒဏ်ကိုဖြစ်စေ၊ ၅၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်ပါသည်။ (ENR 2.3.8.1)

Permission မရှိသော လေကြောင်းခရီးစဉ်

အကယ်၍ လေကြောင်းခရီးစဉ်သည် Flight Plan တင်ထားခြင်းမရှိဘဲ မိမိ FIR အတွင်း ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာပါက Area Control Center (ACC) မှ ပြန်လည်ထွက်ခွာစေရန် အမိန့်ပေးညွှန်ကြားရမည်။ ထိုသို့ညွှန်ကြားထားသော်လည်း ဆက်လက်ဝင်ရောက်လာပါက လေတပ်သို့သတင်းပို့၍ လေတပ်၏စီမံချက်များဖြင့် အဆိုပါ လေကြောင်းခရီးစဉ်ပျံသန်းနေသော လေယာဉ်အား ပြန်လည်ထွက်ခွာစေရမည်။ အလားတူ တရားဝင် ADC (Air Defense Clearance) မပါရှိဘဲ ပျံသန်းလာသောလေယာဉ် (သို့မဟုတ်) ညွှန်ကြားချက်များ လိုက်နာရန်ပျက်ကွက်သည့်လေယာဉ် (သို့မဟုတ်)ခွင့်ပြုထားသည့် လမ်းကြောင်းမှ သွေဖည်ပျံသန်းလာသည့်လေယာဉ်များသည် ကြားဖြတ်တိုက်ခိုက်နည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကြားဖြတ်လုပ်ဆောင်ခြင်းခံရမည်ဖြစ်ပါသည်။ ဥပဒေမဲ့ ဝင်ရောက်ကျူးကျော်လာသည့် လေယာဉ်များအတွက် လေကြောင်းထိန်းဌာနနှင့် ကာကွယ်ရေးတပ်ဖွဲ့တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ICAO ၏ Annex 11 Air Traffic Service ၏ အခန်း 2.17 တွင် အသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်။

အထွေထွေအချက်အလက်များ

နိုင်ငံများတွင် FIR များ၊ ADIZ များ သတ်မှတ်ထားကြသော်လည်း အဆိုပါဧရိယာများသည် နိုင်ငံဝေဟင်ပိုင်နက်ဟု သတ်မှတ်ခြင်းမပြုပေ။ FIR သည် လေကြောင်းသတင်းအချက်အလက်ပေးရန်၊ လေကြောင်းပျံသန်းမှုထိန်းသိမ်းပေးရန်နှင့် သတိပေးချက်များ ထုတ်ပြန်ပေးရန်

စာ-၉ »

အာဆီယံ-ကုလသမဂ္ဂ ဝန်ကြီးအဆင့်အစည်းအဝေးတွင် ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာ၌ အာဆီယံနှင့်ပူးပေါင်းဆောင် ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြား

(၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသော မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စင်တင်ဘာ (၂၈)ရက်တွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည့် အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့် အစည်းအဝေးတွင် ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာ၌ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအရေးကိစ္စနှင့် ပြဿနာ၏အခြေခံဖြစ်မြစ်ကို ဖြေရှင်းရာတွင် အာဆီယံအနေဖြင့် ပိုမိုတက်ကြွသည့်အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterresu ဆွေးနွေးတိုက်တွန်းကြောင်းမိန့်ခွန်းပြောကြားခဲ့သဖြင့် ပြည်ထောင်စုဝန်ကြီးက တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ပြောကြားရာ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီသို့အသွင်ကူးပြောင်းရာတွင် ရခိုင်အရေးကိစ္စသည် စိန်ခေါ်မှုများစွာအနက် တစ်ခုဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရေရှည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းလျက်ရှိကြောင်း၊ အစိုးရ၏ လက်ရှိဦးစားပေးလုပ်ငန်းမှာ နေရပ်စွန့်ခွာသူများပြန်လည် လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာပြန်လည်လက်ခံရေးနှင့် နေရပ်ပြန်လာသူများအတွက် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ဖန်တီးရေးဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ကုလသမဂ္ဂနှင့် အာဆီယံတို့အပြင် ဒေသဆိုင်ရာဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre အဖွဲ့တို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံမှပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များကို လေ့လာသည့် ကနဦးဆန်းစစ်လေ့လာရေးအဖွဲ့သည် ၎င်းတို့၏ပဏာမလေ့လာအကဲဖြတ်ချက်အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်(၃)ခုကို အကြံပြုတောင်ပြထားကြောင်း၊ အဆိုပါအကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက် နည်းပညာလုပ်ငန်းအဖွဲ့တစ်ခုကို လည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောကြားသည်။

နေရပ်ပြန်ပို့ရေး လုပ်ငန်းစဉ်တွင် ကော့ခ်ဘဇားစခန်းအတွင်း၌ အာဆာ၏ အကြမ်းဖက်လှုပ်ရှားမှုများအပါအဝင် အခက်အခဲများစွာရှိကြောင်း၊ နေရပ်ပြန်ပို့ရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်မှန်သည့်နိုင်ငံရေးဆန္ဒ၊ ဒိုင်မာသည့် ကြိုးပမ်းအားထုတ်မှုနှင့် နှစ်နိုင်ငံသဘောတူညီမှုများကို အပြည့်အဝ လေးစားလိုက်နာမှုတို့လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူညီချက်များ၊ UNHCR၊ UNDP တို့နှင့် လက်မှတ်ရေးထိုးထားသည့် သုံးပွင့်ဆိုင်သဘောတူညီမှုများနှင့်အညီ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် အပြည့်အဝကတိပြုထားကြောင်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာ-ပတိ၊ အတွင်းရေးမှူးချုပ်၏ Cabinet အကြီးအကဲနှင့် ကုလသမဂ္ဂအဆင့်မြင့် အရာရှိကြီးများလည်း တက်ရောက်ကြခြင်းဖြစ်သည်။

ES

ဘုရင့်နောင်တံတား အမှတ် (၁)ပြုပြင်မည့်ကာလအတွင်း YBS-23၊ YBS-20 နှင့် YBS-85 ယာဉ်လိုင်းများ တံတားအမှတ် (၂)ပေါ်မှ ဖြတ်သန်းပြေးဆွဲ

ဘုရင့်နောင်တံတား အမှတ် (၁) ပြုပြင်မည့်ကာလအတွင်း YBS-၂၃၊ YBS-၂၀ နှင့် YBS-၈၅ ယာဉ်လိုင်းများအား ဘုရင့်နောင်တံတားအမှတ် (၂)ပေါ်မှ ဖြတ်သန်းပြေးဆွဲနေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

မရမ်းကုန်းနှင့် လှိုင်သာယာမြို့နယ်တို့ကိုဆက်သွယ်ထားသော လှိုင်မြစ်ကူးဘုရင့်နောင်တံတား အမှတ် (၁)တွင် တံတားတိုင်များပေါ်ရှိ သံပေါင်အထိုင်များ အသစ်လဲလှယ်ခြင်း လုပ်ငန်းများကို အောက်တိုဘာ (၅)ရက်မှ နိုဝင်ဘာ (၄)ရက်အထိ တံတားပိတ်၍ဆောင်ရွက်မည်ဖြစ်ပြီး ယင်း ဘုရင့်နောင်တံတားအမှတ် (၁)ပေါ်မှ ဖြတ်သန်းသွားလာနေသည့် YBS-၂၃၊ YBS-၂၀ နှင့် YBS-၈၅ ယာဉ်လိုင်းများမှာ ဘုရင့်နောင်တံတားအမှတ် (၂)ပေါ်မှ ယာယီဖြတ်သန်းပြေးဆွဲနေပြီဖြစ်သည်။

ထို့အပြင် တံတားပြုပြင်မှုစတင်မည့် အောက်တိုဘာ (၅)ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များသည် ဘုရင့်နောင်တံတားအမှတ် (၂)၊ ဘုရင့်နောင်လမ်းဆုံနှင့် လှိုင်သာယာဘက်ခြမ်းတို့တွင် ယာဉ်ကြောကျပ်တည်းမှုတို့လျော့ချနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်နေပြီး တံတားအမှတ် (၂)ပေါ်မှ အသွားအပြန် ဖြတ်သန်းပြေးဆွဲနေသည့် YBS-၁၆၊ YBS-၆၈ နှင့် YBS-၈၃ တို့မှာလည်း ပုံမှန်ပြေးဆွဲနေသည့် လမ်းကြောင်းအတိုင်းသာ ပြေးဆွဲလျက်ရှိသည်။

ဘုရင့်နောင်တံတားအမှတ် အမှတ် (၁)နှင့် အမှတ် (၂)တို့ပေါ်မှ YBS ယာဉ်လိုင်းခြောက်လိုင်းနှင့် ယာဉ်အစီးရေစုစုပေါင်း (၂၀၀)ကျော်ခန့်ပြေးဆွဲနေပြီး ဘုရင့်နောင်တံတားအမှတ် (၁) ပိတ်ထားစဉ် ဘုရင့်နောင်တံတားအမှတ် (၂)မှ အသွားအပြန်ယာဉ်ကြောနှစ်လမ်းစီ မောင်းနှင်သွားလာနေကြောင်း သိရသည်။

ဖွဲ့

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေများကို လူနေထိုင်ရန်နှင့် စီးပွားရေး လုပ်ကိုင်လိုသူများကို ရောင်းမည်

စီးပွားရေး၊ စက်မှုလုပ်ငန်းများလုပ်ကိုင်ရန်နှင့် လူနေထိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြေများကို လာရောက်လျှောက်ထားနိုင်ကြောင်း အစိုးရအဖွဲ့မြေစီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

အဆိုပါမြေများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ညွှန်ကြားချက်ဖြင့် အစိုးရအဖွဲ့မြေစီမံခန့်ခွဲရေးကော်မတီက သတင်းထုတ်ပြန်ထားခြင်းဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။ မြေအသုံးပြုရန် စိတ်ဝင်စားသူတိုင်း မြေအသုံးပြုခွင့်လျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်မည်ဖြစ်ပြီး ဒေသကြီးအတွင်းရှိမြေများကို စီးပွားရေးနှင့်စက်မှုလုပ်ငန်းလုပ်ကိုင်ရန်၊ လူနေထိုင်ရန် မြေအသုံးပြုခွင့်များကို သတ်မှတ်စည်ပင်စရိတ်ပေးသွင်း၍ အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

အဆိုပါရောင်းချမည့်မြေများမှာ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံမြောက်နှင့် ဒဂုံတောင်မြို့နယ်များနှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များမှ မြေများဖြစ်ကြောင်း အဆိုပါကော်မတီထံမှသိရသည်။ မြေအသုံးပြုရန် စိတ်ဝင်စားသူတိုင်း မြေအသုံးပြုခွင့်လျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်မည်ဖြစ်ပြီး မြေအသုံးပြုခွင့်လျှောက်လွှာပုံစံကို လျှောက်ထားသူကိုယ်တိုင်၏ မှတ်ပုံတင်မူရင်းနှင့်မိတ္တူဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစုပေါင်းရုံးတွင် ဝယ်ယူလျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါလျှောက်လွှာများကို အောက်တိုဘာ (၇)ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပြီး နိဝင်ဘာ (၈)ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း အစိုးရအဖွဲ့မြေစီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

စိတ်ထက်

» စာ- ၈

အတွက်သာ သတ်မှတ်တာဝန်ယူထားသောဇရိယာဖြစ်ပါသည်။ ထို့အပြင် ICAO အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ FIR အတွင်း အရေးပေါ်အခြေအနေများအတွက် ကူညီဆောင်ရွက်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် SAR (Search and Rescue) အဖွဲ့များ ဖွဲ့စည်းထားရှိရမည်ဟု သဘောတူညီလက်မှတ်ရေးထိုးထားကြပါသည်။

ADIZ သည် နိုင်ငံတော်၏ လုံခြုံရေးကိစ္စရပ်များကို မျှော်တွေးပြီး ခွဲခြားစိစစ်မှုများ ဆောလျင်စွာပြုလုပ်နိုင်ရေးအတွက် သတ်မှတ်ထားကြခြင်းဖြစ်ပါသည်။ ICAO သည် ADIZ သတ်မှတ်ရန်အတွက် ညွှန်ကြားချက်များ ပြုလုပ်ထားခြင်းရှိသော်လည်း စစ်အေးကာလတွင် အမေရိကန်သည် ဆိုဗီယက်၏အဝေးမှဗုံးကြဲတိုက်ခိုက်နိုင်သည့် လေကြောင်းအန္တရာယ်များကိုကာကွယ်ရန် ADIZ ကို စတင်သတ်မှတ်ပြီး ကြေညာခဲ့ရာမှ နောက်ပိုင်းတွင် အခြားနိုင်ငံများသည်လည်း AIP ၏ ENR 1.1 တွင် National Security Requirement ဟူသည့်ခေါင်းစဉ်ဖြင့် ထည့်သွင်းဖော်ပြလာခဲ့ကြပါသည်။ ADIZ သတ်မှတ်ရန် ICAO မှ စံချိန်စံညွှန်းသတ်မှတ်ပေးထားခြင်း မရှိသည့်အတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီကြချေ။ အချို့နိုင်ငံများသည် ADIZ သတ်မှတ်ထားခြင်းမရှိသလို အချို့နိုင်ငံ များသည် Control လုပ်နိုင်သည့် FIR ကို ကျော်လွန်ကာ ADIZ များ သတ်မှတ်ကြပါသည်။ (၉ဝမတရုတ်နိုင်ငံသည် ၂ဝ၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံနှင့် အငြင်းပွားလျက်ရှိ သည့် ကျွန်းကို ကျော်လွန်ခြုံလွှမ်း၍ ADIZ သတ်မှတ်လိုက်ရာ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ် (တရုတ်) နိုင်ငံတို့၏ ADIZ နှင့် ထပ်လျက်ဖြစ်ကာ ယနေ့တိုင် အငြင်းပွားလျက်ရှိသည်။

ADIZ သည် မည်သည့်နိုင်ငံ၏ တရားစီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်းတွင်ရှိမနေသော ကြားကွက်လပ်ပင်လယ်သမုဒ္ဒရာရေပြင် (High Seas) အပေါ်တွင်ပျံသန်းနေသော လေယာဉ်များရုတ်တရက် ခြိမ်းခြောက်ဝင်ရောက်လာခြင်းအား လက်ဦးမှုရယူ၍ ကာကွယ်မှုပြုလုပ်ရန်အတွက် သတ်မှတ်ကြခြင်းဖြစ်ပါသည်။ ADIZ သည် တရားဝင်အရ ပျံသန်းခွင့်ပြုချက်မရရှိထားသောလေယာဉ်များ မိမိနိုင်ငံလေကြောင်းနယ်မြေများသို့ ဝင်ရောက်ခြင်းမပြုစေရန် အသုံးပြုရမည်ဖြစ်ပြီး မိမိနိုင်ငံလေကြောင်းနယ်မြေများ၊ လေကြောင်းပိုင်နက်များအတွင်းသို့ ဝင်ရောက်ရန်ရည်ရွယ်ချက်မရှိသည့် နိုင်ငံတကာလေယာဉ်များအား ထိန်းချုပ်ခွင့်မရှိပေ။ နိုင်ငံများ၏ သီးသန့်အချုပ်အခြာအာဏာ ဝေဟင်ပိုင်နက်သည် ပင်လယ်ရေပိုင်နက် နယ်စပ်မျဉ်း၏အပြင်ဘက် 12 NM အထိသာသတ်မှတ်နိုင်သည်။ အဆိုပါနယ်မြေကျော်လွန်ပါက လေကြောင်းပျံသန်းမှုများသည် High Seas တွင် ICAO ၏ လေကြောင်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာပျံသန်းခွင့်ရရှိနိုင်သည်။ လေယာဉ်များအား ကြားဖြတ်တိုက်ခိုက်ခြင်းပြုလုပ်ရာတွင် အန္တရာယ်ရှိနိုင်သည့် အခြေအနေများကို လျော့ပါးသက်သာစေရန် ချီကာဂိုကွန်မန်းရှင်းအရ ကာကွယ်ရေးဇုံတည်ထောင်ရေး လုပ်ထုံးလုပ်နည်းများကို လိုက်နာ၍ ADIZ များကို တည်ထောင်ရမည်။

ADIZ အတွင်း လေယာဉ်များအား ခွဲခြားစိစစ်ခြင်း၊ တည်နေရာစုံစမ်းခြင်း၊ ကွပ်ကဲထိန်းချုပ်ခြင်းနည်းလမ်းများသည် ချီကာဂိုကွန်မန်းရှင်းအရ အပြည်ပြည်ဆိုင်ရာလေကြောင်းပျံသန်းရာတွင် သက်ဆိုင်ရာလေကြောင်းအာဏာပိုင်အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းအတိုင်းပင်ဖြစ်သည်။ နိုင်ငံတိုင်းသည် အခက်အခဲရှိသော (သို့မဟုတ်) သံသယရှိသောပြည်ပလေယာဉ်များအား နိုင်ငံပိုင်လေယာဉ်များနည်းတူ ADIZ အတွင်း သတ်မှတ်ဆောင်ရွက်ရမည်။ ဖြစ်ရပ်တစ်ခုအနေဖြင့် ဆိုဗီယက်တိုက်လေယာဉ်များက အရပ်ဘက်ခရီးသည်တင်လေယာဉ် (Korean Airlines Flight 007 လေယာဉ်)အား ပစ်ချခဲ့၍ လေယာဉ်ပေါ်တွင်ပါဝင်သည့် လူပေါင်း (၂၆၉)ယောက်သေဆုံးခဲ့ပါသည်။ ထို့ကြောင့် ICAO သည် အရပ်ဘက်လေယာဉ်အား လက်နက်ဖြင့် ကြားဖြတ်တိုက်ခိုက်ခြင်းအား တားမြစ်ရန် သီးသီးသန့်သန့်ရှင်းလင်းစွာ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် အထူးသီးသန့်စီးပွားရေးဇုံ (EEZ-Economic Exclusive Zone) အတွင်း တင်းကြပ်သောလုံခြုံရေးနည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းမပြုရန် တားမြစ်ထားပါသည်။

ICAO သည် Non-Profit Organization ဖြစ်ပြီး နိုင်ငံတကာ၏ လေကြောင်းလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ သက်ဆိုင်ရာနိုင်ငံများ၏ လေကြောင်းအဖွဲ့အစည်းများသည်လည်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်လျက်ရှိကြပါသည်။ ICAO ၏ စံချိန်စံညွှန်းနှင့်အကြံပြုချက်များ (Standard and Recommended Practice) မလိုက်နာခြင်း၊ ကွဲလွဲခြင်း၊ အားနည်းချက်များတွေ့ရှိသည့် နိုင်ငံများ (လေကြောင်းဆိုင်ရာဌာနများ၊ လေယာဉ်ကွင်းများ၊ လေကြောင်းလိုင်းများအပါအဝင်) အတွက် အရေးယူအပြစ်ပေးခြင်း မပြုလုပ်ဘဲ ၎င်းတို့၏ စံချိန်စံညွှန်းနှင့်အညီ ကိုက်ညီမှုမရှိဟုသာ ထုတ်ပြန်ကြေညာပါသည်။ အဆိုပါ အားနည်းချက်များကို ပြင်ဆင်၍ ICAO ၏ စံသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိစ္စရပ်အတွက်လည်း သက်ဆိုင်ရာနိုင်ငံအတွင်း လေကြောင်းခြိမ်းခြောက်တိုက်ခိုက်မှုများ အန္တရာယ်မှကာကွယ်နိုင်ရန် စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေနှင့် အက်ဥပဒေများ ထုတ်ပြန်ကြေညာဆောင်ရွက်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း Myanmar Aircraft Act၊ Myanmar Aircraft Rule များ ထုတ်ပြန်ကြေညာထားပါသည်။ လေကြောင်းနယ်မြေများအား ထိရောက်အကျိုးရှိစွာအသုံးချရေး (FUA-Flexible Use Of Airspace) သဘောတရားများအရ လေကြောင်းနယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးကိုလည်း မထိခိုက်စေဘဲ လေကြောင်းပျံသန်းမှုဖွံ့ဖြိုးတိုးတက်စေရန် စုပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း လေကြောင်းဆိုင်ရာများဗဟုသုတရရှိစေရန်အလို့ငှာ ရည်ရွယ်၍ စုစည်းရေးထားတင်ပြပါသည်။

ကိုးကား

(၁) https://www.ais.gov.mm/eAIP/2018-08-80/html/index-en-GB.html
(၂) ICAO Annex 11 (Air Traffic Services)
(၃) www.code 7700.com
(၄) www.wikipedia.org
(၅) www.ais.gov.mm
(၆) www.icao.int

METRO အရောင်းပြခန်းအသစ်အား ရန်ကုန်မြို့လယ်တွင် စတင်ဖွင့်လှစ်

အစားအသောက်နှင့် အခြားအရည်အသွေးမြင့်ကုန်ပစ္စည်းများ လက်ကားရောင်းဝယ်ရေး ကုမ္ပဏီဖြစ်သော METRO Wholesale Myanmar ၏ အရောင်းပြခန်းအသစ်နှင့် ရုံးချုပ်အသစ်အား အမှတ် (၂၂/၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် စက်တင်ဘာလ (၃၀) ရက်မှ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ အရောင်းပြခန်းသည် ဟိုတယ်၊ စားသောက်ဆိုင်နှင့် အစားအသောက် တည်ခင်းဧည့်ခံပေးသော (HoReCa) ဝန်ဆောင်မှုပေးသည့် customer များ၊ လုပ်ငန်းများနှင့်နီးစပ်သော ရန်ကုန်မြို့လယ်အချက်အချာကျသည့် နေရာတွင်တည်ရှိပြီး METRO ၏ အမျိုးအစားစုံလင်လှသည့် အစားအသောက်နှင့် အခြားအရည်အသွေးမြင့်ကုန်ပစ္စည်းများ ပြသထားမည်ဖြစ်သည်။

တင်သွင်းလာသောကုန်ပစ္စည်းများကို ခေတ်မီစက်ကိရိယာများဖြင့် ကြပ်မတ်စွာစစ်ဆေးပြီး အရည်အသွေးနှင့် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများနှင့် အညီ လက်ခံ၊ သိုလှောင်၊ ပြုပြင်၊ ထုတ်ပိုးပေးလျက်ရှိသည့် သီလဝါအထူးစီးပွားရေး စက်မှုဇုန်တွင်တည်ရှိသော METRO ၏ ခေတ်မီသိုလှောင်ရုံသစ် စတင်ဖွင့်လှစ်ခဲ့ပြီး လအနည်းငယ်ကြာတွင် အရောင်းပြခန်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

METRO Wholesale Myanmar ၏ အရောင်းပြခန်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် တစ်ခါသုံးပလတ်စတစ် အသုံးပြုခြင်းအား တဖြေးဖြေးလျော့ချအဆုံးသတ်ကာ ပြန်လည်အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းမှ ပြန်လည်အသုံးချနိုင်သည့် သို့မဟုတ် ပလတ်စတစ်အစားထိုးနိုင်သည့် ပစ္စည်းများ အသုံးပြုခြင်းတို့ဖြင့် အစားထိုးသွားရန်အတွက် METRO ၏ ပလတ်စတစ်အသုံးပြုမှုလျော့ချရေး အစီအစဉ်တစ်ခု ပြုလုပ်ကျင့်သုံးလျက်ရှိသည်။

ES



လုပ်ငန်းနယ်ပယ်ကို ဦးဆောင်သူ Industry Leader အဖြစ် ပီတီတီအီးပီဒုတိယအကြိမ်မြောက် သတ်မှတ်ခံရ


ပီတီတီအီးပီ (ပီတီတီအီးပီမြန်မာ စီမံကိန်း၏မိခင်ကုမ္ပဏီ)သည် Dow Jones Sustainability Indices (DJSI) ၏ ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးနှင့် ဘက်စုံပေါင်းစည်းရေး လုပ်ငန်းနယ်ပယ်တွင် ၂၀၁၉ ခုနှစ်အတွက် Dow Jones Sustainability Indices (DJSI) အဖွဲ့ဝင်အဖြစ် (၆)နှစ်ဆက်တိုက် ထပ်မံရွေးချယ်ခံရသည်။ ထို့အပြင် ပီတီတီအီးပီကုမ္ပဏီသည် လုပ်ငန်းဦးဆောင်သူ ကုမ္ပဏီလုပ်ငန်းနယ်ပယ်ကို ဦးဆောင်သူ Industry Leader အဖြစ်လည်း ဒုတိယအကြိမ်မြောက် သတ်မှတ်ခံရသည်။

ပီတီတီအီးပီကုမ္ပဏီသည် လုပ်ငန်းနယ်ပယ်ကို ဦးဆောင်သူ Industry Leader ဟု ၂၀၁၆ ခုနှစ်တွင် ပထမအကြိမ် ယခုနှစ်တွင် ဒုတိယအကြိမ်သတ်မှတ်ခံရခြင်းဖြစ်သည်။ Industry Leader အဖြစ် ကမ္ဘာ့အဆင့် အသိအမှတ်ပြုခံရခြင်းသည် ပီတီတီအီးပီအနေဖြင့် လုပ်ငန်းနယ်ပယ်တူ အဖွဲ့အစည်းများထက် ပိုမိုမြင့်မားသော အကောင်းဆုံးအဆင့် သတ်မှတ်ချက် Rating ရရှိခြင်းနှင့် ကဏ္ဍပေါင်းများစွာတွင် ရမှတ်ရာနှုန်းပြည့် (၁၀၀/၁၀၀) ရရှိခြင်းတို့အပေါ် အခြေခံပြီး ရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ပီတီတီရေနံရှာဖွေရေးနှင့်ထုတ်လုပ်ရေး အများပိုင်ကုမ္ပဏီလီမိတက် (PTTEP) ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သော Phongsthorn Thavisin က “DJSI အဖွဲ့ဝင်တစ်ဦးအဖြစ် ထပ်မံရွေးချယ်ခံရတဲ့အတွက် ကျွန်တော်တို့ အလွန်ဂုဏ်ယူပါတယ်။ ဒီအချက်က စီးပွားရေး၊ လူမှုအသိုက်အဝန်းအရေးနဲ့ သဘာဝပတ်ဝန်းကျင်အပါအဝင် ရှုထောင့်နယ်ပယ်အားလုံးမှာ စဉ်ဆက်မပြတ် ရေရှည်တိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့ကတိကဝတ်ကို ထင်ဟပ်ပြတာပါပဲ။ ကျွန်တော်တို့ရဲ့ မျှော်မှန်းချက် (Vision) ဖြစ်တဲ့ ‘ရွေးချယ်ထိုက်သည့် စွမ်းအင်မိတ်ဖက် – Energy Partner of Choice’ ဆိုတာနဲ့အညီ သက်ဆိုင်ရာအခန်းကဏ္ဍတိုင်းမှာ ကျွန်တော်တို့ရဲ့ ရှယ်ယာရှင်တွေအတွက် ထိုက်တန်တဲ့တန်ဖိုးထား မှုတွေကို ဖန်တီးပေးနိုင်အောင် အမြဲအတူ ပူးပေါင်းဆောင်ရွက်သွားမှာပါ” ဟု ပြောသည်။

ပီတီတီအီးပီမြန်မာစီမံကိန်းသည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ မိမိလုပ်ငန်းလည်ပတ်ဆောင်ရွက်ရာ နိုင်ငံများအတွက် ရေရှည်တည်တံ့သည့် ရေနံဓာတု ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် အဓိကဦးတည်ဆောင်ရွက်နေသော၊ ထိုင်းနိုင်ငံရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် PTT Exploration and Production Public Company Limited(PTTEP)၏ လုပ်ငန်းခွဲ ကုမ္ပဏီတစ်ခုဖြစ်သည်။

ES



ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်၌ မြန်မာနိုင်ငံဝင်ရောက်

လက်နက်ကိုင်ပဋိပက္ခများ အတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းဆက်တွဲအခြေပြစာချုပ် (OPAC) ကို မြန်မာနိုင်ငံက ဝင်ရောက်ခဲ့ပြီး ယင်းသို့ဝင်ရောက်ခဲ့သည့်အတွက် လည်း အသိအမှတ်ပြုကြောင်း ကုလသမဂ္ဂကလေးများဆိုင်ရာ ရန်ပုံငွေအဖွဲ့ (UNICEF) က သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံအနေနှင့် အဆိုပါစာချုပ်တွင် ပါဝင်ခဲ့သည့်အတွက် စစ်ပွဲများအတွင်း ထိခိုက်လွယ်သော ကလေးငယ်များ၏ လိုအပ်ချက်များကို ကာကွယ်ပေးနိုင်မည့် ဥပဒေအရအခြေခံအကြောင်းရင်းတစ်ခု ရရှိလာစေမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများတွင် ကလေးသူငယ်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်းတို့ကို အဆုံးသတ်ရန်နှင့် ကာကွယ်ရန်အတွက် နိုင်ငံတော်အစိုးရ၏ အရေးပါသော နောက်ထပ်ခြေလှမ်းသစ်တစ်ရပ်ဖြစ်ကြောင်း (UNICEF) က သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် မိမိဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်ရာ၌ အနည်းဆုံးအသက် ၁၈ နှစ်ပြည့်ပြီးသူများကိုသာ လက်ခံမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရ၏ အတည်ပြုပြောကြားချက်ကို ကြို ဆိုလျက်ယူနီဆက်အနေနှင့် စစ်သင်တန်းကျောင်းများနှင့် လုပ်ငန်းခွင်လေ့ကျင့်ရေး အစီအစဉ်များတွင် အသက် ၁၆ နှစ်မှ စတင်စာရင်းသွင်း တက်ရောက်နေသည့် ကလေးငယ်များအား စစ်ပွဲများအတွင်း တိုက်ရိုက်ပါဝင်ရမည့် ကဏ္ဍများတွင် မပါဝင်စေရန်နှင့် အသက် ၁၈ နှစ်မပြည့်မချင်း တပ်မတော်နှင့် မဖြစ်မနေချုပ်ဆိုရမည့် နစ်ရှည်စာချုပ်များအား ချုပ်ဆိုစေခြင်းမပြုရန် နိုင်ငံတော်အစိုးရအား မေတ္တာရပ်ခံထားကြောင်း သိရသည်။

စက်တင်ဘာလကုန်ပိုင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာနိုင်ငံအနေနှင့် အဆိုပါလက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ ကွန်ဗင်းရှင်းနောက်ဆက်တွဲ အခြေပြစာချုပ် (OPAC) ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အဆိုပါနောက်ဆက်တွဲအခြေပြစာချုပ်အား အတည်ပြုသည့် (၁၆၉) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာကြောင်းလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဘုန်းပိုင်ဦး

အိုဗာတင်းမြန်မာ၏ ချစ်ခြင်းမေတ္တာနှင့် မိသားစုပြန်လည်ဆုံစည်းမှုကို ဖော်ဆောင်သည့် သီတင်းကျွတ်ပွဲတော် အထူးအစီအစဉ်

မြန်မာနိုင်ငံရှိ အိုဗာတင်းအနေဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် သီတင်းကျွတ်အခါသမယတွင် “ချစ်ခြင်းမေတ္တာနှင့် မိသားစုပြန်လည်စုံစည်းမှု”ကိုဖော်ဆောင်သည့် ချစ်စဖွယ်အလေ့အထတစ်ခုကို နှစ်စဉ်ဖော်ဆောင်လာခဲ့ရာ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ ခမ်းနားကြီးကျယ်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အိုဗာတင်းအနေဖြင့် မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသောစားသုံးသူများ၏ မိသားစုအားပြန်လည်ပေးဆပ်ခြင်းနှင့် မိသားစုပြန်လည်ဆုံစည်းခြင်းဆိုသည့် အသိပေးမှုဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး သီတင်းကျွတ်ကာလအတွင်း မိသားစုနှင့် အမှတ်တရအချိန်လေးများ အတူဖန်တီးနိုင်ရန်အတွက် “အံ့အားသင့်ပျော်ရွှင်စေမည့်လက်ဆောင်များ” လည်းပေးအပ်သွားမည်ဖြစ်သည်။

Ovaltine Myanmar မှ Marketing Head ဖြစ်သူ Mr Sudeep Chatterjee က “အိုဗာတင်းအနေနဲ့ ဒီလို ထူးခြားတဲ့အချိန်ကာလမှာ “အံ့အားသင့်ပျော်ရွှင်စရာ” campaign တွေကို စတင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်” ဟုပြောသည်။

အိုဗာတင်းမှ မြန်မာနိုင်ငံ၏ နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်သည့် သက်မွန်မြင့်နှင့် သူမ၏မိသားစုမှ အိုဗာတင်း၏ အဓိကရည်ရွယ်ချက်ပို့မိပေါ်လွင်စေရန်အတွက် မြန်မာမိသားစုများဆီသို့ “Happy Surprise” အနေနှင့်ကိုယ်တိုင်သွားရောက်လည်ပတ်မည်ဖြစ်သည်။ သီတင်းကျွတ်ကာလကို ရောက်ရှိလာသည်နှင့်အမျှ အိုဗာတင်းအနေဖြင့် သက်မွန်မြင့်နှင့်အတူ အိမ်များဆီသို့ အပတ်စဉ်ရုတ်တရက် အလည်အပတ်သွားရောက်မည်ဖြစ်သည်။ ထိုသို့ ရုတ်တရက်တွေ့ဆုံရာ တွင် “Happy Surprise” အမှာစကားမျှဝေမှုမှ တစ်ဆင့် မြန်မာပြည်သူများအကြား ကောင်းမွန်သည့် ခံစားမှုများပူဆောင်ပေးသွားမည်ဖြစ်သည်။ သူမအနေဖြင့် သီတင်းကျွတ်သည့်အထိ အိမ်များဆီသို့ ရုတ်တရက်အလည်အပတ်အဖြစ် သွားရောက်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် (၁၅၀,၀၀၀) ကျော်ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်များကို (grade1~3, grade 4~6 နှင့် grade 7~9) စသဖြင့် သုံးဖွဲ့ခွဲပြီး ယှဉ်ပြိုင်စေမည်ဖြစ်သည်။ မြို့ကြီးများရှိ ပေါ့ရှင်စရာမီးပုံးဖန်တီးမှုပြိုင်ပွဲတွင် အနိုင်ရရှိသူများကို အသက်အရွယ်အလိုက် ဆုငွေကျပ် (၂ သိန်း၊ ၁သိန်း၊ ၅သောင်း) စသည်ဖြင့် အသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါအစီအစဉ်များအပြင် အခြားစိတ်လှုပ်ရှားဖွယ်ရာအစီအစဉ်များကို အိုဗာတင်းနှင့် Happy Surprising မှ မြန်မာနိုင်ငံအနှံ့အပြားရှိ မိသားစုများဆီသို့ ယူဆောင်ပေးမည်ဖြစ်သည်။ ဥပမာအနေဖြင့် အိုဗာတင်းဝယ်ယူနေချိန်တွင် အိုဗာတင်း၏ အမှတ်တရလက်ဆောင်ကို အံ့အားသင့်စွာ လက်ခံရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံနေရာအနှံ့ရှိ မည်သည့်ဝယ်ယူသူမဆို အဆိုပါကံထူးရှင်ဖြစ်ခွင့်ရရှိမည် ဖြစ်သည်။

ES





Tuborg Open

အစီအစဉ် တစ်စိတ်တစ်ဒေသဖြစ်သည့် Clean Bandit \ Rockabye သီချင်းစတင်ဖြန့်ချီ

Tuborg Open အစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် Ray mond တရားဝင် ပြန်လည်ဆန်းသစ်သီဆိုထားသော Clean Bandit ၏ Rockabye သီချင်းကို စက်တင်ဘာ ၃၀ ရက်က ရန်ကုန်မြို့၌ ပရိတ်သတ်များနှင့် စာနယ်ဇင်းမိတ်ဆွေများအား ဖျော်ဖြေ၍ စတင်ဖြန့်ချီခဲ့သည်။

Tuborg မြန်မာ၏ Brand Manager မငြိမ်းငြိမ်းစိုးကလည်း “Tuborg ရဲ့ ရည်ရွယ်ချက်ကတော့ လူတွေကိုကန့်သတ်ထားတဲ့ ဘောင်အတွင်းကနေ ဖောက်ထွက်ပြီးအတွေးသစ်၊ အမြင်သစ်နဲ့ ပိုဝိုကောင်းမွန်သော အသစ်အသစ်တွေကို ဖန်တီးနိုင်ဖို့ပါ။ ဒီနေ့ခေတ်မှာ နည်းပညာနဲ့ အခြားအကြောင်း အမျိုးမျိုးတွေကြောင့် ကိုယ်လုပ်နေကျ၊ ကိုယ်နစ်သက်နေကျ အရာတွေနဲ့ပဲ ထပ်ခါထပ်ခါထိတွေ့ဖြစ်သလို ဖြစ်နေတာကြောင့် inspiration အသစ်အသစ်တွေကို ရနိုင်ဖို့ ပိုခက်လာပါတယ်။ Tuborg open က ဒီလိုမျိုးအခြေအနေကနေ ဖောက်ထွက်လာနိုင်ပြီး ပိုဝိုကောင်းမွန်သော အသစ်တွေကို စမ်းသပ်ဖို့အားပေးနေပါတယ်။ Raymond က ဒီ နှစ် campaign အတွက် အသင့်တော်ဆုံးအနုပညာရှင်လို့ ပြောလို့ရပါတယ်။ သူမှာ သီချင်းကိုသမရိုးကျ ပြန်ပြီး cover လုပ်တာထက် ဖန်တီးမှုအသစ်တစ်ခုကို လုပ်နိုင်တဲ့အရည် အချင်းရှိတဲ့အတွက် ပရိတ်သတ်ကို ပြန်ဆိုတေးဆိုတာထက်ပိုတဲ့အသွင်သစ် ရသအသစ်ကိုပေးနိုင်မယ်လို့ ယုံကြည်ပါတယ်” ဟုဆိုသည်။

၂၀၁၆ ခုနှစ်တွင် ထွက်ရှိခဲ့သော Clean Bandit အဖွဲ့၏ သီချင်းဖြစ်သည့် Rockabye ကို Raymond မှ ယခုနှစ် Tuborg Open campaign အတွက် ပြန်လည်ဆန်းသစ်သီဆိုထားခြင်းဖြစ်သည်။ Tuborg Open campaign သည် ဂီတချစ်သူများကို ကန့်သတ်ထားသောဘောင်ထဲမှဖောက်ထွက်ပြီး အကောင်းဘက်ဦးတည်သည့် အတွေးသစ်၊ အမြင်သစ်များဖြင့် အသစ်များဖန်တီးနိုင်ရန် အားပေးထားပါသည်။ မြန်မာနိုင်ငံသာမက အခြားနိုင်ငံများတွင်ပါ ပြုလုပ်လျက်ရှိသော ထို campaign၏ ရလာဒ်ဖြစ်သည့် သီချင်းများကိုမကြာမီအချိန်၌ online တွင် နားဆင်နိုင်တော့မည်ဖြစ်သည်။ ပိုဝိုပြည့်စုံစွာ သိရှိနိုင်ရန်အတွက် TUBORG OPEN.COM တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်သည်။

စိတ်ထက်

Huawei မှ ပညာရေးကဏ္ဍအတွက် GaussDB Golden Seeds Development Program အစီအစဉ်မိတ်ဆက်ကြေညာ

အချက်အလက်ပေါင်း စည်းရေးအခြေခံအဆောက်အဦ (Converage Data Infrastructure) စွမ်းအင်မြှင့်တင်ခြင်းအမည်ရ တင်ပြချက်တွင် အချက်အလက်ပေါင်းစည်းရေးအခြေခံအဆောက်အဦများအတွက် Ascend နှင့် Kungeng processors သုံး intelligent solution (၃) ခုဖြစ်သည့် data lakes၊ storage computing synergy နှင့် data edges တို့ကိုမိတ်ဆက်ပေးခဲ့သည်။


Huawei နှင့် ၎င်း၏နယ်ပယ်တွင်း မိတ်ဖက်အဖွဲ့အစည်းများကလည်း Kunpeng Intelligent Data Industry Alliance အပေါ် အခြေပြု၍ အချက်အလက်စုဆောင်းမှုနယ်ပယ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ (Database Indrustry Working Group) ကိုတည်ထောင်ခဲ့ကြောင်းကြေညာခဲ့သည်။

အဆိုပါအဖွဲ့က အချက်အလက်စုဆောင်းမှုနယ်ပယ် (database industry)၏ ဂေဟစနစ်ကို မြှင့်တင်ပေးရန် ပညာရေးကဏ္ဍအတွက် GaussDB Golden Seeds Development Program အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

Huawei ၏ ဆန်းသစ်သော solutions၊ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများသည် လုံခြုံစိတ်ချမှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ဂေဟစနစ်မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကာ အဖွဲ့အစည်းအကြီးအသေးအားလုံးတွင် အင်အားပြည့်ဝသည့်လူများ၊ ပြည့်စုံသည့် မိသားစုဘဝနှင့် ဆန်းသစ်သည့်နည်းပညာဖြင့် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ Huawei သည် ဝန်ထမ်းပေါင်း ၁၈၀,၀၀၀ ကျော်ဖြင့် နိုင်ငံပေါင်း (၁၇၀) ကျော်တွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ Huawei ကို ၁၉၈၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အဆိုပါကုမ္ပဏီသည် ၎င်း၏ ဝန်ထမ်းများမှ အပြည့်အဝပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုဖြစ်သည်။

ES



ပင်လယ်ပြင်စောင့်ကြည့်ရေးကိရိယာ ကမ်းရိုးတန်းငါးနေရာတွင် တပ်ဆင်မည်

ပင်လယ်ပြင်နှင့်ထိစပ်နေသော မြန်မာကမ်းရိုးတန်းနေရာ ငါးနေရာတွင် ပင်လယ်ပြင်ငါးဖမ်းစက်လှေများ၌ ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းသိမ်းရေးစနစ် (Vessel Monitoring System-VMS) ဟုခေါ်သော ပင်လယ်ပြင်စောင့်ကြည့်လေ့လာရေး ကိရိယာများ တပ်ဆင်ရန်ပြင်ဆင်လျက်ရှိသည်။ ငါးဖမ်းစက်လှေများတွင်လည်း ယင်းစက်များကို အောက်တိုဘာလတွင်တပ်ဆင်ရန် ညွှန်ကြားထားပြီဖြစ်ရာ အထိုင်စက်များကို ကမ်းရိုးတန်းနေရာငါးနေရာ၌ ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီး၊ ဖျာပုံနှင့် ဘိုကလေးတို့တွင်ရှိသော ပင်လယ်ပြင်ငါးဖမ်းစက်လှေများ၌ VMS ကိရိယာများကိုတပ်ဆင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားထားပြီးဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းတစ်လျှောက်တွင်ရှိသော ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးစသည့် ကမ်းရိုးတန်းနေရာငါးနေရာတွင် VMS အထိုင်စက်များကို တပ်ဆင်သွားမည်ဖြစ်ပြီး ပင်မစက်ကိုနေပြည်တော်၌ တည်ဆောက်မည်ဖြစ်သည်။

အဆိုပါ ပင်လယ်ပြင်စောင့်ကြည့်လေ့လာရေးကိရိယာကို တစ်ကမ္ဘာလုံးတွင်အသုံးပြုလျက်ရှိပြီး မြန်မာ့ပင်လယ်ပြင်တွင်အသုံးပြုခြင်းဖြင့် ငါးရှာဖွေမှုနှင့်ဖမ်းစီးရာတွင် အထောက်အကူဖြစ်စေလျက်ပင်လယ်ပြင်တွင် ချိန်ခါမရွေးဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းအန္တရာယ်ကို ကြိုတင်သိရှိပြီး ရှောင်ရှားနိုင်သည့်အပြင် ငါးဖမ်းစက်လှေများနှင့် ရေလုပ်သားတို့၏အသက်အိုးအိမ်ကို ကြိုတင်ကာကွယ်နိုင်သည့်အတွက် ပင်လယ်ပြင်စောင့်ကြည့်လေ့လာရေးကိရိယာကို ကမ်းရိုးတန်းဒေသနေရာ ငါးနေရာတွင်တပ်ဆင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းဖြစ်သည်။

စိတ်ထက်

Vivo ၏ V17 Pro စမတ်ဖုန်းပြည်တွင်း၌ စတင်ရောင်းချ

Vivo VSeries ၏ နောက်ဆုံးထုတ် Vivo V17 Pro စမတ်ဖုန်းအသစ်ကို ရန်ကုန်မြို့ Wyndham Grand ဟိုတယ်၌ အောက်တိုဘာ (၂) ရက်က မိတ်ဆက်ခဲ့သည်။

V17 Pro စမတ်ဖုန်းအသစ်သည် မြန်မာနိုင်ငံတွင် တရားဝင်မိတ်ဆက်ခြင်း မပြုလုပ်မီကတည်းက လူအများကြားတွင် ရေပန်းစားခဲ့ပြီး ထူးခြားချက်များပါဝင်သော ထိပ်တန်းအဆင့်မြင့် စမတ်ဖုန်းတစ်ခုဖြစ်သောကြောင့် ယနေ့ခေတ်လူငယ်များနှင့် စွမ်းရည်မြင့်မားပြီး စတိုင်ကျလှပသော စမတ်ဖုန်းတစ်ခုဖြစ်သည်။

Vivo V17 Pro စမတ်ဖုန်းအသစ်၏ အဆင့်မြင့် 6.44 လက်မအရွယ် Full HD+Super AMOLED Ultra Fullview TM မျက်နှာပြင်သည် 1080× 2400 Px ပုံထွက်နှုန်းရှိပြီး ဖုန်းကိုယ်ထည်နှင့် မျက်နှာပြင်အချိုးအစားမှာ (၉၁.၆၅)ရာခိုင်နှုန်းရှိသဖြင့် အရောင်ကာလာသေသပ်ပြီး ရင်သပ်ရှုမောဖွယ်ရုပ်ပုံများကို မြင်တွေ့နိုင်မည်ဖြစ်ကာ ဖုန်း၏အရှေ့ဖက်မျက်နှာပြင်သည် အဆင့်မြင့် Schott Xensation UP အကာအကွယ်နည်းပညာနှင့် အနောက်ဖက်မျက်နှာပြင်သည် 3D Curved Corning Corilla Glass 6 ဖန်သားဖြင့် အသုံးပြုဖန်တီးထားသည်။

တံ့ပြန်မှုနှုန်းနှင့် မှတ်ဉာဏ်စွမ်းမြင့်မားသည့် Vivo ၏ မူပိုင်နည်းပညာသုံး မျက်နှာပြင်အောက်လက်ဗွေစနစ်၊ Qualcomm Snopdragon 675 AIF Processor၊ 8 GPB RAM နှင့် 128 GB ROM၊ Ultra Game mode နှင့် Multi-Turbo များ၊ Android Pie အခြေခံ Funtouch OS 9.1၊ 4100 mAh အားရှိဘက်ထရီ၊ Vivo ၏ မူပိုင်နည်းပညာသုံး အမြန်အားသွင်းစနစ် (18W Dual Engine Fast Charging) စနစ်များ ပါဝင်သည်။

Vivo V17 Pro စမတ်ဖုန်းကို Crystal Black နှင့် Crystal Sky အရောင် (၂)မျိုးဖြင့် ထုတ်လုပ်ထားပြီး ဈေးနှုန်း (၆၂၉,၈၀၀)ကျပ်ဖြင့် အောက်တိုဘာ (၅)ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းရောင်းချပေးနေပြီဖြစ်ကြောင်း သိရသည်။

ဖွဲ့

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန အထွေထွေကြံ့ခိုင်မှု မြှင့်တင်ခြင်းစီမံကိန်း ယူရို (၂၇)သန်းဖြင့် ဆောင်ရွက်မည်

“အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)တို့အား General Rehabilitation ပြုလုပ်ခြင်းနှင့် လက်ရှိအမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)အား အထွေထွေကြံ့ခိုင်မှုမြှင့်တင်ခြင်းစီမံကိန်းကို ယူရို (၂၇) သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းတွင် ဧရိယာစတုရန်းမီတာ (၃,၀၀၀)ကျော်ရှိသည့် Bio Safety Level 3 အဆင့်ရှိ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများပါဝင်သည့် အဆောက်အအုံအသစ်တစ်လုံးအပါအဝင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)နှင့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) တို့တွင် General Rehabilitation လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းပါအချက်များအရ သိရသည်။

အဆိုပါစီမံကိန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အ မျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန၊ Foundation Merieux အနေနှင့် Institut Pasteur တို့အကြား ၂၀၁၃ ခုနှစ်မှစတင်၍ (၆)နှစ်ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ရာမှ အကောင်အထည်ပေါ်လာခြင်းဖြစ်ပြီး Foundation Merieux အနေနှင့် ရောဂါရှာဖွေခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဆောင်ရွက်မည့် Laboratory System နှင့် HIV Laboratory Networks များ တည်ထောင်နိုင်ရေးအတွက် အကူအညီများပေးအပ်သွားမည်ဖြစ်ပြီး Institut Pasteur အနေနှင့် ယခုစီမံကိန်း၏ သင်တန်းပေးခြင်းလုပ်ငန်းများတွင် ကူညီဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

BPO

တယ်လီနောမြန်မာ (၅)နှစ်ပြည့်အထိမ်းအမှတ်ဖြစ် CB အာမခံနှင့် ပူးပေါင်း၍ အသေးစားအာမခံဝန်ဆောင်မှုသစ် မိတ်ဆက်

တယ်လီနောအသုံးပြုသူများကို ကျေးဇူးတင်ရှိသောအားဖြင့် တယ်လီနောမြန်မာသည် ၎င်း၏ (၅)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဈေးကွက်အတွင်း ပထမဆုံးဖြစ်လာမည့် နောက်ထပ်ဝန်ဆောင်မှုသစ်တစ်ခု မိတ်ဆက်ခြင်းကို စက်တင်ဘာ (၂၇)ရက်က ရန်ကုန်မြို့ရှိ တယ်လီနောရုံး (Sule Square) ၌ ကျင်းပခဲ့သည်။

အဆိုပါဝန်ဆောင်မှုအသစ်ကို CB အာမခံလုပ်ငန်းနှင့်လက်တွဲ၍ တယ်လီနောမြန်မာသုံးစွဲသူများအတွက် ဆန်းသစ်ပြီး လူတိုင်းတက်နိုင်သည့် နှုန်းထားဖြင့်ရယူနိုင်မည့် ကိုယ်အင်္ဂါထိခိုက်မှု အာမခံဖြစ်သော "စိတ်ချလိုက်ဖ" အာမခံအစီအစဉ် ပြည်သူများထံသို့ ယူဆောင်လာပြီးဖြစ်သည်။

တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Sharad Mehrotra က "စိတ်ချလိုက်ဖ အာမခံအစီအစဉ်ဟာ တယ်လီနောရဲ့ အရေးကြီးဆုံးကတိကဝတ်ဖြစ်တဲ့ လူအချင်းချင်းပိုမိုချိတ်ဆက်ပေးနိုင်ဖို့အတွက် ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်ပါတယ်။ လူတိုင်းက သူတို့ချစ်တဲ့သူတိုင်းကို အလွယ်တကူသက်တောင့်သက်သာနဲ့ အကာအကွယ်ပေးနိုင်မယ်ဆိုရင် ကမ္ဘာကြီးကပိုမိုကောင်းမွန်တဲ့နေရာတစ်ခုဖြစ်လာမယ်လို့ CB အာမခံနဲ့အတူ ကျွန်တော်တို့တယ်လီနောက ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသားတွေကို အခွင့်အလမ်းတွေ၊ လုပ်ပိုင်ခွင့်တွေပေးနိုင်မယ့် ထုတ်ကုန်တွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ လူမှုအကျိုးပြုအစီအစဉ်တွေကို ယူဆောင်လာပေးနိုင်တဲ့ အနာဂတ်ရောင်ခြည်ဦးကို မြင်တွေ့ရမှာပါ"ဟု ပြောသည်။



တယ်လီကွန်မြူနီကေးရှင်းနှင့် အာမခံလုပ်ငန်းတို့ မိတ်ဖက်ပေါင်းစပ်ထားသော စိတ်ချလိုက်ဖအစီအစဉ်သည် မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ချန်နယ်များမှတစ်ဆင့် ဝယ်ယူရရှိနိုင်သည့် ပထမဆုံးအာမခံအစီအစဉ်တစ်ခုဖြစ်ပြီး အသုံးပြုသူများသည် CB ၏ အသေးစားအာမခံဝန်ဆောင်မှုကို တယ်လီနောဝက်ဘ်ဆိုက်နှင့် My Telenor အက်ပလီကေးရှင်းမှတစ်ဆင့် လွယ်လွယ်ကူကူနှင့် လုံခြုံစိတ်ချစွာရယူနိုင်မည်ဖြစ်သည်။

အသေးစားအာမခံအစီအစဉ်သည် လူလတ်တန်းစားနှင့် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများ၊ အာမခံများကို ဝယ်ယူနိုင်ရန် အထူးသဖြင့် အသက်အာမခံကို ဝယ်ယူနိုင်ရန်အတွက် စီစဉ်ထားပြီး သက်သာသောနှုန်းထားနှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းလွယ်ကူသော သတ်မှတ်ချက်များနှင့် ဝယ်ယူနိုင်သောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြီးခဲ့သည့်နှစ်များအတွင်း လူကြိုက်များလာသော ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

CB အသက်အာမခံလုပ်ငန်း၏ CEO ဖြစ်သော ဦးသောင်းဟန်က "Mobile Phone သုံးစွဲမှုမြင့်မားခြင်းဟာ အသက်အာမခံဈေးကွက်ကို ထိုးဖောက်ဖို့အတွက် အင်မတန်အရေးကြီးပြီး အဓိကကျတဲ့လမ်းကြောင်းတစ်ခုဖြစ်ပေါ်လာစေနိုင်တယ်။ ၂၀၁၂ ခုနှစ်မှစပြီး မြန်မာပြည်ရဲ့ အသက်အာမခံဈေးကွက်မှာ ဦးဆုံးစတင်ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ ကုမ္ပဏီတစ်ခုအနေနဲ့ ယခုတယ်လီနောရဲ့ စိတ်ချလိုက်ဖအာမခံအစီအစဉ်ကတော့ တယ်လီနောသုံးစွဲသူတွေအတွက် အင်မတန်လွယ်ကူရိုးရှင်းစွာဝယ်ယူနိုင်တဲ့ အသက်အာမခံအစီအစဉ်တစ်ခုလို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

တယ်လီနော၏ ကြီးမားကျယ်ပြန့်သောကွန်ရက်နှင့် CB လုပ်ငန်းစု၏ ယုံကြည်စိတ်ချရမှုရှိသော အာမခံလုပ်ငန်းနှင့် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံတို့ကိုပေါင်းစည်းကာ ဖန်တီးထားသော စိတ်ချလိုက်ဖ အာမခံအစီအစဉ်သည် ခစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ မြန်မာနိုင်ငံတွင် ငွေကြေးကဏ္ဍ၌ လူတိုင်းပါဝင်နိုင်အောင် လုပ်ဆောင်ပေးနိုင်ကြောင်းကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

BPO

နေ့စဉ်လူနေမှုဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် "ဗျို့" Lifestyle ဝန်ဆောင်မှုအသစ်ကို MPT က မိတ်ဆက်

MPT သည် "ဗျို့" Lifestyle ဝန်ဆောင်မှုအသစ်ကို မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ (၂၇)ရက်က ထုတ်ပြန်ခဲ့သည်။ အဆိုပါဝန်ဆောင်မှုတွင် စိတ်ဝင်စားဖွယ်ရာကဏ္ဍပေါင်း (၅၀)ကျော်ပါဝင်သည့် ကျန်းမာရေး၊ အလှအပ၊ ဖျော်ဖြေရေး၊ ဖက်ရှင်၊ အသိပညာဗဟုသုတ၊ ကိုယ်ရည်ကိုယ်သွေးတိုးတက်မြင့်မားမှု၊ နည်းပညာအစရှိသော အကြောင်းအရာများ၊ ဖျော်ဖြေမှုရသနှင့် ရယ်မောစရာဟာသဗွီဒီယိုများကို တစ်နေရာတည်းတွင်စုဆည်းထားသောဝန်ဆောင်မှုဖြစ်ပြီး www.byoh.com.mm မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

သုံးစွဲသူများအနေဖြင့် မိမိတို့၏ကံကြမ္မာကိုသိရှိစေရန် ဗေဒင်ဝန်ဆောင်မှုကို ရယူခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များအကြောင်းကို ကျွမ်းကျင်သူများဆီမှ အကြံဉာဏ်များအားသိရှိနိုင်ခြင်း၊ ယောဂကျင့်စဉ်နှင့် Zumba အကဆိုင်ရာလမ်းညွှန်ချက်ဗွီဒီယိုများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

"ဗျို့" Lifestyle ဝန်ဆောင်မှုတွင် သတင်း၊ ဖက်ရှင်၊ အစားအသောက်၊ ကျန်းမာရေး၊ အပန်းဖြေအနားယူမှုနှင့် အားလပ်ချိန်လုပ်ဆောင်မှုဆိုင်ရာအကြောင်းအရာများကို ဈေးနှုန်းသက်သာစွာဖြင့် တစ်ရက်လျှင် (၉၉)ကျပ်နှုန်းဖြင့် ဖတ်ရှုနိုင်မည်ဖြစ်သည်။

"ဗျို့" Lifestyle ဝန်ဆောင်မှု (Application နှင့် ပေါ်တယ်ဝန်ဆောင်မှု) ကိုရယူလိုပါက "8637" သို့ ON ဟု SMS (စာတို)ပေးပို့၍သော်လည်းကောင်း၊ www.byoh.com.mm (သို့မဟုတ်) https://lotaya.mpt.com.mm/landing/byoh မှတစ်ဆင့်ဝင်ရောက်ပြီး လိုအပ်သည့်လုပ်ဆောင်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့်ပြုလုပ်၍ ဝန်ဆောင်မှုအားရယူနိုင်သည်။ Andorid ဖုန်းအသုံးပြုသူများအနေဖြင့် အဆိုပါ Application ကိုရယူအသုံးပြုနိုင်ပြီး iOS အသုံးပြုသူများအနေဖြင့် www. byoh.com.mm သို့ဝင်ရောက်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

HM- ဆသရ



ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရေးအတွက် SMS ပေးပို့ခြင်းဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်

MPT ၏ သုံးစွဲသူများအတွက် စာတိုပေးပို့ခြင်း (SMS) မှတစ်ဆင့် လှူဒါန်းနိုင်မည့်အစီအစဉ်တစ်ရပ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၂၅) ရက်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ၎င်းအစီအစဉ်မှတစ်ဆင့် မြန်မာနိုင်ငံသားများအနေဖြင့် သမိုင်းဝင်ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးမှုအား ထောက်ပံ့ကူညီလှူဒါန်းနိုင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်သည် နိုင်ငံတော်အတွက်၊ လွတ်လပ်ရေးအတွက်၊ အသက်ပေးကြိုးပမ်းခဲ့သည့် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား သမိုင်းဝင်ဂုဏ်ပြုသည့်အနေဖြင့် ရိုက်ကူးပုံဖော်သွားမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးရေးတွင် ထောက်ပံ့ငွေများကို နိုင်ငံသားများကိုယ်တိုင် အတူတကွဝင်ရောက်ပါဝင်ကူညီနိုင်စေရေးအတွက် ရည်ရွယ်ဖန်တီးထားခြင်းဖြစ်ပါသည်။

MPT သုံးစွဲသူများအနေဖြင့် မည်သည့်ဝန်ဆောင်ခကိုမျှ ပေးရန်မလိုအပ်ဘဲ၊ 9000 သို့ 500 ဟု စာတို (SMS) ပေးပို့ခြင်းမှတစ်ဆင့် လှူဒါန်းနိုင်မည်ဖြစ်ကာ လှူဒါန်းသည့်ငွေပမာဏအားလုံးကို ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ထုတ်လုပ်ရိုက်ကူးရေး လုပ်ငန်းကော်မတီသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။ တစ်ကြိမ်ပေးပို့ခြင်းဖြင့် အလှူငွေကျပ် (၅၀၀)လှူဒါန်းပြီးမြောက်မည်ဖြစ်ပြီး သုံးစွဲသူများက အကြိမ်အရေအတွက်အကန့်အသတ်မရှိ ပေးပို့ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

SMS မှတစ်ဆင့် လှူဒါန်းခြင်းအတွက် ဖုန်းနံပါတ် 9000 သို့ 500 ဟု SMS ရေးသားပေးပို့ခြင်းဖြင့် လွယ်ကူစွာလှူဒါန်းနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

HM- ဆသရ



မွန်ပြည်နယ်တွင် မိုဘိုင်းလ်နည်းပညာအသုံးပြု၍ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်စာရင်းသွင်းခြင်းစနစ် စတင်ဆောင်ရွက်

ယူနီဆက်မြန်မာ၏ နည်းပညာပံ့ပိုးမှုဖြင့် ဗဟိုစာရင်းအင်းအဖွဲ့သည် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းအဆင့် မွေးဖွားခြင်းနှင့် သေဆုံးခြင်းမှတ်တမ်းများကို မှတ်တမ်းတင်သိမ်းဆည်းရန် အီလက်ထရွန်းနစ် platform တစ်ခုဖြစ်သည့် Vital Registration E-Platform (eVR) တစ်ခုဖန်တီးခဲ့သည်။ MBDR စီမံချက်ဖြင့် မွန်ပြည်နယ်တွင် eVR တိုးချဲ့ဆောင်ရွက်မှုသည် မြို့နယ်ကျန်းမာရေးရုံးများအနေဖြင့် မိမိတို့၏ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ဖွားသေစာရင်းများကို ဒစ်ဂျစ်တယ်မှတ်တမ်းအဖြစ်ရယူနိုင်ပြီး မွေးစာရင်းများထုတ်ပေးစေနိုင်မည်ဖြစ်သည်။

"မိုဘိုင်းလ်နည်းပညာသုံး ဖွားသေမှတ်ပုံတင်စာရင်းသွင်းခြင်းက မြန်မာနိုင်ငံမှာ အချိန်တိုအတွင်းထိရောက်ပြီး လျင်လျင်မြန်မြန်တိုးပြန်ဆောင်ရွက်နိုင်မယ့် ပြည်သူ့မှတ်ပုံတင်စနစ်တစ်ခုဖြစ်လာစေဖို့ အထောက်အကူပြုပြီး စာရွက်စာတမ်းအသုံးပြုတာတွေကို လျော့ချနိုင်တဲ့အတွက် အဆင့်အားလုံးမှာရှိတဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်နိုင်စွမ်းတွေကို တိုးတက်လာစေမှာဖြစ်ပါတယ်" လို့ ပြည်ထောင်စုအစိုးရရုံး ဒုတိယဝန်ကြီး ဦးတင်မြင့်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် မြို့နယ်အဆင့်မွေးဖွားမှုမှတ်ပုံတင်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများက စာရွက်စာတမ်းများဖြင့် ပြုလုပ်ပေးလျက်ရှိကာ MBDR စီမံချက်သည် မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာမှတ်တမ်းများ ကောက်ယူခြင်း၊ မှတ်ပုံတင်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို (၁၀၀)ရာနှုန်းပြည့် ဒစ်ဂျစ်တယ်စနစ်အသုံးပြုနိုင်ရန် ပံ့ပိုးပေးသွားမည်ဖြစ်သည်။

"မည်သို့မှုတွေလျော့ချဖို့နဲ့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ဘဝတွေမှာ လုပ်ပိုင်ခွင့်တွေရရှိစေဖို့အတွက် ခိုင်မာပြီးအားလုံးပါဝင်တဲ့ မြန်မာ့ဒစ်ဂျစ်တယ်စနစ်တစ်ခုဖန်တီးတဲ့နေရာမှာ လေးလေးနက်နက် အာရုံစိုက်ပေးတာကို ကြိုဆိုကြောင်း မြန်မာနိုင်ငံမှာ အသုံးပြုနေကြဖြစ်တဲ့ တယ်လီနောရဲ့ ထပ်တိုး 4GSuperLTE+ ကွန်ရက်ကို အသုံးပြုပြီး ကျေးလက်ဒေသက ကျန်းမာရေးတာဝန်ရှိသူတွေအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ဒစ်ဂျစ်တယ်နည်းပညာကိုသုံးပြီး မှတ်ပုံတင်စာရင်းသွင်းနိုင်မယ့် ကြီးမားတဲ့အခွင့်အရေးတစ်ခုရရှိမှာဖြစ်တဲ့အတွက် သုံးစွဲသူတွေရဲ့ဘဝအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ရပ်မှာ ကျွန်တော်တို့ပါဝင်ခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်လို့" တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Sharad Mehrotra မှ ပြောကြားခဲ့သည်။

"မွေးစာရင်းသွင်းတယ်ဆိုတာ ဒီနေ့ဒီထူးခြားဆန်းသစ်တဲ့ နည်းပညာက မွေးဖွားချိန်မှာ မှတ်ပုံတင်စာရင်းသွင်းဖို့ အခြေခံကျပြီး ခြွင်းချက်မရှိတဲ့ အခွင့်အရေးတစ်ခုရရှိအောင် ဘယ်လိုကူညီပေးမလဲဆိုတာ ကျွန်မတို့တွေ့ခဲ့ကြပါတယ်" ဟု မြန်မာနိုင်ငံ၏ ယူနီဆက်ဌာနကိုယ်စားလှယ် June Kunugi က ပြောကြားခဲ့သည်။ "ဒါက မြန်မာနိုင်ငံအနေနဲ့ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများ ဥပဒေမှာပါတဲ့ ကလေးများအားလုံး အခမဲ့မွေးစာရင်းမှတ်ပုံတင်ဖို့နဲ့ ကလေးသူငယ်အားလုံးအလွယ်တကူမှတ်ပုံတင်နိုင်ဖို့ဆိုတဲ့ အားထုတ်ကြိုးပမ်းမှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်အောင်လည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

HM- ဆ.သ.ရ

အူရီဒူးမှ 5G ၏ လုပ်ဆောင်နိုင်စွမ်းနှင့် အမြန်နှုန်းကို ZTE ၏ နည်းပညာပူးပေါင်းပြီး လက်တွေ့ပြသ



အူရီဒူးမြန်မာနှင့် ZTE တို့သည် စက်တင်ဘာ (၂၅)ရက်က ရန်ကုန်မြို့ရှိ မြန်မာပလာဇာ၌ မြန်မာနိုင်ငံတွင်ပထမဆုံးအဖြစ် ထူးခြားဆန်းသစ်သည့် 5G အတွေ့အကြုံများစွာကို တိုက်ရိုက်လက်တွေ့လုပ်ဆောင်ပြသသည့် စိတ်လှုပ်ရှားဖွယ်အခမ်းအနားတစ်ရပ်ကို ပူးပေါင်းကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် ကွန်ရက်နှင့်နည်းပညာကဏ္ဍကို မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော ထိပ်တန်းနည်းပညာလုပ်ငန်းတစ်ခုဖြစ်သည့် ZTE နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းအခမ်းအနားတွင် 5G လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခဲ့သော ကဏ္ဍများဖြစ်သည့် 5G အမြန်နှုန်းတိုက်ရိုက်စမ်းသပ်ပြသခြင်း၊ ပုံရိပ်ယောင် (VR) အတွေ့အကြုံနှင့် ဆန်းသစ်တီထွင်ဖန်တီးထားသည့် Drone ပျံသန်းခြင်းကို အခြေခံထားသော စောင့်ကြည့်စစ်ဆေးမှုစနစ်တို့ပါဝင်ပြီး ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်စားနေသည့် နည်းပညာကိုထုတ်ဖော်ပြသနိုင်သည့်အတွက် မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် အောင်မြင်မှုမှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့သည်။

5G သည် အမြန်ဆန်ဆုံးသော အင်တာနက်နှုန်း၊ အချိန်နှင့်တစ်ပြေးညီ ဒေတာဆောင်ကြဉ်းပေးနိုင်မှု၊ သတင်းပေးပို့ရယူလက်ခံချိန်ကြန့်ကြာချိန် နည်းပါးမှုတို့နှင့်အတူ မိုဘိုင်းလ်နှင့်တစ်သမတ်ပြုလုပ်ထားသော ချိတ်ဆက်မှုပုံစံကို လုံးလုံးလျားလျား ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။ လိုင်းနှုန်းစဉ် 3.5GHz နှင့် 2.6GHz တို့ကို အသုံးပြုခြင်းဖြင့် အူရီဒူးမြန်မာသည် ၎င်း၏ 5G ကွန်ရက်၏ အခြေခံအဆောက်အအုံကို ဖြန့်ကြက်မည်ဖြစ်ပြီး ကွန်ရက်ဖြန့်ကြက်ခြင်းကို ZTE နည်းပညာဖြင့် အနာဂတ်တွင် ကွန်ရက်ချိတ်ဆက်မှုနည်းလမ်းများကို ဆောင်ရွက်နိုင်စွမ်းပေးအပ်နိုင်မည်ဖြစ်သည်။

အူရီဒူး 5G ကွန်ရက်ပေါ်တွင် အမြန်နှုန်းတိုက်ရိုက်စမ်းသပ်ပြသမှုမှနေပြီး ၁.၇Gbps အမြန်နှုန်းကို လက်တွေ့စမ်းသပ်ပြသနိုင်ခဲ့သည်။ ယခုကဲ့သို့ ဂီဂါဗိုက်များစွာဖြင့် အထူးမြန်ဆန်လှသည့် အင်တာနက်အမြန်နှုန်းသည် မိုဘိုင်းလ်ချိတ်ဆက်မှု၊ ရုပ်ဝတ္ထုပစ္စည်းများကို ရုပ်သေမှုရုပ်ရှင်ဖြစ်လာစေရန် လှုပ်ရှားမှု၊ အသံစနစ်နှင့် ပရိဂရမ်တို့ပေါင်းစပ်ပြုလုပ်ထားသော နည်းပညာ (AR) နှင့် ပုံရိပ်ယောင် (VR) တို့မှ ပေးစွမ်းနိုင်မည့် သုံးစွဲသူအတွေ့အကြုံသစ်များ၊ အရည်အသွေးမြင့် အသံဝန်ဆောင်မှု၊ လွန်စွာအရည်အသွေးမြင့်မားသည့် တိုက်ရိုက်ထုတ်လွှင့်မှု၊ သုံးဖက်မြင် 3D ဗီဒီယိုများ၊ အရေးပေါ်ဝန်ဆောင်မှုများ၊ အလိုအလျောက်လုပ်ငန်းဆောင်ရွက်သည့် ယာဉ်များ၊ အလုံအလျောက်လုပ်ငန်းဆောင်ရွက်သည့် ယာဉ်များ၊ အရေးကြီးသည့် အဆောက်အအုံကို စောင့်ကြည့်စစ်ဆေးခြင်း အစရှိသဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr. Rajeev Sethi က အူရီဒူးမြန်မာရဲ့ ပြောင်းလဲဖော်ဆောင်မှုဟာ မြန်မာနိုင်ငံရဲ့ လူမှုဝန်းကျင်၊ လုပ်ငန်းနယ်ပယ်ကဏ္ဍများနှင့် ပြည်သူလူထုရဲ့ နေစဉ်ဘဝတွေကို ဒစ်ဂျစ်တယ်ပြောင်းလဲဖော်ဆောင်မှု လိုင်းအသွင်သစ်ဖန်တီးဖို့အတွက် ကျွန်တော်တို့ရဲ့အဆင်သင့်ဖြစ်နေမှုကို ပြသလိုက်တာပဲဖြစ်ကြောင်း သုံးစွဲသူတွေကို အတွေ့အကြုံသစ်တွေနဲ့ မြန်မာနိုင်ငံရဲ့ 5G အနာဂတ်ကို စိတ်လှုပ်ရှားဖွယ်မြင်ကွင်းကို ZTE Corporation နဲ့အတူ ပူးပေါင်းပြသနိုင်တဲ့အတွက် အလွန်ကိုစိတ်လှုပ်ရှားဝမ်းမြောက်ရပါတယ်ဟု ပြောကြားခဲ့သည်။

ZTE Corporation ၏ SVP ဖြစ်သူ Mr. Mei Zhonghua က 5G ဆန်းသစ်တီထွင်ဖန်တီးမှုမှာဦးဆောင်နိုင်ဖို့ အဓိကထားဆောင်ရွက်နေပြီး ဒီနည်းပညာဟာ မြန်မာပြည်သူလူထုကို အနာဂတ်မှာလုပ်ဆောင်နိုင်စွမ်းတွေ မြင့်မားစေဖို့ အသေအချာကူညီပေးနိုင်မှာဖြစ်ကြောင်း ZTE အနေနဲ့ အူရီဒူးမြန်မာနဲ့ပူးပေါင်းဆောင်ရွက်ပြီး အသိဉာဏ်မြင့် 5G ကမ္ဘာသစ်ကိုအတူ ဆန်းသစ်တီထွင်ပြီး မြန်မာနိုင်ငံရဲ့ဒစ်ဂျစ်တယ်စနစ်ဖော်ဆောင်ခြင်းကို ပံ့ပိုးပေးလိုပါတယ်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

HM- ဆ.သ.ရ

MPT မှ ဝန်ထမ်းများအား ဂျပန်နိုင်ငံသို့ Business Skills, Training သင်တန်းတက်ရောက်ရန်စေလွှတ်

MPT မှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်စေရန်ရည်ရွယ်၍ မိတ်ဖက်ဂျပန်အဖွဲ့အစည်းဖြစ်သော KDDI Corporation နှင့်ပူးပေါင်းကာ ဝန်ထမ်းများကိုဂျပန်နိုင်ငံသို့ Business Skills Training သင်တန်းတက်ရောက်နိုင်ရန် တတိယအကြိမ် မြောက်စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

MPT သည် ဂျပန်နိုင်ငံတွင်တက်ရောက်ရမည့် Business Skills Training သင်တန်းအစီအစဉ်အတွက် ဝန်ထမ်း (၈)ဦးရွေးချယ်ခဲ့ပြီး ယခုတတိယအကြိမ်မြောက်သင်တန်းအစီအစဉ်သည် ပထမ (၆)လအဖြစ် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ခုနှစ် မတ်လအထိ ဒုတိယ (၆)လအဖြစ် ၂၀၂၀ ခုနှစ်၊ ဧပြီလ (၁)ရက်မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်အထိဖြစ်သည်။ ပထမ (၆)လသင်တန်းအတွက် သင်တန်းသား (၄)ဦးနှင့် ဒုတိယ (၆)လသင်တန်းအတွက် သင်တန်းသား (၄)ဦး ဂျပန်နိုင်ငံသို့သွားရောက်ပညာသင်ရမည်ဖြစ်သည်။

အဆိုပါသင်တန်းအတွက် ဝန်ထမ်းများကို လုပ်ငန်းဌာနအသီးသီးမှ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး စာတွေ့အပြင်လက်တွေ့ကွင်းဆင်းလေ့လာသင်ကြားမှုများလည်းပါဝင်မည်ဖြစ်သောကြောင့် လုပ်ငန်းခွင်အတွင်းပြန်လည်အသုံးချနိုင်မည်ဖြစ်ကာ ၎င်းတို့၏သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးတွင် ကျွမ်းကျင်ပညာရှင်များအဖြစ် ဆက်လက်လုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသို့ Business Skills Training သင်တန်းတက်ရောက်ရန် စေလွှတ်ခြင်းနှင့်ပတ်သက်၍ MPT KSGM Joint Operation ၏ လုပ်ငန်းလည်ပတ်မှုဌာနကြီးမှ ဒုတိယအရာရှိချုပ်ဦးမြင့်သိန်းထွန်းမှ "ဒီသင်တန်းအစီအစဉ်ကနေတစ်ဆင့် အသိပညာတွေ၊ စီးပွားရေးဆိုင်ရာ နားလည်တတ်ကျွမ်းမှုတွေနဲ့ KDDI ဌာနပေါင်းစုံက လက်တွေ့လုပ်ငန်းအတွေ့အကြုံတွေကို ပြန်လည်မျှဝေပေးနိုင်မှာဖြစ်တဲ့အတွက် အလွန်ကိုအရေးပါတဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့်



MPT ဟာနိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ စွမ်းဆောင်ရည်ကောင်းမွန်တဲ့ ကျွမ်းကျင်ဝန်ထမ်းတွေမွေးထုတ်ပေးဖို့နဲ့ နိုင်ငံတကာအဆင့်မှီနည်းပညာကျွမ်းကျင်မှုများ လွှဲပြောင်းရယူဖို့အတွက် အထောက်အကူဖြစ်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောသည်။

တတိယအကြိမ်မြောက် Business Skills Training သင်တန်းအစီအစဉ်၏ ပထမ (၆)လတွင် ဒေါ်အိအိမိုး (လူ့စွမ်းအားအရင်းအမြစ်ဌာန)၊ ဒေါ်သိဂီဂီစိုး (ထပ်ဆောင်းဝန်ဆောင်မှုဌာန)၊ ဒေါ်သဏ္ဌာရီမွန်ရှိန် (နည်းပညာမဟာဗျူဟာဌာန)နှင့် ဒေါ်မိလွင်နန္ဒာသင်း (Network Center ဌာန) တို့မှ တက်ရောက်ခွင့်ရရှိခဲ့ပြီး ဒုတိယခြောက်လအတွက် ဒေါ်နွယ်ဇင်ညွှန် (Core Department)၊ ဦးကျော်ဆန်းမော် (Mobile Access Department)၊ ဒေါ်အိအိဟန် (Business Planning and Analysis Department) နှင့် ဒေါ်ဖြူဖြူကြည် (Sales Planning Department) တို့မှ တက်ရောက်ခွင့်များရရှိခဲ့ကြသည်။

လှမျိုး၊ ဇွ

Mytel နှင့် Viettel တို့ ဒစ်ဂျစ်တယ် မြန်မာနိုင်ငံ တည်ဆောက်မည်

Mytel အနေဖြင့် မြန်မာနိုင်ငံအား ဒစ်ဂျစ်တယ်နိုင်ငံသို့ ပြောင်းလဲရာတွင် ဦးဆောင်၍ Viettel မှ ယူဆောင်လာသော အဆင့်မြင့်နည်းပညာနှင့် ရှေ့ပြေးတီထွင်မှုများကို အသုံးချပြီး ခုံညားထည်ဝါပြီး ခေတ်မီဆန်းပြားသော နည်းပညာအဆောက်အအုံများနှင့် ဝန်ဆောင်မှုအသစ်များအား ပေးအပ်ရန် အစဉ်အမြဲကြိုးပမ်းလျက်ရှိကြောင်း စက်တင်ဘာလ ၃၀ ရက်က ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာသည့် အချိန်မှစ၍ Mytel သည် နိုင်ငံ၏ ဒုတိယအကြိမ်ဆက်သွယ်ရေးကဏ္ဍ ပြောင်းလဲဖြစ်တည်ရေးကို အစပြုရန် Viettel နှင့်အတူ ကြိုးပမ်းရွက်ဆောင်ခဲ့သည်။ Mytel သည် မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် တစ်ပြိုင်နက် မြန်မာနိုင်ငံ၏ ဒေတာစွေးနှုန်းများမှာ ယခင်စွေးနှုန်းထက် ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ Mytel သည် Viettel ၏ နိုင်ငံပေါင်း ၁၁ နိုင်ငံ စွေးကွက်အတွေ့အကြုံအပေါ်မူတည်၍ သုံးစွဲသူများအတွက် Mytel သည် စွေးနှုန်းနှင့်လုပ်ဆောင်မှုအချို့၊ bandwidth ထိရောက်မှုနှင့် ယုံကြည်စိတ်ချနိုင်မှုတို့အား အကောင်းဆုံးပေးအပ်နိုင်ခဲ့ပြီး ကုန်ကျစရိတ်ထိရောက်မှုအပေါ်လည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းဖြင့် မိုဘိုင်းဒေတာစွေးနှုန်းများဟာ သိသိသာသာကျဆင်းသွားစေပြီး သုံးစွဲသူများအပေါ် များစွာအကျိုးပြုခဲ့ခြင်းဖြစ်သည်။

"Mytel က မိခင်ကုမ္ပဏီ Viettel ရဲ့ လမ်းစဉ်တွေအတိုင်းလိုက်ပြီး မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်ပြောင်းလဲမှုကို ရှေ့တန်းကနေဦးဆောင်ပြီး လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ထားကြောင်း Mytel က Viettel ရဲ့ အကူအညီနဲ့ ဝေးလံခေါင်ပါးတဲ့ ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာတိုင်းပြည်အတွက် လိုအပ်နေတဲ့ ဆက်သွယ်ရေးအဆောက်အဦတွေကို ဆက်လက်ဆောက်လုပ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်" ဟု Mytel မှ ပြင်ပဆက်ဆံရေးတာဝန်ခံအရာရှိချုပ် ဦးဇော်မင်းဦးမှပြောကြားခဲ့ကြောင်းသိရသည်။

မြန်မာ့စွေးကွက်ထဲကို နောက်ဆုံးမှ ဝင်ရောက်ခဲ့သော်လည်းမကြာမီက ပင် Mytel မှ 5G ကို မြန်မာနိုင်ငံသို့ယူဆောင်ပေးနိုင်ခဲ့ပြီး ရှေ့ပြေးတီထွင်သူအဖြစ် ရပ်တည်လျက်ရှိကာ ရှေ့ဆက်ပြီး Mytel သည် e-wallets၊ OTT TV နဲ့ e-commerce အစရှိသော သာလွန်ထူးခြား၍ ခေတ်မီသော ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ရန် ထပ်မံတိုးချဲ့နေဦးမည်ဖြစ်သည်။ Mytel ဟာ D-A-T-A နည်းဗျူဟာများချမှတ်ကာ ဒစ်ဂျစ်တယ်အသွင်ပြောင်း ခေတ်ရေစီးကြောင်းကို ဦးဆောင်လမ်းပြနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နည်းပညာဂေဟစနစ်အား နိုင်ငံတကာမှအသိအမှတ်ပြုစေရန် တစ်ဖက်တွင်လည်းနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများနှင့် ICT အခြေခံအဆောက်အဦများကို သုံးစွဲသူများ၏ စိတ်ကျေနပ်မှုထက်သာလွန်သော ဝန်ဆောင်မှုများကိုသာ ပေးနိုင်ရန် တသမတ်တည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။

HM-ဆ.သ.ရ

ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်ပြီးဖြစ်၍ အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် လက်ရှိ အသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကို ဂဏန်း (၇)လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းရှိ အိတ်ချိန်းများကို ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်ပြီးဖြစ်ပါသဖြင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် အော်တိုတယ်လီဖုန်းနံပါတ်များကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၃ ရက်က ထုတ်ပြန်ကြေငြာခဲ့သည်။

နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ပြောင်းလဲစဉ်ကာလအတွင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိမိတို့၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများ ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၂၀ ခုနှစ် ဧပြီလအကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် (သို့မဟုတ်) နံပါတ်အသစ်သို့ ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ပြောင်းလဲသွားမည့် အော်တိုတယ်လီဖုန်းနံပါတ်များကို မြို့နယ်အလိုက် သတ်မှတ်ထားပြီး ထုတ်ပြန်ကြေငြာထားကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) ၏ အကြိမ် (၄၀)မြောက်ညီလာခံတွင် မြန်မာနိုင်ငံ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေကြောင်းဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ဂုဏ်ပြုအသိအမှတ်ပြုလွှာ ဆွတ်ခူးရရှိ





ကနေဒါနိုင်ငံ၊ မွန်ထရီယယ်မြို့၌ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်တွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ကုလသမဂ္ဂ (UN)၏ အထူးအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization-ICAO)၏ အကြိမ် (၄၀)မြောက် ညီလာခံအခမ်းအနားတွင် မြန်မာနိုင်ငံ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (Department of Civil Aviation-DCA) အား လေကြောင်းဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ဂုဏ်ပြုအသိအမှတ်ပြုလွှာအား ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဂုဏ်ပြုအသိအမှတ်ပြုလွှာကို ICAO ၏ President of the ICAO Council ဖြစ်သူ Dr. Olumuyiwa Benard Aliu က ချီးမြှင့်ပေးအပ်ခဲ့ပြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းကိုယ်တိုင်တက်ရောက်၍ လက်ခံရယူခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) ၏ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံအနက် လေကြောင်းဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အားထုတ်မှုအတွက် မြန်မာနိုင်ငံအပါအဝင် (၁၆) နိုင်ငံအား ချီးမြှင့်ခဲ့ပြီး၊ လေကြောင်းလုံခြုံရေးဆိုင်ရာ အားထုတ်မှုအတွက် (၁၇) နိုင်ငံအား ချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) ၏ ICAO Universal Safety Oversight Audit Programme (USOAP) အစီအစဉ်အရ ICAO ၏ လေကြောင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် သက်ဆိုင်သည့် အစီအစဉ်များကို အကောင်အထည်ဖော်လိုက်နာဆောင်ရွက်

စာ- ၂၀ »



မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ပထမအကြိမ်မြောက် FIATA ဒီပလိုမာသင်တန်းဆင်းပွဲကျင်းပ







မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ပထမအကြိမ်မြောက် FIATA ဒီပလိုမာသင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ (၂၇)ရက်၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တက်ရောက်၍ သင်တန်းဆင်းပွဲအမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် "မြန်မာနိုင်ငံတွင် ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး (FIATA)မှ ပြင်ဆင်ပြဋ္ဌာန်းထားတဲ့ နိုင်ငံတကာအဆင့်မီ Freight Forwarding နဲ့ Logistic ဘာသာရပ်အထူးပြုဆိုင်ရာ FIATA Diploma ရရှိသူများကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်အပ်နှင်းပွဲမှာတက်ရောက်၍ အမှာစကားပြော ကြားခွင့်ရတဲ့အတွက် အထူးပဲဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ FIATA လို့ အတိုကောက်ခေါ်ဝေါ်တဲ့ International Federation of Freight Forwarders Associations ဟာ ဆိုရင်အမည်နဲ့ လိုက်ဖက်လောက်အောင်ကို ကမ္ဘာအရပ်ရပ်က Freight Forwarding နဲ့ Logistics ကုမ္ပဏီပေါင်း (၄၀၀၀၀)ကျော်နဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အသင်းချုပ်ကြီးဖြစ်ပါတယ်။ အသင်းကြီးကိုတည်ထောင်ခဲ့တာကလည်း ၁၉၂၃ ခုနှစ်ကတည်းကမို့ အခုဆိုရင် ၉၃ နှစ်ကြာ သက်တမ်းရှိခဲ့ပြီဖြစ်ပြီး ကမ္ဘာ့ Freight Forwarding လောကမှာ ဩဇာတိက္ကမကြီးရုံသာမက UNESCAP၊ UNCTAD (United Nations Conference on Trade and Development)အစရှိတဲ့ အဖွဲ့အစည်းများအရ အတိုင်ပင်ခံအဖွဲ့အစည်းတစ်ခုအဖြစ် ဆောင်ရွက်နေတဲ့အသင်းကြီးဖြစ်ပါတယ်။

FIATA အဖွဲ့ကြီးရဲ့ရည်ရွယ်ချက်တစ်ခုက ကမ္ဘာအဝန်းက Freight Forwarders များကို Vocational Training များ သင်ကြားပို့ချဖြန့်ဝေပေးဖို့ဖြစ်တာနဲ့အညီ မြန်မာနိုင်ငံက MIFFA အသင်းကြီးကလည်း ဒီအခွင့်အလမ်းကို အသုံးချပြီး မြန်မာနိုင်ငံမှာ FIATA Diploma သင်တန်းများဖွင့်လှစ်သင်ကြားခွင့်နှင့် သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခွင့်ကို လွန်ခဲ့တဲ့ (၂)နှစ်၊ ၂၀၁၇ ခုနှစ်ကတည်းကရရှိအောင်ဆောင်ရွက်ထားနိုင်ခဲ့လို့ ခုလိုသင်တန်းဆင်းပွဲကို ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပနိုင်တာဖြစ်တာကြောင့် MIFFA အသင်းကြီးရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

MIFFA အသင်းရဲ့တင်ပြချက်အရ FIATA Diploma သင်တန်းကို မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ်အဖြစ် ယခုနှစ် ဇွန်လမှ ဇူလိုင်လအထိဖွင့်လှစ်ခဲ့ပြီး လေကြောင်း၊ ရေကြောင်း၊ ကုန်လမ်း၊ မီးရထား အစရှိတဲ့ပို့ဆောင်ရေးနည်းလမ်းမျိုးစုံဖြင့် သယ်ပို့ခြင်းဆိုင်ရာဘာသာရပ်များ၊ Warehousing၊ ကုန်စည်ပို့ဆောင်ရေးအာမခံနဲ့ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အစရှိတဲ့ဘာသာရပ် (၁၀)မျိုးကို သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူ နည်းပြ၊ လက်မှတ်ရဆရာ၊ ဆရာမများက သင်ကြားပေးခဲ့တယ်လို့ သိရပါတယ်။ ယခုသင်တန်းမှာ မိမိတာဝန်ယူသင်ကြားတဲ့ ဘာသာရပ်မှအပ အခြားဘာသာရပ်များကို သင်တန်းသားများနည်းတူတက်ရောက်သင်ယူ၍ စာမေးပွဲပြန်လည်ဖြေဆိုပြီး အောင်မြင်ကြလို့ ဒီနေ့မှာ FIATA Diploma သင်တန်းဆင်းလက်မှတ်ကို အခြားသင်တန်းသားများနှင့်အတူ လက်ခံယူကြရမယ်ဆိုတာသိရလို့ ချီးကျူးဂုဏ်ပြုပါကြောင်းပြောကြားလိုပါတယ်။

မိမိတို့ သင်ကြားတတ်မြောက်ထားတဲ့ သီအိုရီတွေ၊ ဘာသာရပ်တွေကို လက်တွေ့နယ်ပယ်က အတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး မိမိရဲ့စွမ်းအင်တိုးတက်လာအောင် မိမိကုမ္ပဏီရဲ့ လုပ်ငန်းများ တိုးတက်အောင်မြင်လာအောင် တစ်နည်းတစ်ဖုံစွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ လေ့လာသင်ယူခြင်းဆိုတာ ဆုံးခန်းတိုင်တယ်လို့မရှိတာမို့ မိမိတို့အသက်မွေးဝမ်းကြောင်းဘာသာရပ်ဖြစ်တဲ့ Freight Forwarding နဲ့ Logistics ဆိုင်ရာဘာသာရပ်တွေကိုဆက်လက်လေ့လာဖြည့်ဆည်းသွားကြဖို့ တိုက်တွန်းလိုပါတယ်။

အရေးကြီးတဲ့အချက်တစ်ချက်ကတော့ Freight Forwarders များဟာ နှစ်ဦးနှစ်ဘက်၊ သုံးဦးသုံးဘက်ကြားမှာ ချိတ်ဆက်ဝန်ဆောင်မှုပေးရတာဖြစ်လို့ မိမိအပေါ်မှာ၊ မိမိကုမ္ပဏီရဲ့ လုပ်ကိုင်ဆောင်ရွက်မှုအပေါ်မှာ အားလုံးက ယုံကြည်ကိုးစားမှုရှိဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာဥပဒေ၊ ညွှန်ကြားချက်များကို လေးစားလိုက်နာပြီး မိမိရဲ့ဝန်ဆောင်မှုအတွက် သင့်တင့်မျှတတဲ့အခကြေးငွေကိုရယူပြီး ရိုးရိုးသားသားနဲ့ ကြိုးစားဆောင်ရွက်မယ်ဆိုရင် မိမိကုမ္ပဏီသာမက Freight Forwarding နဲ့ Logistics ကဏ္ဍကြီးတစ်ခုလုံး အောင်မြင်တိုးတက်ဖို့ရာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဆိုင်ရာမူဝါဒ (၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရဲ့ Logistics ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ National Logistics Master Plan ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါတယ်။ ထို့အပြင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်မှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ မဟာမဲခေါင်ဒေသခွဲ လူနှင့်ကုန်စည်များ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးမူဘောင် သဘောတူစာချုပ် (GMS CBTA) ကို ကနဦးအကောင်အထည်ဖော်နိုင်ဖို့အတွက် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ ရေးထိုးပြီးဖြစ်ပါတယ်။ မကြာခင်မှာ စတင်အကောင်အထည်ဖော်နိုင်ဖို့ နှစ်နိုင်ငံအကြား ညှိနှိုင်းပြင်ဆင်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒီကနေ့အခမ်းအနားကို ဦးဆောင်ကျင်းပတဲ့ MIFFA အသင်းကြီးဟာဆိုရင် ၁၉၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်လို့ အသင်းကြီးရဲ့သက်တမ်းဟာ နှစ် (၂၀)ခရီးကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ အသင်းကြီးအနေနဲ့ ရှေ့ဆက်ပြီး တည်တည်ငြိမ်ငြိမ် စည်းစည်းလုံးလုံးနဲ့ မြန်မာနိုင်ငံရဲ့ Logistics ကဏ္ဍဖွံ့ဖြိုးဖို့ နိုင်ငံရဲ့စီးပွားရေးတိုးတက်ဖို့အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

သင်ယူတတ်မြောက်ထားတဲ့ပညာများကို လက်တွေ့နယ်ပယ်မှာ ထိထိရောက်ရောက်အကျိုးရှိရှိ အသုံးချနိုင်ပါစေကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်အေးအေးမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပါသည်။ ဆက်လက်၍ FIATA ဒီပလိုမာသင်တန်းဆင်းအောင်လက်မှတ်များကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဌာနအကြီးအကဲများတို့က အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မှတ်တမ်းတင်ဓါတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

Transcom

မဟတ္တမဂန္ဒီ၏ မွေးဖွားခြင်းနှစ် (၁၅၀)ပြည့် အထိမ်းအမှတ်တံဆိပ်ခေါင်းထုတ်ဝေ

အောက်တိုဘာလ (၂)ရက်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်စာတိုက်ကြီးတို့တွင် အထိမ်းအမှတ်တံဆိပ်ခေါင်းများ ရောင်းချပေးခဲ့သည်။ အဆိုပါတံဆိပ်ခေါင်းသည် အိန္ဒိယနိုင်ငံ၏ လွှပ်လပ်ရေးအတွက် ဖြတိသျှအုပ်ချုပ်မှုလက်အောက်မှ ရုန်းထွက်နိုင်ခဲ့သည့် အောင်မြင်သော နိုင်ငံရေးတိုက်ပွဲစဉ်ကို ဦးဆောင်ခဲ့သူ မဟတ္တမဂန္ဒီ၏ မွေးဖွားခြင်းနှစ် (၁၅၀)ပြည့်အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၏အလံနှင့် မဟတ္တမဂန္ဒီ၏ရုပ်ပုံပါဝင်သော အထူးထုတ်အထိမ်းအမှတ်တံဆိပ်ခေါင်း အမျိုးအစားဖြစ်ကြောင်း သိရသည်။

တံဆိပ်ခေါင်း (၁,၀၀၀,၀၀၀)ထုတ်ဝေထားပြီး တံဆိပ်ခေါင်းတစ်ခေါင်း (၁၀၀)ကျပ် သတ်မှတ်ထားသည်။ မြန်မာ့စာတိုက်လုပ်ငန်းက ယခုကဲ့သို့ အထူးထုတ်တံဆိပ်ခေါင်းများကို အခါအားလျော်စွာထုတ်ဝေလျက်ရှိပြီး နိုင်ငံတော်၏ နေကြီး၊ ရက်ကြီးများအပါအဝင် တိုင်းရင်းသားများ ရိုးရာ၊ အထိမ်းအမှတ်အပါအဝင်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများ၏ အထိမ်းအမှတ်အခမ်းအနားများတွင် အထူးထုတ်တံဆိပ်ခေါင်းများကို ထုတ်ဝေလျက်ရှိပြီး ယခုမဟတ္တမဂန္ဒီ၏ အထိမ်းအမှတ်အနေဖြင့် ပထမဆုံးအကြိမ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

အထူးထုတ်တံဆိပ်ခေါင်းများအနေဖြင့် (၁၂)လရာသီပွဲတော်နှင့် ပန်းများအထိမ်းအမှတ်အထူးထုတ်စာပို့တံဆိပ်ခေါင်းများ ထုတ်ဝေလျက်ရှိရာ တန်ဆောင်မုန်းလနှင့် နတ်တော်လအတွက် ထုတ်ဝေရောင်းချခြင်းများအပြင် ကမ္ဘာ့စာပို့တိုက်သမဂ္ဂနေ့ (၁၄၅)နှစ်မြောက် အထိမ်းအမှတ်အထူးထုတ်တံဆိပ်ခေါင်းများထုတ်ဝေရန်စီစဉ်လျက်ရှိပြီး အထူးထုတ်တံဆိပ်ခေါင်းများရောင်းချမည့်ရက်တွင် ဝယ်ယူသူများအတွက် ပထမနေ့စာအိတ်ပေါ် တွင် နေ့စွဲတံဆိပ်များကို ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

HM-ဆ.သ.ရ

















နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာယူနီကုဒ်စံစ

မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းအသုံးပြုခြင်း အခမ်းအနားကို အောက်တိုဘာလ၊ ၁၈ဂ်၊ နံနက် (၉)နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမောသန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာယူနီကုဒ်စံချိန်စံညွှန်းရေးဆွဲရေးကော်မတီဝင်များ၊ မြန်မာစာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ PROJECT K အဖွဲ့က မြန်မာယူနီကုဒ်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းအသုံးပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ မှတ်တမ်းရုပ်သံကို ပြသသည်။

ယင်းနောက် မြန်မာယူနီကုဒ်စံစနစ် စတင်ကူးပြောင်းခြင်းအထိမ်းအမှတ်အဖြစ် " မြန်မာယူနီကုဒ်စံစနစ် အားလုံးအတူတူ ကူးပြောင်းကြပါစို့" ဆောင်ပုဒ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာ" ဆိုသည့်စာသား၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "ယူနီကုဒ်" ဆိုသည့်စာသား၊ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက "စံစနစ်" ဆိုသည့်စာသား၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက "အားလုံး" ဆိုသည့်စာသား၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်က "အတူတူ"ဆိုသည့်စာသား၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလွင်က "ကူးပြောင်း"ဆိုသည့်စာသား၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦးက "ကြပါစို့"ဆိုသည့်စာသားတို့ကို စင်မြင့်ပေါ်ရှိ Tablet များပေါ်တွင်ရေးသားပြီး တစ်ပြိုင်နက်တည်း Send ခလုပ်ကိုနှိပ်ကာ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာတွင် "ဒီအခမ်းအနားဟာ ကျွန်မတို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ e-Government စံစနစ်တစ်ခုလုံး တိုးတက်ကောင်းမွန်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့ လုပ်ငန်းတစ်ခု၊ ခြေလှမ်းတစ်ခုဖြစ်ပါတယ်။ e-Government ဆိုတာ အစိုးရဌာနရဲ့ဝန်ဆောင်မှုတွေ၊ ပြည်သူလူထုဆီကို မြန်မြန်ရောက်အောင် အီလက်ထရောနစ်နည်းပညာသုံးပြီး ဆောင်ရွက်တဲ့ စံစနစ်ကိုခေါ်တာပါ။ အစိုးရဝန်ကြီးဌာနနဲ့ ၎င်းဌာနရဲ့ အောက်ခြေအဖွဲ့အစည်းတွေအကြား၊ အစိုးရဌာနအချင်းချင်းအကြား၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေအကြား၊ အစိုးရနဲ့ ပြည်သူတွေအကြား၊ စီးပွားရေးလုပ်ငန်းအချင်းချင်းအကြား၊ စီးပွားရေးလုပ်ငန်းနှင့် ပြည်သူတွေအကြား၊ ပြည်သူတွေအချင်းချင်းအကြားတွေမှာ ဆက်သွယ်ရေးစံစနစ်တူဖို့၊ ဘာသာစကားတူဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ယူနီကုဒ်စံစနစ်သုံးခြင်းဟာ အီလက်ထရောနစ်အုပ်ချုပ်မှုစနစ် မဟာဗျူဟာစီမံချက် (e-Governance Master Plan) ရဲ့ အရေးကြီးတဲ့စံသတ်မှတ်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ပါတယ်။

အစိုးရရဲ့အမိန့်ကြော်ငြာစာက Unicode ကိုသုံးရင် Non- Unicode (ဥပမာ-ဇော်ဂျီ)နဲ့ ဖတ်တဲ့သူက ဖတ်လို့မရပါဘူး။ ဥပမာ-လူတစ်ယောက်က ဘဏ်ကိုသူ့နာမည်နဲ့ အွန်လိုင်းက ငွေပို့တဲ့အခါ ဘဏ်က Unicode၊ သူက Non- Unicode ဆိုရင် ဖတ်လို့မရပါဘူး။ နာမည်လွဲသွားပါတယ်။ ဒါကြောင့် အားလုံးစံစနစ်တူဖို့လိုပါတယ်။ ဒါမှသာ Online Shopping, Mobile Money, Mobile Health စတဲ့ Online Applications တွေ ကောင်းလာပါမယ်။ e-Visa, e-Passport, e-Ticketing စံစနစ်တွေကောင်းလာပါမယ်။ ဒီနေရာမှာ ကျွန်မတို့နိုင်ငံရဲ့ e-Government Development Index က ၂၀၁၆ ခုနှစ်မှာ အဆင့် (၁၆၉)ကနေ ၂၀၁၈ ခုနှစ်မှာ အဆင့် (၁၅၇) ဖြစ်လာတဲ့အတွက် (၁၂)ဆင့်တိုးတက်လာတာကို တွေ့ရှိရပါတယ်။ (၁၂)ဆင့်တက်ရတဲ့အကြောင်းကို သုံးသပ်ကြည့်ရင် ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်း Fibre Cable ကီလိုမီတာ (၄)သောင်းကျော်ခန့် ဖြန့်ခင်းနိုင်ခဲ့ပါတယ်။ မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းပေါင်း (၁) သောင်းခွဲကျော် တိုးတက်လာပါတယ်။ မိုဘိုင်းလ်ဖုန်းသုံးစွဲမှုက သန်း (၅၀)ကျော်ဖြစ်လာပါတယ်။ ဒီဆက်သွယ်ရေးကဏ္ဍညွှန်းကိန်းတိုးတက်မှုကြောင့် အဆင့်တက်လာတယ်လို့သိရပါတယ်။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့ စာရင်းအဆင့်နောက်ကျနေသေးပါတယ်။ နောက်ကျရတဲ့အကြောင်းအရင်းက Online Applications (အသုံးချဝန်ဆောင်မှု)တွေနည်းနေသေးလို့၊ လူတွေရဲ့ကျွမ်းကျင်မှုအသိပညာတွေလိုနေသေးတာကြောင့်လို့ ပြောကြပါတယ်။

ပို့ပြီးအဓိကကျတဲ့ အကြောင်းအရင်းက ယူနီကုဒ်ကို တစ်နိုင်ငံလုံးသုံးစွဲဖို့ နောက်ကျနေတဲ့အချက်ပါပဲ။ အိမ်နီးချင်းနိုင်ငံတွေထဲက ကျွန်မတို့ရှေ့က အနီးဆုံးယူနီကုဒ်သုံးခဲ့တဲ့နိုင်ငံ ကမ္ဘောဒီးယားတောင် ၂၀၁၀ ကတည်းက စသုံးခဲ့တာပါ။

ယူနီကုဒ်ရဲ့ အားသာချက်တွေကတော့ အများကြီးပါဘဲ။ နိုင်ငံတကာစံနဲ့လည်းကိုက်ညီပြီး မြန်မာစာရေးထုံးနဲ့လည်း ညီညွတ်ပါတယ်။ အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာနိုင်ငံစံချိန်စံညွှန်းအဖြစ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ













နစ် ကူးပြောင်းအသုံးပြုခြင်း အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

လ (၂၁)ရက်မှာ MMS ISO/IEC 10646:2017 ဖြင့် သတ်မှတ်ထားရှိပြီးလည်းဖြစ်ပါတယ်။ အရင်တုန်းက လက်နှိပ်စက်ရိုက်သလိုရရစ်ကို အရင်ရိုက်ပြီး၊ ရရစ် (၃) မျိုးထဲက တစ်မျိုးရွေးရ၊ တစ်ချောင်းငင် (၂) မျိုးထဲက တစ်မျိုးရွေးရ၊ ဒါတွေမရှိတော့ပါဘူး။ မြန်မာစာရေးတတ်ရင် ယူနီကုဒ်ကိုသုံးတတ်တာပါပဲ။

ဒါပေမယ့် နည်းနည်းအခက်အခဲရှိတယ်ဆိုတာ ကျွန်မပြောချင်ပါတယ်။ စောစောတုန်းက ကျွန်မမြန်မာလို့ ရေးရတယ်။ မြန်မာလို့ရေးတာမှာ "မ" ရေးချကိုဆက်ပြီး ရေးလိုက်တယ်။ အဲဒီမှာ ရေးချမဖြစ်ဘဲနဲ့ ဝဆွဲဖြစ်သွားတယ်။ ယူနီကုဒ်ကပဲ နေးလို့လား ကျွန်မတို့ကပဲ မြန်နေလို့လားမသိပါဘူး။ အဲ့ဒါတွေကတော့ သတိထားရလိမ့်မယ်လို့ ကျွန်မအနေနဲ့ ကိုယ့်ရဲ့အတွေ့အကြုံအရ ပြောချင်ပါတယ်။

အကောင်းဆုံးအချက်က ယူနီကုဒ်စံစနစ်ကို သုံးတဲ့အတွက် ကျွန်မတို့ တိုင်းရင်းသားဘာသာစကားတွေဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာတွေပါ သုံးစွဲလာနိုင်ပါတယ်။ စံစနစ်က ယူနစ်ကုဒ်ဖြစ်ပြီး font ကိုတော့ ပြည်ထောင်စုလို့ နာမည်ပေးထားတာ ဒါကြောင့်ပါပဲ။

အားသာချက်နောက်တစ်ခုက ယူနီကုဒ်က နိုင်ငံတကာစံဖြစ်တဲ့အတွက် မြန်မာဘာသာနဲ့ရေးတာကို ကျန်တဲ့ နိုင်ငံခြားဘာသာတွေနဲ့ ဘာသာပြန်ပြီးဖတ်လို့ရပါတယ်။ နိုင်ငံခြားဘာသာစကားတွေကိုလည်း မြန်မာဘာသာပြန်လို့ ရပါတယ်။ Google Translate ဆိုတဲ့ ဆော့ဝဲတော့ပါရမှာပေါ့။ ပြီးတော့ ကွန်ပျူတာ၊ မိုဘိုင်းလ်ဖုန်း၊ Tablet၊ iPAD စတဲ့ ကိုယ်ရေးအထောက်အကူပြုကိရိယာ (Personal Assistant Device (PAD)) များ သုံးစွဲတဲ့အခါ ကိုယ်က လက်ရေးနဲ့ရေးထားရင် သူက ပုံနှိပ်စာလုံးပြောင်းပြီးရေးပေးပါတယ်။ အသုံးချစရာတွေ အများကြီးသုံးနိုင်ပါတယ်။ အသံနဲ့ပြောလိုက်ရင် အဲဒီအသံထွက်အတိုင်း စာရိုက်ပေးနိုင်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စာမရေးနိုင်၊ မရိုက်နိုင်ခဲ့ရင် အသံနဲ့စာရေးခိုင်းလို့ရပါတယ်။ Google က G-Board ကိုတော့သုံးရမှာဖြစ်ပါတယ်။

ကျွန်မတို့ပြည်သူတစ်ရပ်လုံး ယူနီကုဒ်စံစနစ်ကို ဘာကြောင့်ပြောင်းလဲသုံးစွဲဖို့လိုတယ်ဆိုတာ နားလည်သဘောပေါက်ကြမယ်လို့ယုံကြည်ပါတယ်။ ဘယ်အပြောင်းအလဲမဆိုအခက်အခဲတော့အနည်းနဲ့အများ ကြုံတွေ့ရမှာပါပဲ။ ဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ပညာရှင်တွေကလည်း တတ်နိုင်သလောက်ကူညီဖြေရှင်း ဆောင်ရွက်ပေးနေပါတယ်။ ဆက်သွယ်ရေးကုမ္ပဏီတွေ၊ မိုဘိုင်းလ်ဖုန်းထုတ်လုပ်တင်သွင်းရောင်းချသူတွေအားလုံးကလည်း ဝိုင်းဝန်းကူညီပေးနေကြပါတယ်။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အနုပညာရှင်တွေ၊ ထင်ပေါ်ကျော်ကြားသူတွေကလည်း သံတမန်အနေနဲ့ အသိပညာပေးစည်းရုံးလှုံ့ဆော်ပေးလျက်ရှိကြပါတယ်။

အခက်အခဲတွေကို အောင်အောင်မြင်မြင်ပူးပေါင်းဖြေရှင်းနိုင်ကြမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ အီလက်ထရောနစ်အုပ်ချုပ်မှုစနစ် မဟာဗျူဟာစီမံချက် (e-Governance Master Plan) မှာ ရေးဆွဲထားတဲ့ မျှော်မှန်းချက်အတိုင်း ကွန်ပျူတာသုံးစွဲသူမှန်သမျှ မိုဘိုင်းလ်ဖုန်းသုံးစွဲသူမှန်သမျှ ယူနီကုဒ်သုံးစွဲကြမယ်ဆိုရင် အစိုးရ၊ လုပ်ငန်းကုမ္ပဏီ၊ ပြည်သူတွေအကြား ဆက်သွယ်ရလွယ်ကူသွားမယ်၊ ဝန်ဆောင်မှုတွေပိုကောင်းသွားမယ်။ ဒါကြောင့် ဒီလုပ်ငန်း၊ ဒီခြေလှမ်း၊ ဒီအရွေ့ကို တစ်ယောက် မကျန်လိုက်ပါဆောင်ရွက်ကြပါလို့ ပရိသတ်ကြီးနဲ့အတူ ပြည်သူလူထုအားလုံးကို နှိုးဆော်တိုက်တွန်းအပ်ပါတယ်" ဟုပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အောက်တိုဘာ (၁)ရက်ကစပြီး မြန်မာယူနီကုဒ်စံစနစ်သို့ တစ်ညီတစ်ညွတ်တည်း ကူးပြောင်းသုံးစွဲကြရန် တိုက်တွန်းထားသည့် ရုပ်သံဖိုင်ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် နာယကနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဥက္ကဋ္ဌတို့သည် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ အလုပ်အမှုဆောင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများမှ သံတမန်များ၊ ယူနီကုဒ် သံတမန်များ၊ Myanmar Unicode Area အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာယူနီကုဒ်စနစ်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် မှတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ဧည့်ကြိုဆောင်မြေညီထပ်၌ ဆက်သွယ်ရေးကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းခြင်းဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် e-Government လုပ်ငန်းများဆောင်ရွက်နေမှုနှင့် e-Government လုပ်ငန်းများ အောင်မြင်ရန် တစ်နိုင်ငံလုံး မြန်မာယူနီကုဒ်စနစ်တစ်ခုတည်းအသုံးပြုကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလိုင်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က ယူနီကုဒ်ကူးပြောင်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဒုတိယဝန်ကြီးများက မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းအသုံးပြုရေးလုပ်ငန်းစဉ်များအတွက် ပံ့ပိုးကူညီပေးခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ကမ္ဘာပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ









၂၀၁၉ ခုနှစ် ကမ္ဘာပင်လယ်ရေကြောင်းနေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel တွင် စက်တင်ဘာလ (၃၀)ရက်၊ နံနက် (၉း၀၀) နာရီတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် သင်တန်းဆရာများ၊ ရေကြောင်းဘက်ဆိုင်ရာဌာနအသီးသီးမှ အကြီးအကဲများ၊ ဒေသတွင်းနိုင်ငံများမှ တက်ရောက်လာသောကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ အခမ်းအနားတွင် ဒုတိယဝန်ကြီးဦးကျော်မျိုးမှ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အခမ်းအနားအား အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)မှ ကြီးမှူး၍ ပင်လယ်ရေကြောင်းဘက်ဆိုင်ရာသဘော်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စများအပေါ် အထူးဂရုပြုဆောင်ရွက်လာစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် ကမ္ဘာပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အတွက် ဆောင်ပုဒ်မှာ "ပင်လယ်ရေကြောင်းလုပ်ငန်း အဖွဲ့အစည်းများတွင် အမျိုးသမီးများအား ပိုမိုလုပ်ပိုင်ခွင့်ပေးရေး (Empowering Women in the Maritime Community)" ဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းလုပ်ငန်းများနှင့် ငါးဖမ်းလုပ်ငန်းများတွင် ကျား/မခွဲခြားမှုများကို လျော့ကျစေရန်အတွက် ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊

ယခုနှစ်တွင် ထူးခြားမှုတစ်ခုအဖြစ် ကမ္ဘာပင်လယ်ရေကြောင်းနေ့၌ MTCC Asia မှ ကြီးမှူးသော Second Regional Workshop ကို IMO ၏ MARPOL Convention Annex VI အား အကောင်အထည်ဖော်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဤအလုပ်ရုံ ဆွေးနွေးပွဲသည် သဘော်လုပ်ငန်းမှ Green House Gas Emission လျော့ချနိုင်ရန်နှင့် သဘော်သုံးစွဲမှုအင်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် ရည်ရွယ်ပါကြောင်း၊ သို့ပါသောကြောင့် ဤအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသတွင်းနိုင်ငံများရှိ ရေကြောင်းအာဏာပိုင်များနှင့် ဆိပ်ကမ်းအာဏာပိုင်များမှ ပုဂ္ဂိုလ်များကို တွေ့ရှိရသည့်အတွက် အထူးသဖြင့် IMO ၏ MARPOL Convention Annex VI ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟုသိရှိရ၍ ဝမ်းမြောက်မိပါကြောင်း၊

ယခုနှစ် ဤအခမ်းအနားတွင် MEPSEA Project ကို အကောင်အထည်ဖော်ရန်အတွက် National Training Delivery course ၏ ဖွင့်ပွဲအခမ်းအနားလည်း ပါဝင်သည်ကိုတွေ့ရှိရပါကြောင်း၊ ၎င်း Project အရ အဖွဲ့ဝင်နိုင်ငံများဖြစ်သော အရှေ့တောင်အာရှနိုင်ငံများသည် IMO ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Convention များကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ သို့ပါသောကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း IMO ၏ ဦးစားပေး Convention များဖြစ်သော MARPOL Convention နှင့် Ballast Water Management Convention တို့ကို လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ ဤ MEPSEA Project (Marine Environment Protection of the South - East Asian Seas) ၏ ထူးခြားချက်မှာ အာရှရေကြောင်းဘက်ဆိုင်ရာအမျိုးသမီးများအဖွဲ့ (Women in the Maritime Asia) ကို Project တွင် မဟာဗျူဟာမြောက်မိတ်ဘက်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊

ယနေ့ မြန်မာ့ပင်လယ်ရေကြောင်း သဘော်လုပ်ငန်းများတွင် ကမ္ဘာပင်လယ်ရေကြောင်းတက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေသိပ္ပံကျောင်းဆင်း အမျိုးသမီးများသည် စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်ပေးနိုင်သူများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊

ကမ္ဘာ့ရေကြောင်းသဘော်များပေါ်တွင် တာဝန်ထမ်းဆောင်နေသော သဘော်သားများမှာ ၁.၂ သန်းခန့်ရှိပြီး ယင်းတို့ထဲတွင် အမျိုးသမီးများအနေဖြင့် ၂ % သာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအမျိုးသမီးသဘော်သားများအနေဖြင့် Cruiseship တွင် ၉၄ % မျှနှင့် ကုန်တင်သဘော်များတွင် ၆ % တာဝန်ထမ်းဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါတွင် မိမိတို့နိုင်ငံမှ အမျိုးသမီးသဘော်သားများအတွက် ဥပဒေကြောင်းအရ တရားဝင်ထမ်းဆောင်ခွင့်ရရန် အခွင့်အလမ်းများရှိလာတော့မည် ဖြစ်ပါကြောင်း၊

ယခုနှစ် World Maritime Day ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများကို ရေကြောင်းလုပ်ငန်းများရှိ အစိုးရဌာနများ၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သဘော်လုပ်ငန်းများတွင် ကျား/မ ခွဲခြားမှုမရှိဘဲ ပူးပေါင်းဆောင်ရွက်နိုင်ရန် အလေးအနက်ထား၍ ပြောကြားခဲ့ပါသည်။

ထို့နောက် ၂၀၁၉ ခုနှစ် ကမ္ဘာပင်လယ်ရေကြောင်းနေ့အတွက် ဆောင်ပုဒ်ဖြစ်သော "ပင်လယ်ရေကြောင်းလုပ်ငန်းအဖွဲ့အစည်းများတွင် အမျိုးသမီးများအား ပိုမိုလုပ်ပိုင်ခွင့်ပေးရေး (Empowering Women in the Maritime Community)" နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ IMO ၏ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့လာသော သဝဏ်လွှာဗွီဒီယိုဖိုင်နှင့် မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအခြေအနေများအား ပေါ်လွင်ထင်ဟပ်စေရန် ရိုက်ကူးထားသည့် ဗွီဒီယိုဖိုင် Powerpoint Presentation များအားပြသကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ IMO မှ Dr. Jose Thomas Matheickal နှင့် တာဝန်ရှိသူများမှ ကြုံဆိုနွှတ်ခွန်းဆက်စကား ပြောကြားကြသည်။ ၎င်းနောက် MTCC - Asia Prof Jin Yongxing Chairman မှ အမှာစကားပြောကြားပါသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ရေကြောင်းကဏ္ဍလှုပ်ရှားမှုများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသပါသည်။ ၎င်းနောက် စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

Transcom

မြန်မာနှင့် နယူးဇီလန် နှစ်နိုင်ငံ လေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုး



မြန်မာနှင့် နယူးဇီလန်နိုင်ငံတို့အကြား နှစ်နိုင်ငံလေကြောင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးအခမ်းအနားကို စက်တင်ဘာလ (၂၅)ရက်က ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Stephen Marshall၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နယူးဇီလန်နိုင်ငံသံရုံး (ရန်ကုန်)မှ အရာထမ်းများ၊ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး သဘောတူစာချုပ်ကို ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြပါသည်။

အဆိုပါ သဘောတူစာချုပ်အရ ပိုမိုပြေလျော့သော ပြဌာန်းချက်များနှင့်အညီ မြန်မာနှင့် နယူးဇီလန်နိုင်ငံမှ လေကြောင်းလိုင်းများသည် နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

Transcom

ပို့ဆောင်သတင်းဂျာနယ် TRANSCOM NEWS JOURNAL www.transcomjournal.com

၂၀၁၉ ခုနှစ်၊ ဆောင်းရာသီသုံးသပ်ချက်

ကျော်လွင်ဦး (မိုးဇလ)


မြန်မာ့ရာသီဥတုအတွက်အရေးပါတဲ့ အနောက်တောင်မုတ်သုံရာသီမှန်တိုက်လေစနစ်ကတော့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်ခါနီးမှာ ဆုတ်ခွာသွားခဲ့ပါတယ်။ တစ်နှစ်တာလည်ပတ်နေတဲ့ ရာသီစက်ဝန်းထဲမှ မိုးလွန်ကာလသို့ရောက်ရှိနေချိန်ဖြစ်ပြီး မကြာမီဆောင်းရာသီကာလကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ မိုးလွန်ကာလမှသည် ဆောင်းရာသီကာလအတွင်းမှာဖြစ်ပေါ်နိုင်တဲ့ မိုးလေဝသနဲ့ ရာသီဥတုဆိုင်ရာအခြေအနေများကို ကြိုတင်သတိပြုနိုင်ရန်အတွက် ခန့်မှန်း၊ သုံးသပ်တင်ပြအပ်ပါတယ်။

မိုးလွန်ကာလနဲ့ ဆောင်းရာသီမိုးလေဝသအခြေအနေများ

အောက်တိုဘာ၊ နိုဝင်ဘာလများသည် နွေမုတ်သုံ၊ ဆောင်းမုတ်သုံ ကူပြောင်းကာလဖြစ်ပြီး နေရောင်ခြည်ရရှိမှုကြောင့် ပူနွေးနေတဲ့ပင်လယ်ရေအပူချိန်များ မြင့်တက်နေတာ၊ အပူစွမ်းအင်များရှိနေတာ၊ အရှေ့လေပွေလှိုင်းများရဲ့အရှိန်ကြောင့် ဘင်္ဂလားပင်လယ်အော်မှာအားကောင်းတဲ့မုန်တိုင်းများ ဖြစ်ပေါ်တတ်တဲ့အချိန်ဖြစ်ပါတယ်။ နေရောင်ခြည်တည့်မတ်မှုအဝေးဆုံးအချိန်ဖြစ်တဲ့ ဒီဇင်ဘာလလယ်လောက်ကနေ ဇန်နဝါရီလကုန်လောက်အထိကတော့ ဆောင်းရာသီအားကောင်းတဲ့အချိန်ဖြစ်ပါတယ်။ မြေပြင်လေထုဖိအားပုံနှံမှုပုံစံ၊ အတိုးအလျော့၊ တိုက်လေလာရာအရပ်နဲ့အင်အား။ အထက်လေထုအတွင်းမှာရှိတဲ့ လေဖိအားများဒေသတွေရဲ့တည်နေရာတွေပေါ်မူတည်ပြီး ရေခိုးရေငွေ့၊ အပူ၊ ဖိအား၊ စိုထိုင်းဆများ အချိန်နဲ့အလိုက် ပြောင်းလဲပြီး ဒေသအလိုက်၊ မိုးရေချိန်၊ နေ့အပူချိန်၊ ည အပူချိန်ပြောင်းလဲမှုများဖြစ်ရတာပါ။ မိုးလွန်ကာလနဲ့ ဆောင်းရာသီမှာအဓိကကြုံတွေ့ရတဲ့ မိုးလေဝသအခြေအနေများကတော့ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မုန်တိုင်းမိုး၊ လေပွေလေလှိုင်းမိုးများရွာသွန်းခြင်း၊ အအေးပိုခြင်း၊ မြူထူဆိုင်းခြင်း၊ မြန်မာ့ပင်လယ်ပြင်တွင် အရှေ့လေပြင်းများတိုက်ခတ်ခြင်းတို့ဖြစ်ပါသည်။ ရာသီအချိန်အခါအလိုက် ပုံမှန်ဖြစ်တဲ့ မိုးလေဝသအခြေအနေများဖြစ်ပေါ်မှ ရာသီဥတုကို အဓိကမှီခိုရတဲ့ စိုက်ပျိုးရေးနဲ့ရေသယံဇာတ အသုံးချမှုလုပ်ငန်းတွေမှာ အကျိုးကျေးဇူးများရရှိစေလို့ ရာသီဥတုသတင်း၊ အချက်အလက်များ ထိထိရောက်ရောက်အသုံးချနိုင်မှုနဲ့ ရာသီဥတုဘေးဒဏ်များ ကြိုတင်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကလည်း အရေးပါလျက်ရှိပါတယ်။


၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ရာသီဥတုခန့်မှန်းချက်များအပေါ် သုံးသပ်ချက်

ရာသီဥတုဖောက်ပြန်မှုများကို ဖြစ်ပေါ်စေတဲ့ အယ်နီညို၊ လာနီညာ ရာသီဥတုဖြစ်စဉ်များအစပြုရာ အီကွေတာပစိဖိတ်သမုဒ္ဒရာမှာတော့ အယ်နီညို၊ လာနီညာမဟုတ်တဲ့ ပုံမှန်အခြေအနေသာရှိနေကြောင်း အပူပိုင်းအိန္ဒိယသမုဒ္ဒရာအရှေ့ဖက်-အနောက်ဖက် ပင်လယ်ရေအပူချိန်ကြောင်းလေမှုဆွန်းကိန်းကတော့ အားကောင်းနေလို့ သက်ရောက်မှုတွေရှိလာနိုင်တယ်လို့ သြစတြေးလျှနိုင်ငံမိုးလေဝသဌာနက အောက်တိုဘာလ (၁)ရက်ကထုတ်ပြန်ထားပါတယ်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလ (၃)လ အတွင်း အရှေ့တောင်အာရှဒေသမှာ ပုံမှန်အပူချိန်ထက် ပိုပူရန်အခြေအနေများကြောင်း (ပုံ-၁)၊ ထို့အတူ အိန္ဒိယသမုဒ္ဒရာအရှေ့တောင်ပိုင်း၊ အရှေ့တောင်အာရှ တောင်ပိုင်းဒေသများမှာ ပုံမှန်မိုးရွာသွန်းမှုထက် လျော့နည်းရန်ဖြစ်နိုင်ခြေများကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ ပုံမှန်ထက်မိုးပိုနိုင်ကြောင်း (ပုံ-၂)ကို စက်တင်ဘာလ (၃)ရက်ကို အခြေခံထားတဲ့ ဂျပန်နိုင်ငံ၊ မိုးလေဝသအေဂျင်စီရဲ့ ရာသီဥတုဗဟိုဌာနကနေ စက်တင်ဘာလ (၂၅)ရက် ထုတ်ပြန်ထားတာလည်း တွေ့ရှိရပါတယ်။ ဒါပေမယ့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကနေ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ (၃)လတာ ခန့်မှန်းချက်မှာတော့ မြန်မာနိုင်ငံနဲ့ အနီးတစ်ဝိုက်ဒေသတွေမှာ ပုံမှန်အပူချိန်ထက်ပိုပူနိုင်တာ (ပုံ-၃)နဲ့ မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ ပုံမှန်မိုးရွာသွန်းမှုထက်ပိုရန် အခြေအနေပိုများကြောင်း (ပုံ-၄)တွေ့ရှိရပါတယ်။



ပုံ(၁)၊ ၂၀၁၉ အောက်တိုဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာ အပူချိန် ခန့်မှန်းချက်ပြပုံ

ပုံ(၂)၊ ၂၀၁၉ အောက်တိုဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာ မိုးရေချိန် ခန့်မှန်းချက်ပြပုံ



ပုံ(၃)၊ ၂၀၁၉ ဒီဇင်ဘာ၊၂၀၂၀ဇန်နဝါရီ၊ဖေဖော်ဝါရီ အပူချိန် ခန့်မှန်းချက်ပြပုံ

ပုံ(၄)၊ ၂၀၁၉ ဒီဇင်ဘာ၊၂၀၂၀ဇန်နဝါရီ၊ဖေဖော်ဝါရီ မိုးရေချိန် ခန့်မှန်းချက်ပြပုံ

အထက်ပါခန့်မှန်းချက်တွေကို သုံးသပ်ရပါက အချိန်ကာလမဟုတ် မိုးရွာသွန်းမှုများရှိနိုင်ခြင်း၊ မိုးရွာသွန်းနိုင်ခြင်း၊ တိမ်ထူထပ်မှုများနိုင်ခြင်းကြောင့် အပူချိန်ပိုနေနိုင်မယ်လို့သုံးသပ်ရပါတယ်။ သို့သော်လည်း ဆောင်းရာသီသဘာဝ အားကောင်းသည့်ဒီဇင်ဘာလ၊ ဇန်နဝါရီလများမှာတော့ အအေးပိုတဲ့ကာလများရှိနေနိုင်တာ၊ အခုနောက်ပိုင်း ဇန်နဝါရီလတိုင်းလို စံချိန်တင်မိုးရွာသွန်းနေခဲ့လို့ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလဆန်းရက်တွေမှာလည်း နေ့အပူချိန်၊ ညအပူချိန်များကျဆင်းပြီး တစ်နေကုန်စိမ့်နေအောင်အေးနေမယ့်ဆောင်းမိုးဖွဲများလည်း စွေရွာနေလိမ့်ဦးမယ်လို့ သုံးသပ်ရပါကြောင်းနဲ့ မိုးဇလဌာနမှထုတ်ပြန်မယ့် မိုးလေဝသ၊ ရာသီဥတုအခြေအနေများနဲ့ ပတ်သက်တဲ့သတင်း၊ ခန့်မှန်းချက်၊ သတိပေးထုတ်ပြန်ချက်များနဲ့အညီ ရာသီဥတုဘေးဒဏ်များ လျော့ချနိုင်ကြပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ပါတယ်။

ယဉ်ကျေးမှုတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့သင်တန်းဝင်ခွင့် အောက်တိုဘာလကုန်ခေါ်ယူမည်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ ၂၀၁၉-၂၀ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ တက်ရောက်လိုသူများ အောက်တိုဘာလကုန်၌ ဝင်ခွင့်ခေါ်ယူမည်ဖြစ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သင်တန်းရေးရာဌာနမှ သိရသည်။

ရန်ကုန်မြို့ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဟူသည့် ဘာသာရပ်ငါးခုကို မဟာဝိဇ္ဇာဘွဲ့သင်တန်းဖွင့်ကြားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု မဟာဝိဇ္ဇာဘွဲ့သင်တန်း လေးခုဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းကာလ (၂)နှစ်ကြာမြင့်မည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ဘွဲ့လွန်အနုပညာ ဒီပလိုမာရရှိသူများအနက် မဟာဝိဇ္ဇာသင်တန်းများတက်ရောက်ရန် အဆင့်မီသူများ၊ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ရရှိသူများအနက် မဟာဝိဇ္ဇာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ သင်တန်းဝင်ခွင့် လျှောက်ထားနိုင်မည်ဖြစ်သည်။

မဟာဝိဇ္ဇာဘွဲ့သင်တန်းများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တစ်ခုစီတွင် အထူးပြုဘာသာရပ်တစ်ခုလျှင် သင်တန်းသား (၂၅)ဦးနှုန်း လက်ခံရန်လျာထားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ပြင်ပပညာရှင်များက သင်တန်းပို့ချမည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၌ မဟာဝိဇ္ဇာဘွဲ့သင်တန်းများကို ၂၀၁၇-၁၈ ပညာသင်နှစ်ကစတင်ဖွင့်လှစ်ခဲ့ပြီး အနုပညာများနှင့်ပတ်သက်၍ အဆင့်မြင့်ပညာရပ်များပိုမိုသင်ကြားနိုင်စေရေး၊ ပိုမိုထူးချွန်သော အနုပညာရှင်များပေါ်ထွန်းရေး၊ သုတေသနနှင့် လေ့ကျင့်ပို့ချေးထောင်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရေး၊ တက္ကသိုလ်ကျောင်းဆင်းများအား နိုင်ငံတကာသို့ Professional Career ရောက်ရှိစေရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ကို ၁၉၉၃ ခုနှစ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး တစ်နှစ်လျှင် ကျောင်းသားကျောင်းသူ (၁,၀၀၀)ကျော် လက်ခံသင်ကြားနေသည်။ ဘုန်းပိုင်ဦး

ပို့ဆောင်ဆက်သွယ်ရေး သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

Mytel မှ ထူးခြားသစ်လွင်သည့် MyID Application အသစ် မိတ်ဆက်

Mytel သည် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဝန်ဆောင်မှုများကို တစ်နေရာထဲတွင် ရယူနိုင်သော MyID Application အသစ်အား အောက်တိုဘာ ၄ ရက်က မိတ်ဆက်ပေးခဲ့သည်။ Messenger, Entertainment, Stranger, Selfcare, Loyalty နှင့် အခြားအခြားသော အသုံးတည့်သည့် ဝန်ဆောင်မှုများစွာပါဝင်ပြီး Mytel အသုံးပြုသူများသာမက အခြားတယ်လီကွန်းအော်ပရေတာ အသုံးပြုသူများပါ ယခုကဲ့သို့ ထူးခြားစုံလင်သည့် MyID Application ကို စမ်းသပ်အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် Mytel သုံးစွဲသူများအနေဖြင့် MyID account ကိုအသုံးပြု၍ အမျိုးအစားစုံလင်လှသည့် Mytel ၏ မိတ်ဖက်ပါတနာများထံမှ စိတ်လှုပ်ရှားဖွယ် လျှော့ဈေးများကိုလည်း ရယူနိုင်မည်ဖြစ်သည်။

MyID App ၏ အဓိကအသားပေးဝန်ဆောင်မှုမှာ MyID Loyalty ဖြစ်ပြီး Mytel အား အစဉ်တစိုက်အားပေးလာကြသော အသုံးပြုသူများအတွက် အဆင်ပြေနိုင်စေမည့် Mytel ၏ Points & Appreciation စနစ်လည်း ပါဝင်သည်။ သုံးစွဲသူများမှ Mytel ၏ ဝန်ဆောင်မှုများကို စတင်အသုံးပြုလိုက်သည်နှင့်တစ်ပြိုင်နက် အလိုအလျောက် MyID Loyalty ၏အသင်းဝင်ဖြစ်လာမည်ဖြစ်သည်။ Mytel အသုံးပြုသူများမှ silver, gold, platinum စသည်ဖြင့် အဆင့်သတ်မှတ်ချက်များရှိမည်ဖြစ်ပြီး ရရှိလာသောအမှတ်များဖြင့် တယ်လီကွန်းနှင့် အခြားသောဘောက်ချာများ အား Application အတွင်း ပြန်လည်လဲလှယ်နိုင်သော အကျိုးခံစားခွင့်များ ရရှိနိုင်မည်လည်းဖြစ်သည်။

ဒစ်ဂျစ်တယ်လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ဖို့ One-Stop ဝန်ဆောင်မှုပေးနိုင်တဲ့ ကျွန်တော်တို့ရဲ့ Application ကို မိတ်ဆက်ပေးဖို့ အရမ်းပဲစိတ်လှုပ်ရှားနေခဲ့ပြီး Application လေးကတော့ တစ်ကယ်ကို ထူးခြားကောင်းမွန်လှပြီး သုံးစွဲသူတွေအတွက် အပြန်အလှန်အကျိုးရှိစေမယ့် ဝန်ဆောင်မှုများစွာလည်း ပါဝင်ပါတယ်။ ဒီ Application နဲ့ဆိုရင် ကျွန်တော်တို့ Mytel အသုံးပြုသူတွေက MyID Loyalty အစီအစဉ်မှာပါဝင်နိုင်မှာဖြစ်ပြီးတော့ Point များရယူကာ ကျွန်တော်တို့နဲ့ ချိတ်ဆက်ထားတဲ့ မိတ်ဖက်တွေဖြစ်တဲ့ စားသောက်ဆိုင်တွေ၊ အားကစားရုံတွေ၊ ဈေးဆိုင်တွေ စတဲ့သူတွေဆီကနေ လျှော့ဈေးတွေရယ် ပြန်လည်လဲလှယ်နိုင်မည့် ဝန်ဆောင်မှုတွေကို ရယူနိုင်မှာပဲဖြစ်ပါတယ်” ဟု Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးမှ ပြောကြားခဲ့သည်။ ထို့အပြင် MyID Loyalty တွင် MyID Messenger၊ MyID Entertainment၊ MyID Stranger နှင့် MyID Selfcare ကဲ့သို့သော ထူးခြားဆန်းသစ်သည့် လုပ်ဆောင်ချက်များပါဝင်ပြီး သုံးစွဲသူများ၏ နေ့စဉ်ဘဝများတွင် အသုံးဝင်စေမည့်အရာများ ပါဝင်ကြောင်း လည်းသိရသည်။



HM-ဆ.သ.ရ

အထွေထွေဗဟုသုတဉာဏ်စမ်းမေးခွန်းများပါဝင်သည့် “ဉာဏ်ကြီးရှင်” ဝန်ဆောင်မှုအသစ်ကို MPT မိတ်ဆက်



MPT သည် သုံးစွဲသူများအတွက် အထွေထွေဗဟုသုတများတိုးပွားစေရန် ကဏ္ဍာမျိုးစုံမှ ဗဟုသုတအကြောင်းအရာ စာတို၊ ဉာဏ်စမ်းမေးခွန်းနှင့် ပဟေဠိများကို ရယူဖြေကြားနိုင်သော “ဉာဏ်ကြီးရှင်” ဝန်ဆောင်မှုအသစ်ကို ယနေ့မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း အောက်တိုဘာလ (၄)ရက်က သတင်းထုတ်ပြန်ကြေညာခဲ့သည်။ MPT သုံးစွဲသူများအနေဖြင့် ဉာဏ်စမ်းမေးခွန်းများဖြေဆိုရင်း စိတ်ဝင်စားဖွယ်ရာ ဆုမဲပေါင်းများစွာကံထူးနိုင်မည့် အခွင့်အရေးများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ အဆိုပါ “ဉာဏ်ကြီးရှင်”ဝန်ဆောင်မှုကို Trust Oo Co., Ltd နှင့် ပူးပေါင်း၍ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများအတွက် အထွေထွေဗဟုသုတများ၊ ဉာဏ်စမ်းမေးခွန်းများကိုဖြေဆိုခြင်း ဖြင့် ဉာဏ်ရည်ထက်မြက်ပြီး ဗဟုသုတများစွာကို ရှာဖွေလေ့လာနိုင်ရုံသာမက တန်ဖိုးကြီးဆုလက်ဆောင်များကိုပါ ထပ်မံကံထူးနိုင်ခွင့်ရရှိမည်ဖြစ်သည်။

MPT သုံးစွဲသူများအနေဖြင့် “ဉာဏ်ကြီးရှင်”ဝန်ဆောင်မှုကို “8477” သို့ “ON” ဟု SMS (စာတို)ပေးပို့ခြင်း (သို့မဟုတ်) အွန်လိုင်းကိုအသုံးပြုကာ www.nyangyishin.com မှတစ်ဆင့် ရယူအသုံးပြုနိုင်ပါသည်။ ဝန်ဆောင်ခနှုန်းထားမှာ အထွေထွေဗဟုသုတစာကို (၁)စောင်နှင့် ဉာဏ်စမ်းမေးခွန်း (၅)ခုပါဝင်သည့် ပက်ကေ့ချ် (Daily Package) တစ်ခုကို တစ်ရက်လျှင် (၉၉)ကျပ် ကျသင့်မည်ဖြစ်သည်။ MPT သုံးစွဲသူများအနေဖြင့် တစ်ရက်လျှင် (ပထမပက်ကေ့ချ်အပါအဝင်) ပက်ကေ့ချ် (၃၀)ခုအထိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ထပ်မံဝယ်ယူမှုများအတွက် ပက်ကေ့ချ်တစ်ခုလျှင် (၉၉)ကျပ် ထပ်မံကျသင့်မည်ဖြစ်သည်။

သုံးစွဲသူများအနေဖြင့် ဉာဏ်စမ်းမေးခွန်းများကိုဖြေဆိုခြင်းဖြင့် ရရှိလာသည့် အမှတ်များကိုစုပေါင်းပြီး အမှတ်ပြိုင်ပွဲဆုချီးမြှင့်ခြင်းအစီအစဉ် (Point Rewards Program) နှင့် ကံစမ်းမဲအစီအစဉ် (Lucky Draw Rewards Program) တို့တွင် ပါဝင်ဆင်နွှဲပြီး နေ့စဉ်၊ အပတ်စဉ်၊ လစဉ်နှင့် အထူးဆုကြီးများဖြစ်သည့် ရွှေသား (၃)ကျပ်သား၊ ဘာလီကျွန်းနှင့် ဗီယက်နမ်ခရီးစဉ်၊ မော်တော်ဆိုင်ကယ်၊ တီဗီ၊ ရေခဲ့သေတ္တာနှင့် အခြားသောဆုလက်ဆောင်များစွာရရှိနိုင်မည်ဖြစ်သည်။

ဆုပေးအပ်မည့်အစီအစဉ်များကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်မှ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကံထူးရှင်များကို MPT မှ တိုက်ရိုက် ဆက်သွယ်သွားမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို https://mpt.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

HM- ဆသရ

» စာ- ၁၄ မှ

မှုနှင့် ပတ်သက်၍ (၃.၈.၂၀၁၀) ရက်မှ (၁၂.၈.၂၀၁၀) ရက်အထိ Comprehensive System Approach-CSA Audit အဖြစ်လည်းကောင်း၊ (၆.၁၁.၂၀၁၃) ရက်မှ (၁၂.၁၁.၂၀၁၃) ရက်အထိ ICAO Coordinated Validation Mission-ICVM Audit အဖြစ်လည်းကောင်း၊ (၁၀.၁၂.၂၀၁၈) ရက်မှ (၂၁.၁၂.၂၀၁၈) ရက်အထိ Continuous Monitoring Approach-CMA Audit အဖြစ်လည်းကောင်း၊ အစစ်ဆေးခံခဲ့သည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ICAO Regional Office (Thailand) တွင်ပြုလုပ်သော CMA Workshop သို့ တက်ရောက်ခဲ့ရာတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ USOP Audit လာရောက်စစ်ဆေးမည့် လျာထားချက်အစီအစဉ်အား သိရှိခဲ့ရသည့်အတွက် ညွှန်ကြားရေးမှူးချုပ်ထံသို့တင်ပြ၍ ဌာနတွင်း Internal Meeting ကျင်းပပြီး အစစ်ဆေးခံရမည့် အခြေအနေအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ သတင်းပို့တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ အောင်မြင်စွာ အစစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သည်များစီမံဆောင်ရွက်ရန် လမ်းညွှန်မှုပြုပေးခဲ့သည်။

Audit အစစ်ဆေးခံမည့်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ICAO နှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည့် မြန်မာနိုင်ငံ၏ National Continuous Monitoring Coordinator (NCMC) အဖြစ် လေကြောင်းစံချိန်စံညွှန်းနှင့် စစ်ဆေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းအားလည်းကောင်း၊ အစစ်ဆေးခံရမည့် ဇရိယာများအတွက် ဇရိယာတာဝန်ခံ (Focal Point) များအား ခန့်အပ်တာဝန်ပေးအပ်၍ လုပ်ငန်းတာဝန်များအား ဆောင်ရွက်စေခဲ့ပါသည်။ အစစ်ဆေးခံရမည့် ဇရိယာတာဝန်ခံများအနေဖြင့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှစ၍ မိမိတို့၏ဇရိယာများအလိုက် ပုံမှန်ဆောင်ရွက်မှုများအပြင် အပတ်စဉ်စနေနေ့တိုင်း တစ်ပတ်တစ်ကြိမ် Audit အစစ်ဆေးခံနိုင်ရေးအတွက် ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ICAO Combine Action Team-CAT Mission လာရောက်၍ ကြိုတင်စိစစ်မှုများ ပြုလုပ်ပြီး ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စများအား လမ်းညွှန်ပေးခဲ့ပါသည်။ (၁၃.၇.၂၀၁၈)ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ICAO Regional Office တွင် Regional Director Mr. Arun Mishra မှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် NCMC ဖြစ်သူ လေကြောင်းစံချိန်စံညွှန်းနှင့် စစ်ဆေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းတို့အား အရေးကြီးဆောင်ရွက်ရမည့်ကိစ္စများ အကြံပြုဆွေးနွေးပေးခဲ့သည်။

ICAO Regional Director ၏ အကြံပြုချက်နှင့် ပတ်သက်၍ (၁၆.၇.၂၀၁၈) ရက်တွင် ညွှန်ကြားရေးမှူးချုပ်မှ သက်ဆိုင်ရာဇရိယာတာဝန်ခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ (၁၇.၇.၂၀၁၈) ရက်တွင် ပြည်တွင်းလေကြောင်းလိုင်းများမှ CEO များ MD များနှင့် တွေ့ဆုံ၍ လိုအပ်သည့် Seconded FOI များ ခန့်အပ်နိုင်ရေးအတွက် အမည်စာရင်းပေးပို့ရန် ညှိနှိုင်းခြင်း၊ (၁၈.၇.၂၀၁၈) ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား ICAO Regional Office မှ ချမှတ်ပေးထားသည့် Action Plan များနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအမံများအား ညွှန်ကြားရေးမှူးချုပ်မှ ရှင်းလင်းတင်ပြခဲ့ပါသည်။ (၂၁.၇.၂၀၁၈)ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ USOAP Action Plan နှင့် ပတ်သက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လာရောက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။ (၂၈.၇.၂၀၁၈) ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ USOAP Audit အား အောင်မြင်စွာအစစ်ဆေးခံနိုင်ရေးအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ကိုယ်တိုင်လာရောက်၍ ဆွေးနွေးမှာကြားပြီး USOAP-Audit Preparation Task Force ကို ဖွဲ့စည်းပေးပြီး အမြဲတမ်းအတွင်းဝန်အား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲတာဝန်ခံများဖြင့် ဖွဲ့စည်း၍ ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။

ICAO Regional Office ၏ လမ်းညွှန်ချက်နှင့်အညီ Seconded Flight Operating Inspector-FOI များ၊ Cabin Crew Safety Inspector-CSI များ၊ Ground Handling Inspector-GHI များ၊ Dengerous Goods Inspector-DGI များအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ လေကြောင်းစံချိန်စံညွှန်း စစ်ဆေးရေးဌာနခွဲ၊ ပျံသန်းစစ်ဆေးရေးဌာနခွဲတို့မှ Inspector များ၊ FOI များနှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ DCP လေယာဉ်မှူးများအား Certified Course များ ဖွင့်လှစ်ပို့ချပေးခြင်း၊ မြန်မာအမျိုးသားလေကြောင်း (MNA) နှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) တို့အား Recertification ပြုလုပ်ခြင်း စသည့် အရေးကြီးသောလုပ်ငန်းစဉ်များအား ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့သည်။

USOAP-Audit Preparation Task Force အနေဖြင့် အပတ်စဉ်သောကြာနေ့တိုင်း ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ပြီး ဇရိယာတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သည့် လုပ်ငန်းအခြေအနေများအား ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်။ အစည်းအဝေးမှတ်တမ်းတင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးမှ စိစစ်ကြည့်ရှု၍ လိုအပ်သည့် လမ်းညွှန်မှုများအား မပျက်ပြုလုပ်ပေးခဲ့ပါသည်။ Legislation အပိုင်းတွင် Myanmar Aircraft Rules နှင့် Aircraft Accident Investigation Rules များအား Audit မစစ်ဆေးမီအချိန်မီ Amendment ပြုလုပ်ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုနိုင်ရေးဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်မှ (၂၁) ရက်အထိ ICAO မှ Auditor (၆) ဦးပါဝင်သောအဖွဲ့ဖြင့် လာရောက်စစ်ဆေးခဲ့ပြီးနောက် ICAO ၏ Final Report ပေးပို့မှုအရ ပျမ်းမျှရမှတ် (၇၀.၀၃) ရာခိုင်နှုန်းရရှိခဲ့ပါသည်။ ၂၀၁၀ ခုနှစ်၊ Conprehensive System Approach-CSA Full Audit တွင် (၅၂.၁၅) ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ICAO Coordinated Validation Mission-ICVM Audit တွင် (၆၅.၉၂) ရာခိုင်နှုန်းရရှိခဲ့သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် President of ICAO Council Safety Award Certificate ရရှိခဲ့ခြင်းမှာ USOAP-CMA Audit အတွက် ကြိုတင်ပြင်ဆင်ချိန်မှစ၍ အစစ်ဆေးခံပြီးသည့်အထိ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုပေးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့၏ စဉ်ဆက်မပြတ်ပံ့ပိုးကူညီမှု၊ Audit စစ်ဆေးသည့်ကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီးဦးမင်းသူလည်း လာရောက်အားပေးကူညီခဲ့ခြင်း၊ ထို့အပြင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအတွက် လိုအပ်သော Technical Assistant များစေလွှတ်ခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းခြင်းတို့ အား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သော ICAO Regional Director Mr.Arun Mishra တို့၏ ပံ့ပိုးကူညီမှုများအရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၏ မှန်ကန်သော ဦးဆောင်မှုဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သက်ဆိုင်ရာအရာထမ်း အမှုထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ရေးသားအပ်ပါသည်။

Transcom

ဖြိုတီသျှကောင်စီက မြန်မာနိုင်ငံအတွင်း အချိန်နေရာမရွေး သုံးစွဲနိုင်သည့် ဒီဂျစ်တယ်စာကြည့်တိုက် စတင်ဖွင့်လှစ်



ဖြိုတီသျှကောင်စီက မြန်မာနိုင်ငံအတွင်း အချိန်နေရာမရွေးသုံးစွဲနိုင်သည့် ဒီဂျစ်တယ် စာကြည့်တိုက်အား စတင်မိတ်ဆက်သည့် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ဖြိုတီသျှကောင်စီစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါဒီဂျစ်တယ်စာကြည့်တိုက်သည် ကျောင်းသူ၊ ကျောင်းသားများ စာတမ်းရေးသားပြုစုနေသူများ၊ အင်္ဂလိပ်စာတိုးတက်လိုသူများ။ သုတေသနပြုလုပ်နေသူများနှင့် စာကြည့်တိုက်များ မရှိသည့် နယ်ဒေးဒေသများတွင် နေထိုင်သူများအတွက် အဓိကရည်ရွယ်ပြီး ရသစာပေများ၊ မှတ်တမ်းရုပ်ရှင်နှင့် တီဗွီအစီအစဉ်များ ကြည့်ရှုလိုသူများနှင့် Audio Book ခေါ် အသံထွက်ဖတ်ပြသည့် စာအုပ်များကိုလည်း နားဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုပြင် ဖြိုတီသျှကောင်စီ၏ ဒီဂျစ်တယ်စာကြည့်တိုက်တွင် မဂ္ဂဇင်းနှင့် သတင်းစာပေါင်း ၇၀၀၀ ကျော်၊ သုတ၊ ရသ eBook နှင့် Audiobook ပေါင်း ၃၀၀၀ ကျော်၊ ဘာသာရပ်ဆိုင်ရာ eBook ပေါင်း တစ်သိန်းကျော်၊ ရုပ်ပြကာတွန်းကားများနှင့် software အသုံးပြုနည်း ဗွီဒီယိုများအပြင် ဖြိုတီသျှကောင်စီ၏ IELTS စာမေးပွဲအတွက် ပြင်ဆင်လေ့လာခြင်းနှင့်ပတ်သက်သည့် အွန်လိုင်းလေ့ကျင့်ရေးသင်တန်းတစ်ခုလည်း ပါဝင်ပြီး အင်တာနက်အသုံးပြုနိုင်မည့် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာမဆို အသုံးပြုနိုင်ကြောင်း ဖြိုတီသျှကောင်စီ ဒီဂျစ်တယ်စာကြည့်တိုက်မှ သိရသည်။

ဒီဂျစ်တယ်စာကြည့်တိုက် အသင်းဝင်ကြေးမှာ တစ်နှစ်လျှင်သုံးသောင်းကျပ်ဖြစ်ပြီး အဆိုပါစာကြည့်တိုက်အား ဩဂုတ်လမှစတင်စမ်းသပ်လှှင့်တင်ထားကာ မြန်မာနိုင်ငံနေရာအနှံ့အပြားမှ အသင်းဝင်ထားသူ ၁၁၀၀ ခန့်ရှိနေပြီး အသင်းဝင်များသည် ကမ္ဘာတစ်ဝန်းမှ မဂ္ဂဇင်းများ၊ သတင်းစာများ၊ ရုပ်ပြကာတွန်းများနှင့် ဝတ္ထုများစွာကိုပါ အသုံးပြုခွင့်ရရှိနိုင်မည်ဖြစ်သည်။

စိတ်ထက်

သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ်ဖြစ် Viber မှ စတစ်ကာကို Sweety Home က မိတ်ဆက်

ပြည်တွင်းမှ ထိပ်တန်းပရိဘောဂထုတ်လုပ်ရောင်းလုပ်ငန်းဖြစ်သည့် Sweety Home ကုမ္ပဏီလီမိတက်သည် မြန်မာရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်နှင့် နေ့စဉ်ဘဝတွင် လူငယ်များအကြား အသုံးများသောဆောတ်စကားအသုံးအနှုန်းများဖြင့် အထူးဖော်ကျူးကာ ဖန်တီးထားသော Viber စတစ်ကာများကို စက်တင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ Viber Sticker Market တွင် အခမဲ့ Download ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။


Sweety Home ကုမ္ပဏီလီမိတက်မှ အကြီးတန်းဒါရိုက်တာဖြစ်သူ ဒေါ်ခင်သီတာနွယ်က "မနှစ်က Sweety Home Viber စတစ်ကာကိုလည်း အခုလိုပဲအခမဲ့ Download သုံးလန့် ပထမဆုံးအကြိမ်လုပ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာလည်း မနှစ်ကထက်ပိုပြီး ချစ်ဖို့ကောင်းအောင် နောက်ဆုံးသုံးစွဲသူတွေအတွက် သူတို့ရဲ့နေ့စဉ်ဘဝနဲ့ ဆက်စပ်ပြီး သုံးလို့ရမယ့်လူငယ်အကြိုက်ခေတ်ကာလစကား အသုံးအနှုန်းတွေနဲ့ ထပ်မံမိတ်ဆက်လိုက်ရတာပါ" ဟု ပြောသည်။

သီတင်းကျွတ်ပွဲတော်ကြီးကို ဖော်ကျူးသည့် စတစ်ကာများ၊ ချစ်စဖွယ်ချစ်သူစုံတွဲ၏ ချစ်စဖွယ်ဟန်ပန်အမူအရာများ စသဖြင့် စတစ်ကာပေါင်း ၂၄ ခုကို မြန်မာ Viber သုံးစွဲသူများအတွက် အထူးရည်ရွယ်ပြီး Sweety Home ကုမ္ပဏီမိသားစုမှ အမှတ်တရလက်ဆောင်အဖြစ် ဒုတိယအကြိမ် မိတ်ဆက်ပေးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

BPO



YBS ယာဉ်စီးခငွေပေးချေရာတွင် ငွေပေးချေကတ်များကို အောက်တိုဘာလလယ်တွင် စမ်းသပ်အသုံးပြုမည်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုလျက်ရှိသော YBS ယာဉ်ကြီးများ၌ ယာဉ်စီးခငွေပေးချေရာတွင် အသုံးပြုမည့် အီလက်ထရွန်နစ်စနစ် ငွေပေးချေကတ်များ အောက်တိုဘာလလယ်တွင် ယာဉ်အစီး ၁၅၀၀ ၌ စမ်းသပ်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။


ဘတ်စ်ကားများအား Bus Validator စက်များတပ်ဆင်ရင်း စမ်းသပ်ပြေးဆွဲကာ အီလက်ထရွန်နစ်ငွေပေးချေကတ်များ စတင်အသုံးပြုမည်ဖြစ်ပြီး ပထမအသုတ်အစီးရေ ၁၅၀၀ အား စက်တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ ကတ်များအသုံးပြုခြင်းများ စတင်နေချိန်တွင် ဒုတိယအသုတ်မော်တော်ယာဉ်များအတွက် စက်များတပ်ဆင်သွားမည်ဖြစ်သည်။

Yangon Payment Service အနေဖြင့် အီလက်ထရွန်နစ်ငွေပေးချေကတ်များကို ကိုယ်ပိုင်ဝန်ဆောင်မှုစင်တာများ၊ အေးဂျင့်များထားရှိကာ ဖြန့်ဖြူးမည်ဖြစ်ပြီး ဝန်ဆောင်မှုစင်တာများတွင်မှတ်ပုံတင်ခြင်း၊ ကတ်လျှောက်ခြင်း၊ ကတ်ပျောက်ခြင်း၊ ကတ်နှင့် ပတ်သက်သော အချက်အလက်များကို စစ်ဆေးခြင်း၊ စုံစမ်းခြင်း၊ အကူအညီရယူခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အချိတ်အဆက်ထိစေရန် မြို့နယ်များအလိုက် ဝန်ဆောင်မှုပေးမည်ဖြစ်ကာ အီလက်ထရွန်နစ်စနစ် ငွေပေးချေကတ်များကို ယာဉ်ပေါ်အတက်တစ်ခါ၊ အဆင်းတစ်ခါဖြတ်သောစနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး စက်အားကတ်ဖြင့် ဖြတ်သည့်အခါတိုင်း အသံပေးသောအသံစနစ်ထည့်သွင်းပေးထားသည်။

ခရီးသည်တင်ယာဉ်ကြီးများအတွက် စက်တပ်ဆင်မှုကို ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းခန့်တွင် အပြီးသတ်တပ်ဆင်နိုင်မည်ဟု ခန့်မှန်းထားပြီး စက်တပ်ဆင်နိုင်မှုအပေါ်မူတည်၍ ငွေပေးချေကတ်များ ဖြန့်ဝေမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ ခရီးသည်တင်ဘတ်စ်ကား အသုံးပြုသူ ၉၀ ရာခိုင်နှုန်းခန့်ကို ကတ်များအသုံးပြုရန်ဆောင်ရွက်ထားကြောင်း သိရသည်။

ဖွဲ

Transcom News journal Cartoons



ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးအား World Vision International Myanmar တွေ့ဆုံ



ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိရေးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား World Vision International Myanmar က သွားရောက်တွေ့ဆုံခဲ့ကြောင်းသိရသည်။

စက်တင်ဘာ (၂၇)ရက်တွင် နေပြည်တော်၌ သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးအား World Vision International Myanmar က သွားရောက်တွေ့ဆုံခဲ့ရာတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိရေးတို့အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့တွေ့ဆုံရာတွင် World Vision International Myanmar က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုအလွဲသုံးစားပြုလုပ်မှုများမှ တားဆီးကာကွယ်ရေး၊ လမ်းပေါ်နေ ကလေးသူငယ်များပြန်လည်ထူထောင်ရေး၊ လူကုန်ကူးမှုများ မဖြစ်ပွားစေရန် တားဆီးကာကွယ်ရေး နယ်ပယ်များတွင် World Vision အဖွဲ့အစည်းနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်နိုင်မည့် အခြေအနေများ၊ UEHRD ၏ လူငယ်လုပ်အားပေး အစီအစဉ်များတွင် World Vision မှ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ နှင့်အခြားမြို့ကြီးများတွင် လမ်းပေါ်နေကလေးသူငယ်များအား ကူညီထောက်ပံ့ပေးနိုင်ရေး၊ ပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ သင်ကြားဖန်တီးပေးနိုင်ရေးနှင့် ဆိုးကျော့သံသရာမှလွတ်မြောက်ရေးတို့ အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ လူကုန်ကူးခံရသူများ၏ မိသားစုအခက်အခဲများ ဖြေရှင်းပေးနိုင်ရေးအတွက် အသေးစားချေးငွေစနစ် (Micro Finance) အား World Vision အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ES

ပြည်တွင်းခ်ဳ TECNO Mobile ၏ နောက်ဆုံးထုတ် SPARK 4 စမတ်ဖုန်း စတင်ရောင်းချ



TECNO Mobile ၏ နောက်ဆုံးထုတ် SPARK 4 စမတ်ဖုန်းကို စက်တင်ဘာ (၂၇)ရက်က စတင်မိတ်ဆက်ခဲ့ပြီး အောက်တိုဘာ (၁)ရက်မှစ၍ ပြည်တွင်းခ်ဳ ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

TECNO မိုဘိုင်းလ်မြန်မာ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr. Jason Wang မှ " SPARK 4 ဟာ သုံးစွဲသူတွေအတွက် ငွေကြေးအတွက်စိတ်ပူစရာမလိုဘဲ အကောင်းဆုံးမိုဘိုင်းလ်ဖုန်းအတွေ့အကြုံတွေကို လူတိုင်းရရှိခံစားအောင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ TECNO ရဲ့ ကတိကဝတ်ကို သက်သေပြလိုက်တဲ့ အထောက်အထားတစ်ခုပါပဲ။ အမြဲတမ်းအသစ်အဆန်းကို ရှာဖွေနေကြတဲ့ ဒီနေ့ခေတ် လူငယ်တွေရဲ့ လိုအပ်ချက်နဲ့ လူနေမှုပုံစံကို ဒီနောက်ဆုံးထုတ်ဖုန်းနဲ့ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့အထူးဂရုစိုက်ခဲ့ကြတာပါ " ဟု TECNO SPARK 4 စမတ်ဖုန်းမိတ်ဆက်ပွဲတွင် ပြောသည်။

TECNO SPARK 4 တွင် (၆.၅၂) လက်မအကျယ်ရှိ high-resolution screen မျက်နှာပြင်၊ မည်သည့်အလင်းရောင်အခြေအနေတွင်မဆို ကြည်လင်တောက်ပပြီး လှပသောပုံရိပ်များကို ဖမ်းယူရိုက်ကူးနိုင်သည့် Dual Flash ၊ Bokeh shot ဖြင့် သဘာဝကျကျပုံရိပ်များကို ရိုက်ကူးနိုင်မည့် 13 MP AI ကင်မရာသုံးလုံး၊ အရည်အသွေးမြင့် selfies ပုံများကို ဖမ်းယူနိုင်မည့် 8MP အရှေ့ကင်မရာနှင့် hidden flashlight၊ နောက်ဆုံးထုတ် Version များဖြစ်သည့် Android TM 9Pie ၊ Hios 5.5 နှင့် 4000mAh ဘတ္တရီများပါဝင်သည်။

TECNO SPARK 4 စမတ်ဖုန်းသည် 3 GB RAM, 32 GB ROM နှင့် 4 GB RAM, 64 GB ROM နှစ်မျိုးရရှိနိုင်ပြီး 3 GB RAM, 32 GB ROM ကို (၁၅,၉၉၀)ကျပ်၊ 4 GB RAM, 64 GB ROM ကို (၁၉,၉၉၀) ကျပ်ဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကာ Royal Purple နှင့် Vocation Blue ဟူ၍ အရောင်နှစ်ရောင်ရွေးချယ် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဖွဲ့၊ စိတ်ထက်

VINGROUP လုပ်ငန်းစုမှ VSmart စမတ်ဖုန်းမော်ဒယ်အမျိုးအစားအသစ် ၄ မျိုး မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

Vingroup လုပ်ငန်းစု၏ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သော VinSmart သည် စမတ်ဖုန်းမော်ဒယ်အမျိုးအစားအသစ် (၄)မျိုးအား မြန်မာနိုင်ငံ၌ တရားဝင်စတင်မိတ်ဆက်သည့် အခမ်းအနားကို ရန်ကုန်မြို့ MeliaHotel ၌ စက်တင်ဘာ (၂၅)ရက်က ကျင်းပခဲ့သည်။

VinSmart သည် သုံးစွဲသူများအတွက် အကောင်းမွန်ဆုံးအသုံးပြုမှုအတွေ့အကြုံများအားပေးအပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နောက်ဆုံးပေါ် Android ပလက်ဖောင်းအား အခြေခံ၍ကိုယ်ပိုင် operating system VOS 2.0 ကို ဒုတိယမျိုးဆက် Vsmart စမတ်ဖုန်းများတွင် ထည့်သွင်းပေးထားပြီး ယခုမိတ်ဆက်လိုက်သည့် Vsmart စမတ်ဖုန်းမော်ဒယ် အမျိုးအစားအသစ် (၄)မျိုးမှာ Vsmart Live , Vsmart Bee , Vsmart Star နှင့် Vsmart Joy 2+ တို့ဖြစ်ကြောင်း သိရသည်။

VinSmart ၏ အမှုဆောင်အရာရှိချုပ် Mr.Tran Minh Trung က "မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍဟာ အံ့အားသင့်ဖွယ်ကောင်းလောက်အောင်တိုးတက်နေပြီး ဒီလိုစွေးကွက်အတွင်းမှာ ကျွန်တော်တို့ VinSmarအရဲ့ နောက်ဆုံးထုတ် စမတ်ဖုန်း (၄)မျိုးဖြစ်တဲ့ Bee , Star, Joy 2+ နဲ့ Live တို့ကို ဒီနေ့မိတ်ဆက်ပေးနိုင်တဲ့အတွက် အရမ်းကို ဂုဏ်ယူမိပါတယ်။ နောက်ပြီး မြန်မာနိုင်ငံရဲ့အံ့အားသင့်ဖွယ် ဒစ်ဂျစ်တယ်ခရီးလမ်းမှာ တစ်စိတ်တစ်ပိုင်းပါဝင်ခွင့်ရတဲ့အတွက်လည်း တစ်ကယ့်ကို စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော်တို့ VinSmart အနေနဲ့ လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ပြုလုပ်သွားမှာဖြစ်ပြီး အနာဂတ်မှာ အသုံးပြုသူတွေဆီကို အဆင့်မြင့်ဆုံးနည်းပညာတွေ၊ အရည်အသွေးအကောင်း မွန်ဆုံးထုတ်ကုန်တွေကို ပေးအပ်သွားနိုင်ဖို့အတွက် နည်းဗျူဟာကျကျလုပ်ကိုင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ Vsmart စမတ်ဖုန်းမော်ဒယ်အသစ်များကို စက်တင်ဘာ (၂၅)ရက်နောက်ပိုင်းမှစတင်၍ အရောင်းဆိုင်ပေါင်း (၁၀၀၀) ခန့်တွင် Vsmart Bee(1 GB RAM + 16 GB ROM) ၅၄၉,၉၀၀ ကျပ် ၊ Vsmart Star (2 GB RAM+ 16 GB ROM) ၁၁၉,၉၀၀ ကျပ် ၊ Vsmart Joy 2+ (2 GB / 3 GB RAM + 32 GB ROM) ၁၈၉,၉၀၀ ကျပ်နှင့် ၂၂၉,၉၀၀ ကျပ်၊ Vsmart Live (4 GB / 6 GB RAM + 64 ROM) ၄၃၉,၉၀၀ ကျပ်နှင့် ၄၉၉,၉၀၀ ကျပ်တို့ဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

VinSmart အမှတ်တံဆိပ်အား စတင်တည်ထောင်ချိန်မှစ၍ ယခုအချိန်အထိ တစ်နှစ်ကျော်ကာလအတွင်း VinSmart သည် စွေးကွက်အတွင်း၌ မိုဘိုင်းဖုန်းအမျိုးအစားပေါင်း (၈)မျိုးအား တရားဝင်မိတ်ဆက်ခဲ့ပြီးဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ်၊ နှစ်ကုန်ပိုင်းမတိုင်မီတွင် အခြားသောထုတ်ကုန်များ ကိုလည်းထပ်မံမိတ်ဆက်သွားနိုင်ရန် မျှော်လင့်ထားကြောင်းသိရသည်။

စိတ်ထက် ၊ ဘုန်းပိုင်ဦး



မြန်မာနိုင်ငံအနာကုသရေးဆေးပညာအဖွဲ့ တရားဝင်ဖွဲ့စည်း

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ၏လက်အောက်တွင် ဆေးပညာရှင်ပေါင်း (၁၅)ဖွဲ့ပါဝင်သည့် မြန်မာနိုင်ငံအနာကုသရေးဆေးပညာအဖွဲ့ကို စက်တင်ဘာလမှစ၍ တရားဝင်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းအား အရိုးရောဂါကုပညာအဖွဲ့မှ ဆရာဝန်များ၊ ခွဲစိတ်ကုပညာအဖွဲ့မှ ဆရာဝန်များ၊ အင်ဒိုခရိုင်းနှင့် မတ်တာဘောလစ်ဆေးပညာအဖွဲ့မှ ဆရာဝန်များ၊ ကင်ဆာဆေးပညာအဖွဲ့မှ ဆရာဝန်များ၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ဆရာဝန်များ၊ မျက်နှာ၊ မေးရိုးခံတွင်းပြုပြင်မှုဆိုင်ရာအဖွဲ့မှ ဆရာဝန်များ၊ အရေပြားဆေးပညာအဖွဲ့မှ ဆရာဝန်များ၊ ပုံရိပ်ဖော်ဆေးပညာအဖွဲ့မှ ဆရာဝန်များ၊ နှလုံးဆေးပညာအဖွဲ့မှ ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ဆရာဝန်များ၊ သူနာပြုများ စသည့် စုစုပေါင်း (၁၅)ဖွဲ့ဖြင့် ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံအနာကုသဆေးပညာအဖွဲ့အနေနှင့် သင်ယူလေ့လာရေးကို အဓိကထားပြုလုပ်သွားမည်ဖြစ်ပြီး အသင်းဝင်များအတွက် အစဉ်အဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ကာ နောက်ဆုံးပေါ်ကုထုံးများအကြောင်းနှင့် ပတ်သက်၍လည်း သင်ကြားပေးသွားမည်။ ထို့အပြင် နိုင်ငံတကာညီလာခံများ တက်ရောက်လေ့လာဆည်းပူးခြင်းနှင့် ပြည်သူလူထုအအရေပြေပြသင်တန်းများကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် အနာကုသရေးဆေးပညာအဖွဲ့သည် လွန်ခဲ့သည့် အနှစ် (၂၀)ကတည်းက ဖွဲ့ပြီးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အနာကုသရေးဆေးပညာအဖွဲ့ကို ယခုမှစပြီး အကောင်အထည်ဖော်နိုင်ပြီဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအနာကုသရေးဆေးပညာအဖွဲ့အနေဖြင့် အာဆီယံရောဂါကုသရေးအဖွဲ့ဝင်ဖြစ်သွားကာ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်မည့် အာဆီယံအနာရောဂါကုသရေးအဖွဲ့၏ လေးကြိမ်မြောက်ညီလာခံကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့

ပို့ဆောင်ဂျာနယ် TRANSCOM NEWS JOURNAL သတင်းဂျာနယ်
www.transcomjournal.com
JP

Miss Palmolive Myanmar 2019
အတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်



မြန်မာအမျိုးသမီးများ မိမိကိုယ်ပိုင်ကြိုးစားအားထုတ်မှုဖြင့် ပိုမိုကောင်းမွန်သောအရာများကို ပိုင်ဆိုင်နိုင်စေရန် အားဖြည့်ကူညီသည့်အနေဖြင့် Palmolive မှ Miss Palmolive ၂၀၁၉ ဆံကေသာအလှမယ်တစ်ဦးကို ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

ရင်သပ်ရှုမောဖွယ် လှပသောဆံကေသာနှင့်အတူ လှပသောပြိုင်ပွဲဝင်များကို ရွေးချယ်ရန်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးရှိ အမျိုးသမီးများအား ဤပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ထားပြီး Miss Palmolive ၂၀၁၉ ဆုရှင်အဖြစ်အနိုင်ရရှိသူအား ဆုငွေကျပ် (၁၀)သိန်းအပြင်၊ ဆုငွေကျပ်သိန်း (၃၀)တန်ကြေးရှိ အခြားသောဆုမဲပေါင်း မြောက်များစွာကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

Miss Palmolive Myanmar ၂၀၁၉ ဖြစ်လာမည့် အခွင့်အရေးတစ်ခုအတွက် ပြိုင်ပွဲဝင်များသည် မိမိတို့၏ ရှည်လျားတောက်ပပြီး ကျန်းမာသောဆံကေသာများနှင့်အတူ သဘာဝကျကျလှပနေသော မိမိတို့၏လက်တလော ရိုက်ထားသော ဓာတ်ပုံများဖြင့် #misspalmolivemyanmar ၂၀၁၉ ဟူသောခေါင်းစဉ်ဖြင့် မိမိတို့၏ကိုယ်ပိုင် Facebook စာမျက်နှာပေါ်တွင် Public ဖြင့်တင်ပြီး Palmolive Myanmar Facebook စာမျက်နှာသို့ လင့်ခ် (သို့မဟုတ်) screenshot များပေးပို့ကာ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

Miss Palmolive Myanmar ၂၀၁၉ ရွေးချယ်ပွဲကြီးကို (၄)ပတ်ကြာကျင်းပမည်ဖြစ်သည်။ အပတ်စဉ် ဆန်ကာတင် (၅)ဦး ရွေးချယ်ပြီး Palmolive လက်ဆောင်ပစ္စည်းအပြင် ငွေသား (၅၀၀၀၀) ကျပ်တိတိကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ အပတ်စဉ်ရွေးချယ်ထားသော ဆန်ကာတင်ပြိုင်ပွဲဝင် (၂၀) ဦးမှ မိမိတို့ကိုယ်တိုင် ရိုက်ကူးပေးပို့ထားသည့် မိတ်ဆက်ဗီဒီယိုအား ကြည့်ရှုစစ်ဆေးပြီးနောက် ဆန်ခါတင် (၁၀)ဦး ထပ်မံရွေးချယ်မည်ဖြစ်သည်။ ဆန်ခါတင် (၁၀)ဦးသည် social influencer မဝင်းမင်းသန်း၏တစ်ရက်တာ coaching session အား တက်ရောက်ရန်အခွင့်အရေးရရှိမည်ဖြစ်ပြီး၊ ပြိုင်ပွဲဝင်အလှဓာတ်ပုံများကိုလည်း ဓာတ်ပုံပညာရှင် ကိုအောင်ဇော် (Love Space) မှ ရိုက်ကူးပေးမည်ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရမည့် ကာလသည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်မှ အောက်တိုဘာ (၂၇) ရက်အထိ ဖြစ်ပြီး နိဝင်ဘာလ (၂၇)ရက်တွင် Miss Palmolive Myanmar ၂၀၁၉ ဆုရှင်အား ရွေးချယ်ကြေညာပေးသွားမည်ဖြစ်သည်။

Miss Palmolive Myanmar ၂၀၁၉ ဆုရှင်ရွေးချယ်မှုကို နိဝင်ဘာလတွင် ကြော်ငြာသွားမည်ဖြစ်ပြီး ဆုငွေကျပ် (၁၀) သိန်းတိတိအား ပေးအပ်သွားမည့်အပြင် Palmolive Myanmar ၏ Facebook စာမျက်နှာတွင်လည်း ဖော်ပြသွားမည်ဖြစ်သည်။

ES

မြန်မာနိုင်ငံတွင် အမေရိကန် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ရေး ဆွေးနွေး

အမေရိကန်နိုင်ငံ US-ASEAN Business Council နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ ပူးပေါင်း၍ "Business Meeting with US-ASEAN Business Council Delegation" ကို စက်တင်ဘာ (၃၀)ရက်က ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးမြှင့်ရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး ပေါ်ထွက်လာသောစိုးရိမ်ကြောင့်ကို ရင်ဆောင်တန်နိုင်ရေး စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များမှ ဆွေးနွေးခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

ယင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ US-ASEAN Business Council မှ President & CEO ဖြစ်သူ Mr. Alexander C. Feldman က "အဓိကတော့ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဖို့ပါ။ အမေရိကန်ကုမ္ပဏီ အများအပြားလည်းပါပါတယ်၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုရော၊ ပူးပေါင်းဆောင်ရွက်မှုများပါ တိုးမြှင့်လုပ်ဆောင်သွားကြမှာပါ" ဟုပြောသည်။

မြန်မာနိုင်ငံတွင် တယ်လီကွန်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ လက်ကားရောင်းချခြင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများကို အလျင်အမြန်တိုးတက်စေချင်ကြောင်းလည်း ဆွေးနွေးခဲ့ကြသည်။ ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာများ၊ မော်တော်ကားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာများတွင်လည်း အမေရိကန်စီးပွားရေးလုပ်ငန်းများ ပိုမိုပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr.Scot Marciel ၊ အမေရိကန်စီးပွားရေး ကုမ္ပဏီများဖြစ်ကြသော Abbott, Amazon, Bower Group Asia, Chevron, Chubb, Coca-Cola, Diageo, Ford, Google, Jhpiego, MasterCard, Visa တို့မှ လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အစည်းအဝေးသို့ အသင်းချုပ်မှ ဥက္ကဋ္ဌဦးဇော်မင်းဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ES

ရန်ကုန်ပြည်သူ့ဆေးရုံကြီးဌ အနာကုသရေးစင်တာ ယခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်နေ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာကုသရေးဌာနဌ Center of Excellent for Wound Care unit အနာကုသရေးစင်တာသို့ ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအနာကုသရေး ဆေးပညာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါစင်တာတွင် အဓိကအားဖြင့် အဂိုးရောဂါကဲ့ ဆရာဝန်များ၊ အင်ဒိုခရိင်နော်လော့ဂျစ် ဆရာဝန်များမှာမှ ကုသပေးမည်ဖြစ်ပြီး ဆီးချိုသွေးချိုရောဂါကုသမားတော်များ၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆရာဝန်များ၊ ပုံရိပ်ဖော်ဆေးပညာရှင်များ၊ သူနာပြုများ စသည်တို့မှ ပြုစုကုသပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိဆေးရုံများ၏ စာရင်းဇယားများကိုကြည့်ပါက ဆေးရုံတက်လူနာများ၏ ရာခိုင်နှုန်း (၄၀)သည် အနာမကျက်ခြင်းကြောင့် ဆေးရုံမှမဆင်းရခြင်း၊ အနာမကျက်၍ ခွဲစိတ်ရမည့်အချိန်တွင် မခွဲစိတ်ရခြင်း၊ အနာမကျက်ဘဲ ပိုဆိုးလာပြီး ခြေ၊ လက်ဖြတ်ပစ်ရခြင်း စသည်တို့ကို တွေ့နေရကြောင်း ယင်းကဲ့သို့ဖြစ်ပွားနေခြင်းကြောင်း စင်တာဖွင့်လှစ်၍ ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစင်တာ စတင်ဖွင့်လှစ်စဉ်လည်း ရှေ့ပြေးစပ်သပ်မှုများအနေဖြင့် ထိခိုက်ဒဏ်ရာကြောင့်ရရှိသော အနာများနှင့် ဆီးချိုသွေးချိုကြောင့်ဖြစ်သော အနာများကို ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိတ်ထက်

PEB Steel နှင့် Singapore Business Federation မြန်မာကိုယ်စားလှယ်အဖွဲ့တို့ စီးပွားရေးပူးပေါင်းမှုများ ပြုလုပ်ရန်ဆွေးနွေး

စင်ကာပူကုမ္ပဏီပေါင်း (၂၀) ဖြင့်ဖွဲ့စည်းထားသည့် Singapore Business Federation (SBF) သည် မြန်မာနိုင်ငံသို့ စက်တင်ဘာလ (၂၄) ရက်က လာရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ပူးပေါင်းလုပ်ကိုင်ရန်အခွင့်အလမ်းများကို လာရောက်လေ့လာခဲ့ရာ PEB Steel Myanmar မှ သီလဝါအထူးစီးပွားရေးဇုန်ရှိ PEB သံမဏိစက်ရုံသို့ လေ့လာရေးလှည့်လည်ပြသခဲ့ပြီး SBF ကိုယ်စားလှည့်လည်များနှင့် ဇည့်သည်တော်များအား PEB Steel မှ မြန်မာနိုင်ငံတွင်လုပ်ဆောင်နေသည့် လုပ်ငန်းများနှင့် အောင်မြင်ပြီးစီးခဲ့သည့် စီမံကိန်းများအကြောင်း ပိုမိုနားလည်စေရန် ရှင်းလင်းပြသခဲ့သည်။

မြန်မာပြည်အတွက်လိုအပ်သည့် သံမဏိထုတ်ကုန်များ၏ ၉၅% အထိကို ပြည်ပမှတင်သွင်းရစဉ်က PEB Steel သည် စက်ရုံများနှင့်သိုလှောင်ရုံများအတွက် လိုအပ်သောအရည်အသွေးမြင့် သံမဏိအစိတ်အပိုင်းများကို များစွာပိုမိုချိသာသောဈေးနှုန်း၊ တင်သွင်းချိန်ကြာမြင့်မှုလျော့ချပြီး ဝန်ဆောင်မှုအကောင်းဆုံးပေးကာ အသုံးပြုနိုင်ရန် မြန်မာပြည်တွင်းထုတ်သံမဏိများလိုအပ်ကြောင်း သက်သေပြနိုင်ခဲ့သည်။

PEB Steel ၏ မြန်မာနိုင်ငံရုံးခွဲကို ၂၀၀၈ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်း၌ စီမံကိန်းပေါင်း (၁၇၀) ကို အောင်မြင်စွာလုပ်ဆောင်ခဲ့ပြီးပြီဖြစ်သည်။ PEB ၏ အားကောင်းသောလုပ်ဆောင်မှုကြောင့် မြန်မာနိုင်ငံတွင် PEB သံမဏိစက်ရုံကို ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်နိုင်ခဲ့ပြီး မြန်မာ့စီးပွားရေးကို အထောက်အကူပြုနိုင်ခဲ့သည်။ PEB Steel မြန်မာစက်ရုံသည် နိုင်ငံတွင်း၌ အမျိုးအစားတူစက်ရုံများအနက် အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုလည်းဖြစ်သည်။ ယင်းစက်ရုံကြောင့် P.E.B အပါအဝင် သံမဏိစီမံကိန်းများအတွက် ဝယ်ယူသူဖောက်သည်များအား ပြည်တွင်းဖြစ် အရည်အသွေးထိပ်တန်းသံမဏိအစိတ်အပိုင်းများကို ပိုမိုသက်သာသောဈေးနှုန်း၊ တင်သွင်းချိန်အနည်းဆုံးဖြင့် ထုတ်လုပ်ပေးနိုင်ခဲ့သည်။

ES

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက လျှော်ကွာပုံစံကြေးများ ပြင်ဆင်သတ်မှတ်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ၂၀၁၈ ဇူလိုင်လက အဓိန့်ကြေညာစာထုတ်ပြန်ခဲ့သည့် အခငွေကြေးနှင့် နှောက်နေးနေသည့် ပေးပို့တင်ပြခြင်းအတွက် နောက်ကျကြေးများထဲမှ အချက် အချို့ကို ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ယင်းဌာနထံမှသိရသည်။

အဆိုပါ အဓိန့်ကြေညာစာ၏ နောက်ဆက်တွဲဇယား (၁)တွင် သတ်မှတ်ဖော်ပြထားသည့် အခငွေကြေးများထဲမှ အချက်အချို့ကို ပြင်ဆင်သတ်မှတ်လိုက်ခြင်းဖြစ်ပြီး ပြင်ဆင်သည့် နှုန်းထားများသည် လာမည့်အောက်တိုဘာ (၁)ရက်တွင် စတင်အကျိုး သက်ရောက်မည်ဖြစ်သည်။

အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီအဖွဲ့အစည်းတည်ထောင်ခြင်း လျှော်ကွာပုံစံက-၁ အတွက် အခကြေးငွေကို ကျပ် ၂၅၀,၀၀၀ မှ ၁၅၀,၀၀၀ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း လျှော်ကွာပုံစံက-၃ အတွက် အခကြေးငွေကို ကျပ် ၂၅၀,၀၀၀ မှ ၁၅၀,၀၀၀ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းလျှော်ကွာပုံစံ က-၄အတွက် အခကြေးငွေကို ကျပ် ၂၅၀,၀၀၀ မှ ၁၅၀,၀၀၀ ပြင်ဆင်သတ်မှတ်လိုက်သည်။

၁၉၅၀ ခုနှစ် အထူးကုမ္ပဏီများအက်ဥပဒေအရ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း လျှော်ကွာပုံစံက-၆ အတွက် အခကြေးငွေကို ကျပ် ၂၅၀,၀၀၀ မှ ၁၅၀,၀၀၀၊ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ခြင်းလျှော်ကွာပုံစံက-၈ အတွက် အခကြေးငွေကို ကျပ် ၂၅၀,၀၀၀ မှ ၁၅၀,၀၀၀၊ နှစ်စဉ်အစီအရင်ခံစာတင်ပြခြင်းအတွက် အခကြေးငွေကို ကျပ် ၂၀,၀၀၀ မှ ကျပ် ၅၀,၀၀၀ အဖြစ်သတ်မှတ်လိုက်ကြောင်းရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အမိန့်ကြေညာစာထုတ်ပြန်လိုက်သည်။

B.P.O

ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ဝန်းအတွင်း Historical Park တစ်ခုတည်ဆောက်မည်

ပဲခူးမြို့ရှိ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ဝန်းအတွင်း Historical Park တစ်ခုတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Historical Park ကို EMERALD LAKE ကုမ္ပဏီမှ လုပ်ကိုင်မည်ဖြစ်ပြီး မြန်မာတို့၏ကိုယ့်ထီးကိုယ့်နန်းနှင့် ယဉ်ကျေးမှုဓလေ့ပသုကာလက်ရာအဆင့်အတန်းမြင့်မားခဲ့ကြပုံကို နိုင်ငံခြားသားများသိရှိစေရန်၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ ဒေသခံများ၏ လက်မှုပညာရပ်များကို ကမ္ဘာလှည့် ခရီးသွားများအားပြသ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားသားနှင့် နိုင်ငံခြားခရီးသွားများ ဝုဏ်ယူစွာအပန်းဖြေနိုင်ရန်တို့အတွက် ရည်ရွယ်၍တည်ဆောက်ခြင်း ဖြစ်သည်။

Historical Park တည်ဆောက်ခြင်းဖြင့် ဒုတိယမြန်မာနိုင်ငံရဲ့သမိုင်းကြောင်းကြီးမြတ်တဲ့ အခြေအနေများ၊ သမိုင်းကြောင်းနှင့်အတူ အထောက်အထားပြနိုင်တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေ၊ ဒြပ်ရှိယဉ်ကျေးမှုအမွေများအား ဟာမိုနီဖြစ်စေရန် ပြုပြင်မှုများ၊ အင်တာတိန်းမန့်များနှင့်အတူ ဖော်ကျူးပြသသွားမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများပါ ထည့်သွင်းလုပ်ကိုင်မည်ဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီး၏ ဝုဏ်ပုဒ်နှင့် ဝင်ငွေများတိုးလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီးသည် ကမ္ဘောဇသာဒီနန်းတော်ကြီးကို အေဒီ ၁၅၅၃ တွင် စတင်တည်ဆောက်ခဲ့ပြီး အေဒီ ၁၅၅၆ တွင် ပြီးစီးအောင်မြင်ခဲ့ကာ သားတော်နန္ဒဘုရင်လက်ထက် အေဒီ ၁၅၈၉ တွင် တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့က ပူးပေါင်းပါဝင်တိုက်ခိုက်ဖျက်စီးခဲ့၍ နှစ်ပေါင်း (၄၀၀) ကျော် မြေလွှာဖုံးအုပ်ပျောက်ကွယ်ခဲ့ရသည်။ ထို့နောက်ရှေးဟောင်းသုတေသနဦးစီးဌာနမှဦးစီး၍ ၁၉၉၀-၁၉၉၁ ခုနှစ်ကစ၍ ပြန်လည်တူးဖော်ခဲ့ကြပြီး ယခုအခါဆက်လက်တူးဖော်ခြင်း၊ ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းများ လုပ်ဆောင်နေကြောင်း သိရသည်။

ဖွဲ့

ကားအရောင်းအဝယ်လုပ်နိုင်မည့် အစီအစဉ်ကို OneKyat မှ စတင်မိတ်ဆက်

အွန်လိုင်းအရောင်းအဝယ် အက်ပလီကေးရှင်းအဖြစ် ရပ်တည်လျက်ရှိသော အင်္ဂျီ အဝတ်အစား၊ ဝိဘိုင်းလ် ဖုန်း၊ ပရိဘောဂ၊ လူအသုံးအဆောင် ပစ္စည်းအမျိုးအစားအပြင် ကားနှင့် ဆက်စပ်ပစ္စည်းများကိုပါ ထပ်မံတိုးချဲ့ လိုက်ပြီဖြစ်သည်။

အက်ပလီကေးရှင်း အသုံးပြုသူ ပေါင်း တစ်သန်းကျော်ရရှိထားပြီး လူသုံးများသော အွန်လိုင်းအရောင်း အဝယ်အက်ပလီကေးရှင်း OneKyat မှ ၎င်း၏ အမျိုးအစားစုံလင်လှသော လူအသုံးအဆောင်ပစ္စည်းအမျိုးမျိုး ကို ထပ်မံအားဖြည့်ရန် အက်ပလီကေးရှင်းအတွင်း ကားအရောင်းအဝယ်ကဏ္ဍကို ထပ်မံဖြည့်စွက်လိုက်ခြင်းဖြစ်သည်။ ထိုသို့အားဖြင့် OneKyat အသုံးပြုသူများအနေဖြင့် အဝတ်အထည်မှ ကားအထိ အက်ပလီကေးရှင်းတစ်ခုခြင်းဖြစ်ကြောင်းနှင့် ပစ္စည်းအမျိုးအစားစုံစုံလင်လင်ကို ရောင်းသူ၊ ဝယ်သူ၊ လဲလှယ်သူတို့အချင်းချင်း တိုက်ရိုက်ချိတ်ဆက်၍ ရောင်းဝယ်လဲလှယ်နိုင်ပြီဖြစ်သည်။

OneKyat အက်ပလီကေးရှင်း၏ Founder နှင့် Chief Operation Officer ဖြစ်သူ ကိုသီဟရဲတင့်က “ကျွန်တော်တို့ OneKyat အွန်လိုင်းအက်ပလီကေးရှင်းမှာ ပစ္စည်းအမျိုးအစားစုံစုံလင်လင်နဲ့ အဝတ်အစား ဖက်ရှင်၊ ဖုန်း၊ ပရိဘောဂ၊ အိမ်ခြံမြေ စတာတွေကနေ အခုလိုကားအရောင်းအဝယ်ကဏ္ဍတွေအထိ အောင်အောင်မြင်မြင်တိုးချဲ့လာနိုင်ခဲ့တာကို အရမ်းကိုပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒါဟာလည်း ကျွန်တော်ဒီအက်ပလီကေးရှင်းကို စတင်ရေးဆွဲခဲ့တုန်းက ရည်ရွယ်ချက်ထားခဲ့တဲ့အတိုင်း ပြည်တွင်းက လူငယ်တွေစျေးရောင်းစျေးဝယ် လုပ်သူတွေလွယ်ကူအဆင်ပြေချောမွေ့စေဖို့နဲ့ အဲဒီကမှတစ်ဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့ စေတနာထား တစိုက်မတ်မတ်ကြိုးပမ်းလုပ်ဆောင်ခဲ့လို့ပဲလို့ ယုံကြည်ပါတယ်” ဟု ဆိုသည်။

OneKyat အက်ပလီကေးရှင်းပေါ်တွင် ရောင်းသူဝယ်သူ သုံးစွဲသူ user အများအပြားရှိထားပြီးဖြစ်ခြင်း၊ အက်ပလီကေးရှင်းအား အခမဲ့အသုံးပြုနိုင်ပြီး အခြားသော အခကြေးငွေများ ပေးဆောင်ရန်မလိုအပ်ဘဲ ရောင်းသူ၊ ဝယ်သူနှင့် လဲလှယ်လိုသူတို့အချင်းချင်း တိုက်ရိုက်ချိတ်ဆက်၍ ရောင်းဝယ်လဲလှယ်မှု လုပ်ဆောင်နိုင်ခြင်း စသောအားသာချက်များကြောင့် ယခုကဲ့သို့ ကားအရောင်းအဝယ် ကဏ္ဍကို တိုးချဲ့လိုက်ခြင်းအားဖြင့် ကားအဝယ်အရောင်း အလဲအထပ်လုပ်လိုသူများအနေဖြင့် ငွေကုန်ကြေးကျသက်သာစွာဖြင့် ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။

OneKyat အက်ပလီကေးရှင်းအား AppStore (https://play.google.com/store/apps/details၊ id=com.onekyat.app) နှင့် Play Store (https://apps.apple.com/us/app/id9733-72986၊ mt=8) တို့မှတဆင့် အခမဲ့ဒေါင်းလုတ်ဆွဲယူထည့်သွင်းနိုင်ပြီဖုန်းနံပါတ် သို့မဟုတ် ဖေ့စ်ဘုတ်အကောင့်တို့ဖြင့် အကောင့်ဖွင့်လှစ်အသုံးပြုနိုင်မည်ဖြစ်သည်။

OneKyat သည် ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ပြည်တွင်းစစ်ဂျစ်တယ် startup လုပ်ငန်းတစ်ခုအနေဖြင့် ရန်ကုန်မြို့တွင် စတင်တည်ထောင်ခဲ့ပြီး ယခုလက်ရှိအချိန်တွင် ဒေါင်းလုတ်ပေါင်း တစ်သန်းကျော်ဖြင့် မြန်မာနိုင်ငံ၏အကြီးမားဆုံးသော အွန်လိုင်းအရောင်းအဝယ် ပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့အဖွဲ့သည် ကျစ်လစ်စုစည်းပြီး တစ်ပြေးညီစည်းလုံးရိုင်းပင်းသည့် ဖွဲ့စည်းမှုစနစ်ကို လိုက်နာကျင့်သုံးသည်။ OneKyat အား ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူ တို့တွင် ရုံးခန်းများဖွင့်လှစ်ထားသည့် 701Search က ပိုင်ဆိုင်ပြီး ၎င်းလုပ်ငန်းအား ကမ္ဘာပေါ်တွင် ထိပ်တန်းတယ်လီကွန်မြူနီကေးရှင်း အော်ပရေတာများအနက် တစ်ခုဖြစ်သည့် တယ်လီနောလုပ်ငန်းစုက ပိုင်ဆိုင်သည်။ ES





Vietjet လေကြောင်းလိုင်းမှ ၂၀၁၉ ခုနှစ် ဆောင်းဦးလယ်ရာသီပွဲတော်အား ခရီးသွားဧည့်သည်များနှင့် အတူကျင်းပ

ဆောင်းဦးရာသီအား ကြိုဆိုခြင်းအားဖြင့် Vietjet လေကြောင်းလိုင်းသည် ယခုနှစ်အတွက် ဆောင်းဦးလယ်ရာသီပွဲတော်ကို ခရီးသွားဧည့်သည်များနှင့် လေယာဉ်ဝန်ထမ်းများ ပျော်ရွှင်စွာကျင်းပခဲ့သည်။ အထူးသဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၁၃)ရက်တွင် ဟိုချီမင်းမြို့ထံမှ ဟိုင်ဖောင်သို့ပျံသန်းလာသော Vietjet လေယာဉ်နံပါတ် VJ282 ဖြင့် လိုက်ပါစီးနင်းလာသော ခရီးသွားဧည့်သည်များကို အမြင့်ပေမီတာ (၁၀,၀၀၀) ခန့်တွင် ဗီယက်နမ်ဆောင်းဦးရာသီ၏ ရှေးရိုးစဉ်လာပုံပြင်မှ ဇာတ်ကောင်နှစ်ဦးဖြစ်သော လမယ် “Hang Nga” – Lady of the Moon နှင့် varmif “Chu Cuoi” – the Moon Man တို့က လိုက်လဲစွာကြိုဆိုခဲ့ကြခြင်းဖြစ်သည်။

Cosplay စတိုင် ဝတ်စုံများဝတ်ဆင်ထားသော လမယ် (Moon Ladies) များသည် ခရီးသွားဧည့်သည်များအတွက် စိတ်ဝင် စားဖွယ်ကောင်းသော အထူးလက်ဆောင်များကို လေယာဉ်ပေါ်တွင်လည်း ပေးအပ်ခဲ့ပါသည်။ ထို့အပြင် ခရီးသွားဧည့်သည်များကို Vietjet လေယာဉ်မောင်/မယ်များက လမုန့် (moon cakes) များဖြင့်လည်း တည်ခင်းဧည့်ခံခဲ့ခြင်းဖြစ်သည်။

Vietjet သည် သင့်တင့်မျှတသော လက်မှတ်ခနှုန်းထားများနှင့် ခရီးသွားများ၏ လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်မည့် စုံလင်သောဝန်ဆောင်မှုများကိုပေးအပ်နေသည့် ဗီယက်နမ်၏ ပထမဆုံးသော ခေတ်သစ်လေကြောင်းလိုင်းကုမ္ပဏီဖြစ်သည်။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကိုသာမက အခြားဝန်ဆောင်မှု ပုံစံမျိုးစုံအတွက် နောက်ဆုံးပေါ် e-commerce နည်းပညာများကို အသုံးပြုလျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်း သယ်ယူပို့ဆောင်ရေးအသင်း (IATA) ၏ တင်းပြည့်အသင်းဝင်ဖြစ်သည့် Vietjet သည် IATA က စီစစ်ပေးအပ်သော လုပ်ငန်းပိုင်းဘေးကင်းလုံခြုံမှုအသိအမှတ်ပြုလက်မှတ် (IOSA Certificate) ကိုပါ ရရှိထားသည်။ လက်ရှိတွင် Vietjet လေကြောင်းလိုင်းသည် ဗီယက်နမ်နိုင်ငံတွင်း အပါအဝင် ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တရုတ်ပြည်မကြီး၊ ထိုင်း၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ နေ့စဉ်လေယာဉ်အစီးရေ (၄၀၀)ခန့်ဖြင့် လမ်းကြောင်း (၁၂၉)ကြောင်းနှင့်အတူ ယနေ့အထိ ခရီးသည်ပေါင်း (၈၀) သန်းကို ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ES

သက်ကြီးသူများကိုယ်တိုင် ဦးဆောင်ပြီး ကူညီစောင့်ရှောက်ရေးအဖွဲ့များကို အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးဆို

သက်ကြီးသူများကိုယ်တိုင် ဦးဆောင်ပြီး မိုးူးဆက်သစ်လူငယ်များ၊ လူလတ်ပိုင်းများပါ ပါဝင်၍ ခွဲခြားခြင်းမရှိပဲအားလုံးပါဝင်သော အချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (Inclusive Self-Help Group) များကို အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူမှုအားမာန်အဖွဲ့များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများဖော်ဆောင်ရေး သက်ကြီးရွယ်အိုများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ရေးတွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ (၂၉)ရက်ကနေ့ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ဖော်ဆောင်ရာတွင် သက်ကြီးသူများကိုယ်တိုင်ဦးဆောင်ပြီး မိုးူးဆက်သစ်လူငယ်များ၊ လူလတ်ပိုင်းများပါ ပါဝင်၍ခွဲခြားခြင်းမရှိပဲ အားလုံးပါဝင်သော အချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (Inclusive Self-Help Group) များကို အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူမှုအားမာန်အဖွဲ့များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ လူမှုအားမာန်အဖွဲ့များကို ဖွဲ့စည်းရာတွင် ကျန်းမာရေး ပြုစုစောင့်ရှောက်ရေး၊ အသက်မွေးဝမ်းကြောင်း၊ လူမှုဝန်ထမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း စသောအခန်းကဏ္ဍများကို အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူမှုအားမာန်အဖွဲ့သည် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ ပုံစံထက် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ ရပ်ရွာအတွင်းရှိ အခြားသူများအပါအဝင်ထိခိုက်လွယ်သောအုပ်စုများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုကိုယ်တိုင် ဦးဆောင်လုပ်ကိုင်သည့် နည်းစနစ်တစ်ရပ်ကို ပုံဖော်ထားခြင်းဖြစ်ကြောင်း၊ လူမှုအားမာန်အဖွဲ့များကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (Help Age International) ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ အစိုးရကဦးဆောင်၍ သက်ကြီးရွယ်အိုဆိုင်ရာ အခွင့်အရေးဥပဒေနှင့်အညီ မူဝါဒများ၊ နည်းဥဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆက်လက်ဖော်ဆောင်၍ အားလုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် သက်ကြီးဘိုးဘွား (၁၀၃)ဦးကို စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိလာသော ဘိုးဘွားများသည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများကို ရရှိခံစားကြရမည်ဖြစ်ကြောင်း၊ ဘိုးဘွားများသည် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီး လူမှုအသိုင်းအဝိုင်းအသီးသီးမှ လာရောက်ကြသူများဖြစ်ကာ ပျော်ရွှင်စွာတွေ့ဆုံကြခြင်းဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် အိုသော်လည်း စွမ်းဆောင်နိုင်မှုအနည်းနှင့် အများရိုကြသူများဖြစ်ကြကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသက်အရွယ်ခွဲခြားမှုမပြုပဲ စွမ်းဆောင်နိုင်မှုအခြေအနေအရ ပိုမို စွမ်းဆောင်နိုင်အောင် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့် လူမှုအားမာန်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘိုးဘွားများက ဝမ်းသာဝိတိစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။ ES



သဘော်သားနှင့်အလုပ် (Plan)



မောင်မျိုး

ကျွန်တော်တို့ ကုန်သွယ်ရေကြောင်းသဘော်များပေါ်တွင် ဆွေးနွေးညှိနှိုင်းအစီအစဉ်ရေးဆွဲခြင်း (Plan) သည် အထူးအရေးပါပါသည်။

ဥပမာ

Bulk Carrier မထုပ်မပိုးပဲ ဝမ်းလောင်းကုန်များ တင်ဆောင်နိုင်သောသဘော်များတွင် ကုန်တင်/ ကုန်ချလုပ်ငန်းများမဆောင်ရွက်မီ မည်သည့်ကုန်ပေါက်များ အရင် ကုန်စချ/ စတင်မည်။ ထိုလုပ်ငန်းစဉ်နှင့် တစ်ပြိုင်နက် မည်သည့်ရေယာဉ်ဝမ်းအတွင်းရှိကန်များ ရေသွင်း/ ရေထုတ်မည်။ ဤသို့ လုပ်ငန်းစဉ်တစ်ခုစီအလိုက် အဆင့်တစ်ခုပြီးလျှင် သဘော် ရေစူး/ ရေစပ်မှ သဘော်အမြင့် ဆုံးနေရာအထိ လေပေါ်ပေါ်နေသော အမြင့်၊ သဘော်အလျားတစ်လျှောက်၊ သက်ရောက်နေသောဖိအားများနှင့် သတ်မှတ်ခွင့်ပြုဖိအားများ Allowable Stress အတွင်း ရှိစေရန်၊ တွက်ချက်၊ ချိန်ဆ၊ အစီအစဉ်ဆွဲရပါသည်။

ကျွန်တော်တို့ကုန်သွယ်သဘော်များပေါ်တွင် အချို့သောသံထည်ပစ္စည်းများမှာ သက်တမ်းအရသော်လည်းကောင်း၊ ပင်လယ်ရေ/ရာသီဥတု ဒဏ်ကြောင့်သော်လည်းကောင်း၊ သံချေးတက်၊ ဆွေးမြေ့ပျက်စီးခြင်းများ ရှိပါသည်။

ထိုအခါတွင် အချို့သောသဘော်များ၌ Deck Fitter ကုန်းပတ်ဝန်ထမ်းပါရှိ၍ ရေယာဉ်အများစုတွင်မပါရှိပါ။ ထိုအချိန်တွင် စက်ခန်းဝန်ထမ်း Engine Fitter အား စက်ခန်းမှအပ သဘော်ကုန်းပတ်နေရာများတွင် ပျက်စီးယိုယွင်းနေသည်များအား ရေယာဉ်မှူး၊ အင်ဂျင်နီယာချုပ်၊ ကုန်းပတ်အရာရှိချုပ်၊ ဒုတိယအင်ဂျင်နီယာတို့မှ ဖြစ်ပေါ်ကြံတွေ့နေသော ရာသီဥတု၊ စက်ခန်းအတွင်းဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ညှိနှိုင်းဆွေးနွေး၍ Maintenance Plan ပြင်ဆင်ထိန်းသိမ်းခြင်းအစီအစဉ် ရေးဆွဲ၍ လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရပါသည်။

ကျွန်တော်တို့ရေယာဉ်မှူးများ ဂရုပြုစေရန်၊ If you fail to plan then you plan to fail. သင် လုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင် အစီအစဉ်ဆွဲရန် ပျက်ကွက်ခဲ့ပါက သင်သည်မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများကို ကြုံတွေ့စေရန် ပြင်ဆင်နေသကဲ့သို့ ဖြစ်ပါမည်ဟု Poster များ သဘော်နေရာအတော်များများတွင်ကပ်၍ သတိပေးနှိုးဆော်ထားပါသည်။

အစီအစဉ်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင်

P_ Policy : a set of ideas or a plan of what to do in particular situations that has been agreed officially by a group of people, a business organization, a government or a political party. ကုမ္ပဏီ၏ မူဝါဒများအား နိုင်ငံတကာစည်းမျဉ်းစည်းကမ်းနှင့်အညီ ရေယာဉ်ဝန်ထမ်းများအချင်းချင်း ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

P_ Preparations : Arrangements that you make to prepare for something ရေယာဉ်လုပ်ငန်းစဉ်များ အဆင်ပြေလွယ်ကူစွာလည်ပတ်နိုင်စေရန် ကြိုတွေ့ရနိုင်သည့်အခက်အခဲ/ အခြေအနေများအား တင်ကြိုညှိနှိုင်းပြင်ဆင်ထားရှိခြင်း၊

L_ Link up : to form a connection, especially in order to work or operate together သဘော်ပိုင်ရှင်၊ သဘော်ဌားရမ်းသူ၊ ကုန်တင်/ ကုန်ချဆိပ်ကမ်း၏ညှိနှိုင်းကြားချက်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ဒေသန္တရဥပဒေ၊ (ရေယာဉ်ဝန်ထမ်းများ၊ ကုန်ပစ္စည်းများနှင့် ရေယာဉ်ဘေးကင်းလုံခြုံရေး) အစရှိသည်တို့ကို ညီညွတ်မှုတာ အဆင်ပြေချောမွေ့စေရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

A_ Assess : to judge or decide the amount, value, quality or importance of something မိမိအစီအစဉ် ပီပြင်အောင်မြင်စေရန် အခြေအနေအရပ်ရပ်အပေါ် အကဲဖြတ်သုံးသပ် အစီအမံရေးဆွဲခြင်း၊

N_ Noticeable : easy to see or recognise so as to achieve "Transparency & Accuracy" ပွင့်လင်းမြင်သာပြီး လွယ်ကူရှင်းလင်းသောအစီအစဉ်အား လိုက်နာ၍ ဦးတည်ချက်၊ ရည်မှန်းချက်များအား ဝန်ထမ်းအားလုံးညီညွတ်တက်ကြွစွာ ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

သဘော်သားနှင့်အလုပ် (Peace and Harmony) အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသဘော်များမှာ Maritime Labour Convention, 2006 as amended ကို လိုက်နာကြရပါသည်။

ကျွန်တော်တို့ရေယာဉ်မှူးများမှာ MLC ကို လိုက်နာသောအားဖြင့် ရေယာဉ်များပေါ်တွင်

၁။ Decent working environment သာယာနေပျော်ဖွယ်လုပ်ငန်းခွင်၊ ရပ်ဝန်းလေးဖြစ်စေရန်

၂။ Maintain good standard of hygiene, so that seafarers keep themselves or their environment clean, especially to prevent disease & keep good health မလိုလားအပ်သောရောဂါများ ကင်းဝေးပြီး ကျန်းမာရေးကောင်းမွန်သူများဖြစ်စေရန် ရေယာဉ်ဝန်ထမ်းများတစ်ဦးချင်းစီနှင့် လုပ်ငန်းခွင်ရပ်ဝန်း သန့်ရှင်းတောက်ပြောင်နေစေရန်

၃။ Maintain Peace and Harmony onboard ရေယာဉ်ဝန်ထမ်းများအချင်းချင် ညီညွတ်ငြိမ်းချမ်းစွာအတူယှဉ်တွဲ တာဝန်ထမ်းဆောင်မှုရှိစေရန် ကြပ်မတ်ကွပ်ကဲရပါသည်။

ထိုသို့ Peace ငြိမ်းချမ်းမှုရှိစေရန်

- ရေယာဉ်ဝန်ထမ်းများ လုံလောက်သောအနားယူချိန် ရှိ/ မရှိ
- သန့်ရှင်းသော သောက်ရေရရှိမှု ရှိ/ မရှိ
- ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသော အစားအသောက်များ လုံလောက်မျှတစွာရရှိခြင်း ရှိ/ မရှိ
- ကောင်းမွန်သော အိပ်ယာခန်းနား
- ရေပူ/ ရေအေးစနစ် ကောင်းမွန်ခြင်း ရှိ/ မရှိ အစရှိသဖြင့် စစ်ဆေးကြပ်မတ်ရပြီး

၄။ ရေယာဉ်ဝန်ထမ်းများ ကျေနပ်နှစ်သိမ့်မှုမရှိပါက မည်ကဲ့သို့ ဆောင်ရွက်ရမည် Complain Procedures များနှင့် အဆင့်ဆင့်မည်သို့တိုင်ကြားရမည် Steps To proceed complain များအား ရှင်းလင်းပညာပေးဆွေးနွေးခြင်း စသောလုပ်ငန်းစဉ်များကို ထမ်းဆောင်ကြရပါသည်။

၅။ Peace လုပ်ငန်းစဉ်နှင့်ပတ်သက်၍

P_ Find out pain ထိခိုက်နစ်နာဆုံးရှုံးမှုရှိ/ မရှိ ကြည့်ရှုစစ်ဆေးဆန်းစစ်ခြင်း

E_ Find out egocentric person တစ်ကိုယ်ကောင်းဆန်သော အများနှင့်ဆက်ဆံရာတွင် ဘဝင်မြင့်၊ မောက်ကြွား၊ ညီညွတ်မှုတစ်ခု ဆောင်ရွက်ခြင်းမရှိသော ဝန်ထမ်းများရှိ/ မရှိ ကြည့်ရှုစစ်ဆေးဆန်းစစ်ခြင်း

A_ Find our Argument ညီညွတ်ခြင်းကို ပျက်ပြားစေသော အငြင်းပွားဖွယ်ကိစ္စရပ်များ ရှိ/မရှိ ကြည့်ရှုစစ်ဆေးဆန်းစစ်ခြင်း

C_ Announce Clarifications မလိုလားအပ်သော နားလည်မှုလွဲမှားခြင်း၊ အယူအဆလွဲမှားမှုများ မရှိစေရန် ပွင့်လင်းမြင်သာပြီး ရှင်းလင်းလွယ်ကူသောညွှန်ကြားချက်များကို အခြေအနေ၊ အချိန်အခါအလိုက် ထုတ်ပြန်ပေးခြင်း

E_ Code of ethics လောကလူမှုကျင့်ဝတ်များကို ဂရုပြုလိုက်နာစေရန် စည်းရုံးပညာပေးခြင်းအစရှိသဖြင့် သတိပြုဆောင်ရွက်ရပါမည်။





မန်းရတနာပုံလေကြောင်းလိုင်း၏ တတိယမြောက်ထပ်တိုးလေယာဉ် ATR 72-600 (XY-AJE) ဖြင့် စက်တင်ဘာလ (၂၉)ရက်တွင် ရန်ကုန်-စစ်တွေ-ရန်ကုန်ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ




မန်းရတနာပုံလေကြောင်းလိုင်းမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်တွင် တတိယမြောက်ထပ်တိုး လေယာဉ် ATR 72-600 (XY-AJE) အမျိုးအစားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်-စစ်တွေ-ရန်ကုန် သို့ ခရီးစဉ်စတင်ပြေးဆွဲပျံသန်းခဲ့သည်။

တတိယမြောက်လေယာဉ်တွင် ပထမဆုံး စီးနင်းလိုက်ပါသည့် ခရီးသည်များအား ရန်ကုန်- စစ်တွေ (သို့မဟုတ်) စစ်တွေ-ရန်ကုန် လေယာဉ်လက်မှတ်များကို လေယာဉ်ပေါ်တွင် ကံစမ်းပေးခဲ့သည်။ မန်းရတနာပုံလေကြောင်းလိုင်းမှ ယခုလက်ရှိတွင် စုစုပေါင်း လေယာဉ် (၃)စီးဖြင့် မြန်မာနိုင်ငံရှိမြို့များသို့ ခရီးစဉ်များတိုးချဲ့ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

TCNJ







AIR THANLWIN

လေကြောင်းလိုင်း စတင်ဖွင့်လှစ်ပျံသန်း

AIR THANLWIN လေကြောင်းလိုင်း စတင်ဖွင့်လှစ်ပျံသန်းခြင်းအခမ်းအနားကို အောက်တိုဘာ (၁)ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 3 တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားဖွင့်ပွဲတွင် AIR THANLWIN LIMITED, General Manager ဦးသုတဆွေမှ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်၊ Yangon Aerodrome Co;Ltd မှ CEO Mr.Ho Chee Tong တို့အား အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ မှတ်တမ်းတင်မိတ်ပုံရိုက်ကူးခြင်း။ AIR THANLWIN လေကြောင်းလိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း စသည်အစီအစဉ်များဖြင့် ပြုလုပ်ခဲ့သည်။

AIR THANLWIN LIMITED, General Manager ဦးသုတဆွေက"AIR THANLWIN လေကြောင်းလိုင်းဟာ Yangon Airways ရဲ့ မျိုးဆက်သစ်ဖြစ်တဲ့အတွက် Yangon Airways ဟာ ကျွန်တော်တို့အတွက် အရေးပါတဲ့အခန်းကဏ္ဍမှာ တည်ရှိနေပါတယ်။ Yangon Airways ကို ၁၉၉၆ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်မှာ စတင်ဖွင့်လှစ်ပျံသန်းခဲ့ရာ Safety ပိုင်းဆိုင်ရာ Accident/Incident အနည်းဆုံးနဲ့ ပျံသန်းနိုင်ခဲ့သလို Service ပိုင်းမှာလည်း ခရီးသည်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့ကြပါ တယ်။Yangon Airways သည် ပြည်တွင်းလေကြောင်းလောကမှာ (၂၃)နှစ်ခန့်ကြာအောင် အခက်အခဲအမျိုးမျိုးကြားက ရပ်တည်ပျံသန်းနိုင်ခဲ့ခြင်းဟာ ဝန်ထမ်းအားလုံးရဲ့ကြိုးစားမှု စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ရဲ့ ရလဒ်ကောင်းများဖြစ်ပါတယ်။ ဒီလိုရပ်တည်နေရင်း Investor အပြောင်းအလဲဖြစ်ပေါ်ခဲ့သလို Managing Director တစ်ဦးကွယ်လွန်ခဲ့တဲ့အတွက် Board of Director အပြောင်းအလဲတွေဖြစ်ပေါ်ခဲ့ပါတယ်။ New Investor/New BOD အနေနဲ့ Yangon Airways ကို တာဝန်ယူပြီး များမကြာမီမှာပဲ Holding Company ၏ အမည်ဖြစ်တဲ့ AIR THANLWIN Name Change ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာက ဒီကနေ့အခြေအနေကို တွေ့မြင်ရတာဖြစ်ပါတယ်။ AIR THANLWIN လေကြောင်းလိုင်းဟာ လာမည့်ပွင့်လင်းရာသီကစပြီး ပြည်တွင်းခရီးစဉ်တွေကို ATR 72 လေယာဉ် (၄) စီးနှင့်အတူ Safe Wings to Fly ဆိုတဲ့ Slogan နှင့်အညီ ပျံသန်းပြေးဆွဲနေပြီဖြစ်ပါတယ်။ AIR THANLWIN လေကြောင်းလိုင်းရဲ့ Name Change ဖြစ်စဉ်တစ်လျှောက်လုံးမှာ ပံ့ပိုးကူညီပေးခဲ့ကြတဲ့ဌာနအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ AIR THANLWIN မိသားစုဝင်များကို အထူး ကျေးဇူးတင်ရှိပါတယ် "ဟု ဆိုသည်။

ယင်းသို့ ပျံသန်းပြေးဆွဲခြင်းနှင့်ပတ်သက်၍ AIR THANLWIN လေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးကျော်စိန်ဦးက " AIR THANLWIN ကတော့ DCA (လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)ကနေ safety နဲ့ပတ်သတ်ပြီးတော့ စနစ်တကျအကုန်စစ်ဆေးပြီးမှ သူတို့ရဲ့ စိတ်ကျေနပ်မှုရပြီးမှပဲ ဒီ Airline ဆွဲခွင့်တရားဝင်ပေးထားတာဖြစ်တဲ့အတွက် ခရီးသည်တွေအနေနဲ့လည်း လုံခြုံစိတ်ချစွာ စီးနင်းနိုင်ပါတယ်။ အစစအရာရာ safety နဲ့ပတ်သက်ပြီး တော့လည်း အဆင်ပြေအောင်လုပ်ထားပါတယ်" ဟု ဆိုသည်။

AIRTHANLWIN လေကြောင်းလိုင်းသည် Yangon Airways ၏ မျိုးဆက်သစ်အဖြစ် အောက်တိုဘာ (၁)ရက်မှ စတင်ကာ ရန်ကုန် -စစ်တွေ-ရန်ကုန်၊ ရန်ကုန်-မန္တလေး-မြစ်ကြီးနား-မန္တလေး-ရန်ကုန်၊ ရန်ကုန်-လားရှိုး-တာချီလိတ်-ဟဲဟိုး-ရန်ကုန်၊ ရန်ကုန်-ညောင်ဦး-ရန်ကုန် တို့ဖြစ်ပြီး အဆိုပါပြည်တွင်းခရီးစဉ်များကို ATR72 လေယာဉ်များဖြင့် စတင်ပျံသန်းပေးနေပြီဖြစ်ကြောင်း သိရသည်။

Transcom





ဩစတြေးယားနိုင်ငံတွင် ရွေးကောက်ပွဲရှောင်တခင် ကျင်းပ



မေလက ဗီဒီယိုအရှုပ်တော်ပုံကြောင့် မဟာမိတ်အစိုးရပြုတ်ကျပြီးနောက် ဩစတြေးယားနိုင်ငံသားများသည် ရှောင်တခင်အထွေထွေရွေးကောက်ပွဲတွင် မဲပေးနေကြသည်။ အဓိပတိ ဟောင်းဆီဘက်စတီယန်ကတ်ဖ်၏ ကွန်ဆာဗေးတစ်ပြည်သူ့ပါတီသည် မဲအများဆုံးရနိုင်သော်လည်း အစိုးရဖွဲ့ရန် မဟာမိတ်လက်တွဲဖော်တစ်ဦးလိုအပ်မည်ဟု လူထုစစ်တမ်းများက ပြသနေသည်။

ဩစတြေးယားရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်များ၊ လက်ယာစွန်း Freedom Party၊ အစိမ်းရောင်ပါတီနှင့် လစ်ဘရယ်များလည်း ပါဝင်ယှဉ်ပြိုင်နေကြသည်။

ရွေးကောက်ပွဲပြီးချိန်တွင် မဟာမိတ်ဖွဲ့စည်းရေးဆွေးနွေးပွဲများ ခက်ခဲနိုင်ပြီးသီတင်းပတ်များစွာကြာအောင် ညှိနှိုင်းရမည်ဟု မျှော်လင့်ထားသည်။

နိုင်ငံတစ်ဝန်းမဲရုံများကို ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်ကာ ညနေ ၅ နာရီတွင် ပိတ်သိမ်းမည်ဖြစ်သည်။

ဗီဒီယိုအရှုပ်တော်ပုံကြောင့် ကတ်ဖ်၏ အစိုးရနှင့်၎င်း၏ မဟာမိတ်လက်တွဲဖော် Freedom Party ၏ ခေါင်းဆောင်ဟောင်း ဟိန့်ဖ်ခရစ်ယာန်စထရက်ခ်ျတို့ ပြုတ်ကျခဲ့သည်။

ယင်းဗီဒီယိုတွင် ဩစတြေးယား၏ ဒုတိယအဓိပတိစထရက်ခ်ျက ရုရှားလုပ်ငန်းရှင်သူဌေးကြီးတစ်ဦး၏ တူမအဖြစ် ဟန်ဆောင်ထားသော အမျိုးသမီးတစ်ဦးကို အစိုးရကန်ထရိုက်များချပေးရန် ကတိပြုခဲ့သည်။

Freedom Party ခေါင်းဆောင်သစ် နိဘက်ဟိဖာက ကွန်ဆာဗေးတစ်ပြည်သူ့ပါတီကို ဦးဆောင်နေဆဲ ဆီဘက်စတီယန်ကတ်ဖ်နှင့် မဟာမိတ်အစိုးရ ထပ်မံဖွဲ့စည်းနိုင်မည်ဟု မျှော်လင့်နေသည်။

လရောင် – Ref: BBC

ဆော်ဒီအာရေးဗီးယား တပ်ဖွဲ့ဝင်အများအပြား ဖမ်းမိဟု ဟိုသီသူပုန်ပြော

နှစ်နိုင်ငံနယ်စပ်အနီး အဓိကတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဆော်ဒီအာရေးဗီးယားတပ်ဖွဲ့ဝင်အမြောက်အများကို ဖမ်းဆီးရမိသည်ဟု ယီမင်နိုင်ငံရှိ ဟိုသီသူပုန်များက ပြောသည်။ ဆော်ဒီအာရေးဗီးယားမြို့ နီဂျာရန်အနီးတွင် ဆော်ဒီအာရေးဗီးယားတပ်ဖွဲ့သုံးဖွဲ့က လက်နက်ချအညံ့ခံခဲ့ကြောင်း ဟိုသီအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ထောင်နှင့်ချီသောစစ်သည်များ ဖမ်းဆီးနိုင်ခဲ့ကြောင်းနှင့် အမြောက်အများအသတ်ခံရကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူကထပ်လောင်းပြောသည်။

ယင်းသို့ အခိုင်အမာပြောကြားခြင်းနှင့်ပတ်သက်၍ ဆော်ဒီအာရေးဗီးယား တာဝန်ရှိသူများက အတည်မပြုသေးပေ။ စစ်ဆင်ရေးသည် ယီမင်ပဋိပက္ခစတင်ပြီးနောက်ပိုင်း အကြီးမားဆုံးဖြစ်သည်ဟု ယင်းပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆော်ဒီအာရေးဗီးယားတပ်ဖွဲ့ဝင်များအလွန်အထိနာခဲ့သည်ဟု ဗိုလ်မှူးကြီး ယာယီယာဆာရီယာက ပြောသည်။ ကမ္ဘာ့ရေနံဈေးကွက်အပေါ်ဂယက်ရိုက်ခတ်ခဲ့သော စက်တင်ဘာ ၁၄ ရက် ဆော်ဒီအာရေးဗီးယားရေနံသန့်စင်စက်ရုံများကို ဒရုန်းနှင့်ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဟိုသီအဖွဲ့က ပြောကြားခဲ့သည်။

သို့သော် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ၏ ထောက်ခံမှုရထားသော ဆော်ဒီအာရေးဗီးယားက ယင်းတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍အီရန်ကို လူသိရှင်ကြားအပြစ်တင်သော်လည်း ယင်းစွပ်စွဲချက်များကို အီရန်ကငြင်းဆိုထားသည်။

ဟိုသီအဖွဲ့ကြောင့် သမ္မတမန်ဆိုးဟာဒီနှင့် ၎င်း၏ အစိုးရအဖွဲ့မြို့တော် ဆာနားမှထွက်ခွာခဲ့ရချိန် ၂၀၁၅ ခုနှစ်ကတည်းက ယီမင်တွင် ပြည်တွင်းစစ်ဖြစ်ပွားနေသည်။

ဆော်ဒီအာရေးဗီးယားက သမ္မတဟာဒီကို ထောက်ခံပြီး အီရန်ကျောထောက်နောက်ခံပြု ဟိုသီသူပုန်များအပေါ် လေကြောင်းတိုက်ခိုက်ရာ၌ ဒေသတွင်းနိုင်ငံများ ညွှန့်ပေါင်းအဖွဲ့ကို ဦးဆောင်နေသည်။

လရောင်

Ref: BBC

ပြင်သစ်ရဲတပ်ဖွဲ့က အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြသူများကို မျက်ရည်ယိုမုံးများဖြင့် ဖြိုခွင်း

စက်တင်ဘာ ၂၈ ရက်က ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း တူးလော့စ်မြို့တွင်အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြသူ ၁,၀၀၀ ခန့်ကို ရဲတပ်ဖွဲ့က မျက်ရည်ယိုမုံးများနှင့် မီးသတ်ပိုက်များအသုံးပြုကာ ဖြိုခွင်းခဲ့သည်။ ဆန္ဒပြသူအချို့က အရာဝတ္ထုများဖြင့် ပစ်ပေါက်ပြီးနောက် ရဲအရာရှိများက လူငါးဦးကို ဖမ်းဆီးခဲ့သည်ဟု ရဲတပ်ဖွဲ့ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆန္ဒထုတ်ဖော်မှုအတွင်း ၎င်းတို့၏အဖွဲ့ဝင်ငါးဦးကို ရဲအရာရှိများက တိုက်ခိုက်ရာတစ်ဦး ဒဏ်ရာရခဲ့သည်ဟု အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြပွဲများ၌ ရဲတပ်ဖွဲ့ ကိုင်တွယ်ဖြေရှင်းပုံနှင့် ပတ်သက်၍ လေ့လာစောင့်ကြည့်နေသော အဖွဲ့ (OPP)က ပြောသည်။

၎င်းတို့၏ ပြောကြားချက်ကို သက်သေထူရန် OPP တွစ်တာတွင် ဓာတ်ပုံများနှင့် ဗီဒီယို ဖိုင်များ ပို့စ်တင်ခဲ့ပြီး ယင်းဖြစ်ရပ်ကို ဆန့်ကျင်သည့် အိတ်ဖွင့်ပေးစာတစ်စောင် တင်ခဲ့သည်။

ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍တူးလော့စ်မြို့ရဲတပ်ဖွဲ့ဌာနချုပ်က မှတ်ချက်မပေးသေးပေ။

စနေနေ့တိုင်း အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြပွဲဆင်နွှဲလေ့ရှိသည့် တူးလော့စ်မြို့ ချီတက်ပွဲကို “ရုန်းကန်တိုက်ပွဲဝင်ရတာ စိတ်ကုန်ပြီ။ ငါတို့အသက်ရှင်သန်ချင်တယ်”ဟုရေးထိုးထားသည့် အောင်လံဝှေ့ယမ်းခဲ့သောဆန္ဒထုတ်ဖော်သူများက ဦးဆောင်ခဲ့သည်။



မျက်ရည်ယိုမုံးများ၊ မီးသတ်ပိုက်များ အသုံးပြုခဲ့သော်လည်း ဆန္ဒထုတ်ဖော်သူများသည် တူးလော့စ်မြို့လမ်းမများတွင် ဆက်လက်ချီတက်ခဲ့သည်။

မြို့တော်ပါရီတွင် အဝါရောင်စွပ်ကျယ်ဝတ် ဆန္ဒပြသူအချို့က ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးချီတက်ဆန္ဒပြပွဲတစ်ခုနှင့် ပူးပေါင်းခဲ့သည်။

လရောင် – Ref: AFP

မိုးခေါင်ရေရှားအကူအညီ ကုန်သွယ်ရေးစာချုပ်များကို မထိခိုက်ဟု ဩစတြေးလျအစိုးရပြောကြား

မိုးခေါင်ရေရှားမှုကြုံတွေ့နေသော လယ်သမားများကို ဘဏ္ဍာရေးအကူအညီပေးခြင်းသည် မိမိတို့နိုင်ငံက ချုပ်ဆိုထားသော ကုန်သွယ်ရေးသဘောတူညီချက်များကို ချိုးဖောက်ခြင်းမရှိဟု ဩစတြေးလျအစိုးရက ပြောကြားသည်။ မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရသော စိုက်ပျိုးရေးသမားများကို ဩစတြေးလျဒေါ်လာသန်း ၁၀၀ ထပ်မံအကူအညီပေးမည်ဟု ဝန်ကြီးချုပ်စကော့တ်မောရစ်ဆင်ကပြောကြားခဲ့သည်။

ထို့အပြင် အကူအညီရယူခွင့်ရှိသူများ စံနှုန်းကိုလည်း မောရစ်ဆင်ကလျှောချပြီး ယင်းမှာပို၍များပြားသော လယ်သမားများ ယခင်အစိုးရက ကတိပြုထားသော ဩစတြေးလျဒေါ်လာခုနစ်ဘီလီယံအကူအညီကို အသုံးပြုနိုင်ရေးဖြစ်သည်။

ယင်းအကူအညီများသည် ဩစတြေးလျ၏ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်ပါအချက်များကို ချိုးဖောက်မှုဖြစ်နိုင်သော လယ်ယာလုပ်ငန်းအမတော်ကြေးများမဟုတ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဘရစ်ဂျက် မက်ဂင်ဇီက ပြောသည်။

“ကျွန်တော်တို့ ထုတ်လုပ်သမျှရဲ့ ၇၀ ရာခိုင်နှုန်းကို နိုင်ငံခြားတင်ပို့သူအနေနဲ့ ကုန်သွယ်နိုင်စွမ်းအပေါ် ထိခိုက်တာမျိုးကိုကျွန်တော်တို့မလုပ်ချင်ပါဘူး”ဟု မက်ဂင်ဇီက စကိုင်းသတင်းဌာနအား ပြောကြားသည်။

ဩစတြေးလျအရှေ့ဘက် ကမ်းရိုးတန်းဒေသအများအပြားသည် နှစ်ပေါင်းများစွာအတွင်းအဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေပြီးအနည်းဆုံး နောက်ထပ်သုံးလခန့်ပူပြင်းခြောက်သွေ့မှုရှိနေမည်ဟု ရာသီဥတုဗျူရိုက ခန့်မှန်းထားသည်။

ယင်းအရှေ့ဘက်ကမ်းရိုးတန်းသည် ဩစတြေးလျထွက်ဂျုံသုံးပုံတစ်ပုံကို ထုတ်လုပ်နေပြီး ဂျုံသည် ဩစတြေးလျနိုင်ငံကအများဆုံးထုတ်လုပ်သော သီးနှံဖြစ်ကာ လယ်သမားများ၏ တွက်ခြေအကိုက်ဆုံးသီးနှံဖြစ်သည်။

လရောင်

Ref: Reuters

အမေရိကန်နှင့် တူရကီတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရန် ဆီးရီးယားအစိုးရတောင်းဆို

ဆီးရီးယားနိုင်ငံရှိ အမေရိကန်နှင့် တူရကီတပ်ဖွဲ့ဝင်အားလုံး ချက်ချင်းရုပ်သိမ်းပေးရန် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုအာလမ်က တောင်းဆိုပြီးယင်းကို ငြင်းဆန်ပါက ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များတွင် တန်ပြန်အရေးယူဆောင်ရွက်ခွင့်ရှိသည်ဟု သတိပေးသည်။ ဆီးရီးယားနိုင်ငံတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင် ၁,၀၀၀ ခန့်ရှိသည်။

တူရကီကလည်း အိုင်အက်စ်အဖွဲ့နှင့် ကာ့ဒ်လူမျိုး YPG တိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထားကာ ဆီးရီးယားမြောက်ပိုင်း၌စစ်ဘက်ကျူးကျော်နေသည်။

“ကျွန်တော်တို့ခဲ့ပြုချက်မရဘဲ ကျွန်တော်တို့ရဲ့နယ်နိမိတ်တွေထဲမှာ ရှိနေတဲ့ဘယ်ပြည်ပတပ်ဖွဲ့တွေမဆိုကျူးကျော်တဲ့ တပ်ဖွဲ့တွေသာဖြစ်ပြီး ချက်ချင်းရုပ်သိမ်းပေးရပါမယ်”ဟု နှစ်စဉ်ကျင်းပမြဲ ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ် အယ်လ်မိုအာလမ်ကပြောသည်။

“သူတို့က ငြင်းဆန်မယ်ဆိုရင်တော့ နိုင်ငံတကာဥပဒေအရ လုပ်ပိုင်ခွင့်ရှိတဲ့ တန်ပြန်အရေးယူဆောင်ရွက်မှုမှန်သမျှ ကျွန်တော်တို့မှာလုပ်ခွင့်ရှိပါတယ်”ဟု အယ်လ်မိုအာလမ်က ထပ်လောင်းပြောသည်။

ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များအပြီးတိုင်ရုပ်သိမ်းရန် အမေရိကန်သမ္မတဒေါနယ်ထရန့်ကပြီးခဲ့သည့်နှစ်အတွင်း ညွှန်ကြားခဲ့သည်။

သို့သော် အိုင်အက်စ်အဖွဲ့ ခေါင်းထောင်မလာစေရန် တပ်ဖွဲ့ဝင်အချို့ထားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံအတွင်း လုံခြုံသောဇုန်ထူထောင်ရေး အမေရိကန်နှင့် တူရကီကြိုးပမ်းမှုများသည် ကုလသမဂ္ဂပြန်တမ်းကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အယ်လ်မိုအာလမ်က ပြောသည်။

ယင်းဇုန်အတွင်း ဆီးရီးယားဒုက္ခသည်တစ်သန်းအခြေချနေထိုင်ရေး နေအိမ်များတည်ဆောက်ပေးရန် တူရကီအစိုးရက စီစဉ်နေသည်။

လရောင် – Ref: Reuters



တရုတ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားပြီး အနည်းဆုံး လူ ၃၆ ဦး သေဆုံး

တရုတ်နိုင်ငံအရှေ့ပိုင်း၌ ခရီးသည်အပြည့်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးဘီးပေါက်၍ ထရပ်ကားတစ်စီးနှင့် တိုက်မိရာအနည်းဆုံး ၃၆ ဦးသေဆုံးပြီး ၃၆ ဦး ဒဏ်ရာရခဲ့ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၉ ရက်တွင် ပြောသည်။ လူ ၇၀ ဦး ကျော်တင်ဆောင်လာသော ဘတ်စ်ကားသည် စက်တင်ဘာ ၂၈ ရက် နံနက်က ဂျီယန်ဆုပြည်နယ်ရှိ အဝေးပြေးလမ်းမတစ်ခုတွင် ဘီးပေါက်၍ဆန့်ကျင်ဘက်လမ်းကြောင်းသို့ ရောက်ရှိကာ ကုန်တင်ထရပ်ကားကို တိုက်မိခဲ့သည်ဟု ယီစင်းပြည်သူလုံခြုံရေးဗျူရိုက ပြောသည်။

ဘတ်စ်ကားဘယ်ဘက်ရှေ့ဘီးပေါက်သွား၍ ယင်းသို့ မတော်တဆဖြစ်ရသည်ဟု ကနဦး စုံစမ်းစစ်ဆေးမှုက ဆုံးဖြတ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် အဆိုပါဗျူရိုက ပြောသည်။

လူကိုးဦးအပြင်းအထန်ဒဏ်ရာရရှိပြီး ၂၆ ဦး အနည်းငယ်ထိခိုက်ခဲ့ကာ တစ်ဦးဆေးရုံမှဆင်းသွားပြီဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်း ရှစ်နာရီကြာ ဆောင်ရွက်ပြီးနောက်ချောင်ချန်း–ရှန်ဇန်း အဝေးပြေးလမ်းမကို ပြန်လည်ဖွင့်ပေးခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မကြာခဏဆိုသလိုဖောက်ဖျက် (သို့မဟုတ်) တင်းကျပ်မှုနည်းပါးသော တရုတ်နိုင်ငံတွင် လူအသေအပျောက်များသော ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ အာဏာပိုင်များအဆိုအရ ၂၀၁၅ ခုနှစ် တစ်နှစ်တည်း နိုင်ငံတစ်ဝန်းယာဉ်မတော်တဆမှုများတွင် လူ ၅၈,၀၀၀ သေဆုံးပြီး မတော်တဆမှုများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုချိုးဖောက်ခြင်းကြောင့် ဖြစ်သည်။

လရောင်
Ref: AFP

အမေဇုန်မိုးသစ်တောကို ဘရာဇီးကပိုင်သည်ဟု ဘရာဇီးသမ္မတ ပြော



အမေဇုန်မိုးသစ်တော၏ ဘရာဇီးပိုင်သော ဧရိယာများသည် အချုပ်အခြာပိုင်နက်များဖြစ်သည်ဟု ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုကအခိုင်အမာပြောကြားသည်။ အမေဇုန်တွင် လယ်သမားများနှင့် သစ်ခုတ်သမားများ၏ မြေယာရှင်းလင်းမှုများကို မသိကျိုးကျွန်ပြု၍သစ်တောပြန်းတီးမှုကို ပိုဆိုးလာစေခဲ့သည်ဟု ဝေဖန်သူများက ဘိုလ်ဆိုနာရိုနှင့် အစိုးရအဖွဲ့ကို အပြစ်တင်သည်။

သို့သော် ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားရာ၌ ဘိုလ်ဆိုနာရိုက အာခံသောလေသံဖြင့်တုံ့ပြန်သည်။ အမေဇုန်သစ်တောကို လူသားမျိုးနွယ်၏ အမွေခံအဖြစ် ဖော်ပြခြင်းသည်မှားယွင်းသော အယူအဆဖြစ်ပြီး ယင်းမိုးသစ်တောသည် ကမ္ဘာကြီး၏ အဆုတ်ဖြစ်သည်ဆိုခြင်းမှာလည်း အယူအဆအမှားဖြစ်သည်ဟု ဘရာဇီးသမ္မတက ပြောသည်။

အမေဇုန်မိုးသစ်တော ဧရိယာထက်ဝက်ကျော်ကို ပိုင်ဆိုင်သော ဘရာဇီးတွင် ၂၀၁၉ အတွင်းသစ်တောမီးလောင်မှုသိသာစွာ မြင့်တက်လာသည်ဟု အမေရိကန်အာကာသအေဂျင်စီနာဆာနှင့် အခြားအဖွဲ့အစည်းများက ပြောကြားသည်။

လက်ယာစွန်းဘိုလ်ဆိုနာရို၏ မူဝါဒများကြောင့် ယခုနှစ်တွင် တောမီးများပိုမိုလောင်ကျွမ်းလာခြင်းဖြစ်သည်ဟု သဘာဝပတ်ဝန်းကျင်သမားများက ပြောကြားသည်။

ဘိုလ်ဆိုနာရိုသည် အောက်တိုဘာက သမ္မတဖြစ်လာပြီးနောက်ပိုင်း ကျွဲ၊ နွားမွေးမြူရေးသမားများနှင့် သစ်ခုတ်သမားများကို မိုး သစ်တော၏ ကျယ်ပြန့်သော ဧရိယာကိုရှင်းလင်းရေးအားပေးခဲ့သည်ဟု ၎င်းတို့ကပြောကြားသည်။

"အဲဒီ မှားယွင်းတဲ့ အယူအဆတွေကို အသုံးချရင်း နိုင်ငံတချို့က အကူအညီပေးမယ့် အစားမလေးမစားပုံစံ၊ ကိုလိုနီနယ်ချဲ့စိတ်ဓာတ်တွေနဲ့ ပြုမူနေပါတယ်" ဟု ဘိုလ်ဆိုနာရိုကပြောကြားပြီး ၎င်းတို့က မိမိတို့၏ အချုပ်အခြာပိုင်ဆိုင်မှုကိုပင် မေးခွန်းထုတ်နေသည်ဟု ဘိုလ်ဆိုနာရိုက ဆက်လက်ပြောသည်။ အမေဇုန်ဌာနေတိုင်းရင်းသားများအပေါ် ၎င်းတို့အစိုးရ၏ ဆက်ဆံပုံကိုလည်း ဘရာဇီးသမ္မတက ကာကွယ်ပြောဆိုပြီး ယင်းလူမျိုးစုအများအပြားက ၎င်း၏ မူဝါဒများကိုထောက်ခံသည်ဟု ပြောသည်။

လရောင်



ဘေဂျင်းလေဆိပ်သစ် တရားဝင်ဖွင့်လှစ်ကြောင်း တရုတ်ကြေညာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း အနှစ်(၇၀) မြောက် နှစ်ပတ်လည်မတိုင် မီဘေဂျင်း၏ လေဆိပ်သစ်ဖြစ်သော ဒါဆင်းနိုင်ငံတကာလေဆိပ်ကို တရုတ်သမ္မတစီကျင်းပင်က တရားဝင်ဖွင့်လှစ်ခဲ့သည်။ မြို့တော်တောင်ပိုင်း၌ရှိသော လေဆိပ်သစ်သည် ကန့်သတ်ချက်များကြောင့် လေယာဉ်ခရီးစဉ်နှောင့်နှေးမှုများဖြစ်နေသော လက်ရှိဘေဂျင်းမြို့နိုင်ငံတကာလေဆိပ်အပေါ်ဖိအားများ လျော့ချပေးမည်ဖြစ်သည်။

လေဆိပ်သစ်၏ ပထမဆုံးလေယာဉ်ခရီးစဉ်ကို ဘေဂျင်းစံတော်ချိန်ညနေ ၃ နာရီ၌ ထွက်ခွာရန် စီစဉ်ထားသည်။

PKX ဟု အတိုကောက်ခေါ်ဝေါ်သောလေဆိပ်သစ်ဖွင့်လှစ်ပွဲသို့ တရုတ်သမ္မတ စီကျင်းပင်အပြင် ဒုတိယဝန်ကြီးချုပ်ဟန်ဇန်းနှင့် နိုင်ငံတော်စီမံကိန်းဌာန အကြီးအကဲဟီလီပန်းတို့လည်း တက်ရောက်ခဲ့သည်။

လေဆိပ်သစ်သည် ၂၀၂၅ ခုနှစ်တွင်စွမ်းရည်အပြည့်အဝလည် ပတ်မည်ဖြစ်ကာလေယာဉ်ပြေးလမ်းလေးခုနှင့် တစ်နှစ်လျှင် ခရီးသည် ၇၂ သန်းကိုင်တွယ်နိုင်မည် ဖြစ်သည်။ ၂၀၄၀ ခုနှစ်ပြည့်နှစ်တွင် လေယာဉ်ပြေးလမ်း ရှစ်ခုရှိလာမည်ဖြစ်ကာ စစ်လေယာဉ်ပြေးလမ်း တစ်ခုလည်း ပါဝင်မည်ဖြစ်သည်။ တစ်နှစ်လျှင် ခရီးသည် သန်း ၁၀၀ အထိ ကိုင်တွယ်နိုင်မည် ဖြစ်သည်။

ဘေလုံးကွင်း ၁၀၀ အကျယ်အဝန်းစတုရန်းကီလိုမီတာခုနစ်သိန်းရှိမည့် ကြယ်ငါးပုံလေဆိပ်သည် ကမ္ဘာ့အကြီးဆုံးလေဆိပ်တစ်ခုဖြစ်လာမည်ဖြစ်သည်။

လေဆိပ်သည် ဘေဂျင်းနှင့် ၄၆ ကီလိုမီတာကွာဝေးသော်လည်း လေဆိပ်အောက်ရှိရထားလမ်းနှင့် မြေအောက်ရထားလမ်းက ခရီးသည်များကို မိနစ် ၂၀ ခန့်ဖြင့် မြို့တော်သို့ ပို့ဆောင်မည်ဖြစ်သည်။

လရောင်
Ref: Agencies



ဒေါ်နယ်ထရန့်အပေါ် စွပ်စွဲပြစ်တင်ရေး စုံစမ်းစစ်ဆေးမှုများ စတင်

နိုင်ငံရေးပြိုင်ဘက်တစ်ဦးကို ဖျက်ဆီးရန် နိုင်ငံခြားအစိုးရတစ်ရပ်၏ အကူအညီကိုရယူခဲ့သည်ဟူသော စွပ်စွဲချက်များကြောင့် အမေရိကန်ဒီမိုကရက် လွှတ်တော်အမတ်များက သမ္မတဒေါ်နယ်ထရန့်အပေါ် တရားဝင်စွပ်စွဲပြစ်တင်မှု စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့သည်။ သမ္မတအနေဖြင့် တာဝန်ခံမှုရှိရမည်ဟု ထိပ်တန်းဒီမိုကရက်အမတ်နန်စီပီလိုစီက ပြောသည်။

မိမိဘက်ကအများရှိသည်ဆိုခြင်းကို ဒေါ်နယ်ထရန့်က ငြင်းဆိုပြီး စုံစမ်းစစ်ဆေးမှုသည် တရားခံရှာခြင်းသက်သက်ဟု ပြောကြားသည်။

သမ္မတကို စွပ်စွဲပြစ်တင်ခြင်းနှင့်ပတ်သက်၍ ဒီမိုကရက်များထံမှ ထောက်ခံမှုခိုင်မာသော်လည်း ယင်းစုံစမ်းစစ်ဆေးမှုသည် ရီပတ်ဘလေကန်တို့ ထိန်းချုပ်ထားသောအထက်လွှတ်တော်ကို ကျော်လွှားနိုင်ဖွယ်မရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ သမ္မတထရန့်က ယူကရိန်းသမ္မတ ဇီလန်စကီးကို ဖုန်းခေါ်ဆိုမှုနှင့်ပတ်သက်၍ ထောက်လှမ်းရေးဌာန အချက်ပေးခေါင်းလောင်းထိုးသူတစ်ဦးက တရားဝင်တိုင်တန်းခဲ့သော သတင်းများနှင့်ပတ်သက်၍ ယခုအငြင်းပွားမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ သမ္မတနှစ်ဦးကြားပြောဆိုမှု အတိုအကျကို မသိရသော်လည်း ဒုတိယသမ္မတဟောင်းဂျိုးဘိုင်ဒန်နှင့် ၎င်း၏သားဟန်တာတို့၏ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များကို ယူကရိန်းက စုံစမ်းစစ်ဆေးမှုများ မလုပ်ဆောင်ခဲ့ပါက ယူကရိန်းသို့ အမေရိကန်စစ်ရေးအကူအညီများ ဆိုင်းငံ့ထားမည်ဟု ဒေါ်နယ်ထရန့်က ခြိမ်းခြောက်ခဲ့ကြောင်း ဒီမိုကရက်များက စွပ်စွဲထားသည်။

ဇီလန်စကီးနှင့် ဂျိုးဘိုင်ဒန်အကြောင်းဆွေးနွေးခဲ့သည်ဆိုခြင်းကို ဒေါ်နယ်ထရန့်က ဝန်ခံပြီး ဥရောပကယူကရိန်းကို ပို့စိုက္ခညီလာစေရေးစစ်ရေးအကူအညီဆိုင်းငံ့ရန် ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်ဟု ထရန့်က ပြောသည်။

ဒေါ်နယ်ထရန့်သည် ဥပဒေချိုးဖောက်ခဲ့ပြီး ၎င်း၏ လုပ်ရပ်များသည် ၎င်း၏အခြေခံဥပဒေဆိုင်ရာတာဝန်ဝတ္တရားကို ချိုးဖောက်မှုဖြစ်သည်ဟု အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ်နန်စီပီလိုစီက ပြောကြားပြီး သမ္မတအနေဖြင့် တာဝန်ခံရမည်ဟု ၎င်းက ဆက်လက်ပြောသည်။

လရောင်– Ref: BBC

ပို့ဆောင်ဆက်သွယ်ရေး သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
JE

ပင်လယ်ကွေ့ လုံခြုံရေးအစီအစဉ်ကို ကုလအထွေထွေညီလာခံတွင် အီရန်နိုင်ငံတင်ပြမည်

အီရန်သမ္မတရိုဟာနီက ဒေသတွင်းရှိ အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပင်လယ်ကွေ့တွင် လုံခြုံရေးဖန်တီးမည့်အစီအစဉ်ကို ယခုသီတင်းပတ်အတွင်း နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်စဉ် တင်ပြမည်ဖြစ်သည်။ ကမ္ဘာတွင် ရေနံအများဆုံးတင်ပို့သည့် ဆော်ဒီအာရေးဗီးယား၏ ရေနံအဆောက်အအုံများ တိုက်ခိုက်ခံရမှုကြောင့် ဆော်ဒီနှင့် အမေရိကန်က အီရန်နိုင်ငံအပေါ် အပြစ်တင်ထားသည်။

ယီမင်နိုင်ငံရှိ ဟိုသီလက်နက်ကိုင်များကငင်းတို့ လက်ချက်ဟုပြောသောယင်းတိုက်ခိုက်မှုများ၌ ပါဝင်ခြင်းမရှိဟု အီရန်အစိုးရက ငြင်းဆိုထားသည်။

ယီမင်ပြည်တွင်းစစ်တွင် အီရန်ကျောထောက်နောက်ခံပြုဟိုသီအဖွဲ့ကို ဆော်ဒီဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့က တိုက်ခိုက်နေသည်။ ယင်းတိုက်ခိုက်မှုများဖြစ်ပြီးနောက် ဆော်ဒီအာရေးဗီးယားသို့ အမေရိကန်က တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဖြစ်ပြီး တိုက်ခိုက်မှုများကို မတုံ့ပြန်မီဆော်ဒီက စုံစမ်းစစ်ဆေးမှုရလဒ်များကို စောင့်မည်ဟု ပြောသည်။

အီရန်ကရန်စသူမှန်သမျှ ဖျက်ဆီးရှင်းလင်းပစ်မည်ဟု ကြွေးကြော်ထားသည်။ ယင်းတိုက်ခိုက်မှုများသည် အီရန်နိုင်ငံမှစတင်ခြင်းဖြစ်ပါက စစ်ပွဲစတင်သော အပြုအမူဖြစ်လိမ့်မည်ဟု ဆော်ဒီအကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဒေသတွင်းအခြားနိုင်ငံများနှင့် ပူးပေါင်းကာအီရန်ကပါရှားပင်လယ်ကွေ့နှင့် အိုမန်ပင်လယ်တွင် လုံခြုံရေးဖန်တီးမည့် အစီအစဉ်ကို ကုလသမဂ္ဂသို့ တင်ပြမည်ဟု ရိုဟာနီ၏ ပြောကြားချက်ကို ကိုးကား၍ ၎င်း၏ တရားဝင် ထက်ဘ်ဆိုက်က ဖော်ပြသည်။

သမ္မတထရန့်က အမေရိကန်တပ်ဖွဲ့ဝင်များစေလွှတ်ရန်ခွင့်ပြုပြီး နောက်ရိုဟာနီက ဒေသတွင်း၌ နိုင်ငံခြားတပ်ဖွဲ့များရှိနေ၍ ရေနံနှင့်သင်္ဘောလမ်းကြောင်းများ မလုံခြုံမှုဖြစ်စေမည်ဟု ပြောကြားသည်။

လရောင်
Ref: Reuters

ကျန်းမာရေးထိခိုက်မည့်အရေး စိုးရိမ်ခြင်းကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် 5G ကွန်ရက်ကို လူထောင်ချီဆန္ဒပြ



နိုင်ငံတစ်ဝန်း 5G ကြိုးမဲ့နည်းပညာတပ်ဆင်မည့်အစီအစဉ်နှင့်ပတ်သက်၍ ယင်းစနစ်ကြောင့် လူအများ၏ ကျန်းမာရေးထိခိုက်မည့် အရေးစိုးရိမ်မှုကာ ဆွစ်ဇာလန်နိုင်ငံမြို့တော်ဘန်းတွင် လူထောင်ချီကန့်ကွက် ဆန္ဒပြခဲ့သည်။ 5G ကွန်ရက်သုံးနိုင်မည့်ဆက်သွယ်ရေးတိုင်များ နောက်ထပ်တည်ဆောက်မှုကို တားဆီးရန် ကြိုးပမ်းမှုအတွင်း ဆန္ဒပြမှုများကလွှတ်တော်အဆောက်အအုံရှေ့တွင်စုဝေးခဲ့သည်။

သေးငယ်သောမိုနာကိုနိုင်ငံသည် အမေရိကန်က ကြီးမားသောလုံခြုံရေးအန္တရာယ်ဟု ရှုမြင်သည့် တရုတ်ကုမ္ပဏီဟွာဝေး၏ နည်းပညာကို အခြေခံသည့် 5G မိုဘိုင်းဖုန်းကွန်ရက်ကို ဖူလိုင်ကမိတ်ဆက်ကာ ဥရောပ၏ ပထမဆုံး 5G စနစ်သုံးနိုင်ငံဖြစ်လာသည်။

သို့သော် ဆွစ်ဇာလန်နိုင်ငံရှိ ဝေဖန်သူများက ယင်းစနစ်သစ်က ထုတ်လွှတ်သည့်လျှပ်စစ်သံလိုက်လှိုင်းများသည် ယခင်မိုဘိုင်းဖုန်းနည်းပညာမျိုးဆက်များနှင့်နှိုင်းယှဉ်ပါက မကြုံဖူးသောကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အန္တရာယ်များဖြစ်လာနိုင်သည်ဟု စောဒကတက်နေသည်။

ကြိုတင်သတိထားမှုအဖြစ်ဆက်သွယ်ရေးတိုင်များတည်ဆောက်မှုကို ရွေ့ဆိုင်းထားရေး ဂျီနီဗာ၊ ဇော့ဒ်၊ ဖရိုင်းဘော့ဂ်နှင့် နူချာတဲလ်မြို့တို့တွင် ဆွစ်ဇာလန်နိုင်ငံသားအများအပြားအွန်လိုင်းမှတစ်ဆင့် တောင်းဆိုနေကြသည်။ ဆွစ်ဇာလန်ဆရာဝန်များ ဖက်ဒရေးရှင်း (FMH) ကလည်း ယင်းနည်းပညာသစ်ကို သတိထားချဉ်းကပ်ရန် တောင်းဆိုထားသည်။

ယင်းနည်းပညာ၏ အန္တရာယ်များကို အသေအချာစိစစ်မလေ့လာမီ နည်းပညာတပ်ဆင်မှုဆိုင်းငံ့ရေး လူထုဆန္ဒခံယူပွဲကျင်းပရန် လိုအပ်သော လက်မှတ်တစ်သိန်းစုဆောင်းနိုင်ရေးဆန့်ကျင်ကန့်ကွက်သူများက ကြိုးပမ်းနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO အပါအဝင် ယင်းနည်းပညာသစ်၏ သက်ရောက်မှုများကို လေ့လာနေသော အဖွဲ့အစည်းများစွာရှိပြီးဆွစ်ဇာလန်အစိုးရက ခန့်အပ်သော ကျွမ်းကျင်သူအဖွဲ့ကလည်း လေ့လာတွေ့ရှိချက်များကို ယခုနှစ်ကုန်တွင် ထုတ်ပြန်မည်ဖြစ်သည်။

လရောင်
Ref: AFP

ခရီးသည်လျော့ကျစဉ် ဟောင်ကောင်လေဆိပ် အသုံးပြုခလျော့ချပေးရန် လေကြောင်းလိုင်းများ တောင်းဆို



ခရီးသည်ဝင်ရောက်မှု သိသိသာသာလျော့ကျစေသော အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများကြောင့် ဘဏ္ဍာရေးကျဆင်းမှုများ ရုန်းကန်ရင်ဆိုင်နေရစဉ် လေဆိပ်အသုံးပြုခများ လျော့ချပေးရန် လေကြောင်းလိုင်းအမြောက်အမြားက ဟောင်ကောင်အစိုးရထံ စာရေးသားတောင်းဆိုခဲ့သည်။ လေဆိပ်ဆင်းသက်ခ၊ ရပ်နားခအပြင်ဝှားရမ်းမှုနှင့် အခြားလုပ်ငန်းလည်ပတ်မှုဆိုင်ရာကုန်ကျစရိတ်များ ယာယီလျော့ချပေးရန် လေကြောင်းလိုင်း ၇၀ ကျော်ကို ကိုယ်စားပြုသော ဟောင်ကောင်ဆိုင်ရာ လေကြောင်းလိုင်းကိုယ်စားလှယ်များ ဘုတ်အဖွဲ့ (BAR) က ဟောင်ကောင်အစိုးရ ထံတောင်းဆိုခဲ့သည်။

စက်တင်ဘာ ၁၆ ရက်စွဲဖြင့် စာထဲတွင် BAR ဥက္ကဋ္ဌရှိနယ်လမ်းက "ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင် ဩဂုတ်လမှာ ခရီးသည်စီးနင်းမှုက နှစ်ဆကျဆွားပါတယ်။ ဒီနှစ်ရဲ့ ကျန်တဲ့လတွေမှာဒီထက်ဆိုးမယ်လို့ ကျွန်တော်တို့ ခန့်မှန်းပါတယ်"ဟု ပြောသည်။

ယင်းစာနှင့် စပ်လျဉ်း၍ဟောင်ကောင်လေဆိပ်အာဏာပိုင်၊ ဟောင်ကောင်သယ်ယူ ပို့ဆောင်ရေးနှင့်အိုးအိမ်ဗျူရိုက မှတ်ချက်ပေးခြင်းမရှိသေးပေ။

ဟောင်ကောင်အခြေစိုက် Cathay အပြင် Qantas ကဲ့သို့သော နိုင်ငံခြားလေကြောင်းလိုင်းများ စီးနင်းမှုလျော့ကျလာပြီး ဩစတြေးလျလေကြောင်းလိုင်းက ဟောင်ကောင်သို့လေယာဉ်ပယ်များဖြင့်သာ ပြောင်းလဲပြေးဆွဲနေသည်။

လရောင်
Ref: Reuters

ဗင်နီဇွဲလားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန် ကိုလံဘီယာသမ္မတ တောင်းဆို

ကိုလံဘီယာသူပုန်များကို သမ္မတမာဒူရို၏ပံ့ပိုးမှုနှင့် ဗင်နီဇွဲလားမှ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို ရဲတန့်ရေးအထောက်အကူဖြစ်စေရန် ကိုလံဘီယာသမ္မတအိုင်ဗန်ဒူကွေးက ဗင်နီဇွဲလားအပေါ် နိုင်ငံတကာပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်တောင်းဆိုသည်။ ဗင်နီဇွဲလားသမ္မတ မာဒူရိုသည် ကိုလံဘီယာဖှဲ့စ်သူပုန်အဖွဲ့နှင့် ELAN သူပုန်အဖွဲ့ဝင်များအား နေရာထိုင်ခင်းထောက်ပံ့နေကြောင်း စွပ်စွဲနေသူဒူကွေးက မာဒူရိုကို ဆားဘီးယားသမ္မတဟောင်းဓီလိုဆီဗစ်နှင့် ခိုင်းနှိုင်းခဲ့သည်။

ဓီလိုဆီဗစ်သည် ဆားဘီးယားပဋိပက္ခများတွင် စစ်ရာဇဝတ်မှုများကျူးလွန်ခဲ့သည်ဆိုသောစွပ်စွဲချက်များကြောင့် ရုံးတင်စစ်ဆေးခံခဲ့ရသည်။

"အာဏာရှင်စနစ်မကြာမီ နိဝုံးချုပ်မယ်ဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ သဘောပေါက်ရပါမယ်။ မူးယစ်ဆေးဝါးဂိုဏ်းတွေ၊ အကြမ်းဖက်ဝါဒနဲ့ အာဏာရှင်ဗင်နီဇွဲလားအစိုးရ အတူတူရှိနေတာက အနောက်ကမ္ဘာခြမ်းနဲ့ကမ္ဘာကြီးရဲ့ တည်ငြိမ်ရေးအတွက် ခြိမ်းခြောက်မှုတစ်ခုပါ"ဟု ဒူကွေးက ပြောကြားသည်။

ကိုလံဘီယာသည် ဗင်နီဇွဲလားကိုတိုက်ခိုက်ရန် ပြင်ဆင်နေသည်ဟု မာဒူရိုကစွပ်စွဲသည်။ လာမည့်လများအတွင်း ဗင်နီဇွဲလားအပေါ် ဥရောပနိုင်ငံများက ပိတ်ဆို့မှုများချမှတ်မည်ဟု မျှော်လင့်ကြောင်း မာဒူရိုအစိုးရအပေါ်ပြင်းထန်သောပိတ်ဆို့ အရေးယူမှုများချမှတ်ထားသည့် အမေရိကန်ကထုတ်ဖော်ပြောဆိုထားသည်။

အနောက်နိုင်ငံအများစုက မာဒူရိုကို တရားမဝင်သမ္မတဟု ယူဆပြီးအတိုက်အခံခေါင်းဆောင်ဂွိုအန်ဂိုင်ဒိုကို စစ်မှန်သောသမ္မတအဖြစ် အသိအမှတ်ပြုကာ ယင်းတွင်ကိုလံဘီယာနိုင်ငံလည်း ပါဝင်သည်။

ဂိုင်ဒိုသည်အာဏာသိမ်းရန် ကြိုးပမ်းနေသော အမေရိကန်ရှပ်သေးရုပ်ဖြစ်သည်ဟု မာဒူရိုက ပြောကြားသည်။

လရောင်
Ref: Reuters

မြောက်ကိုရီးယားနှင့် နယ်စပ်တွင် ငြိမ်းချမ်းရေးဂုန် ထားရှိရေး တောင်ကိုရီးယားခေါင်းဆောင် အဆိုပြု

ကိုရီးယားကျွန်းဆွယ်၏ ပိုင်းခြားထားသောနေရာတွင် ကုလသမဂ္ဂကနိုင်ငံတကာပြိုးချမ်းရေးဂုန်တစ်ခုဖန်တီးရေး တောင်ကိုရီးယားသမ္မတမွန်ဂျေအင်ကအဆိုပြုပြီး ယင်းအိုင်ဒီယာက မြောက်ကိုရီးယားကို သံသယရှင်းစေမည်ဖြစ်သလို ကမ္ဘာကိုစေ့ဆော်ပေးရာရောက်မည်ဟု ၎င်းကပြောသည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် သမ္မတဒေါ်နယ်ထရန့်ကြား သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲများအတွက် လမ်းဖွင့်ပေးခဲ့သောသံတမန်ရေးနည်းသုံးခဲ့သူ လက်ဝဲယိမ်းမွန်ဂျေအင်က ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပြောကြားသော မိန့်ခွန်းတွင် နောက်ဆုံးစစ်အေး စစ်ပွဲရှေ့မျက်နှာစာအတွက် ၎င်း၏အမြင်ကို ချပြခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသည်မှာနှစ် ၆၀ ကျော်ကြာပြီဖြစ်သောကီလိုမီတာ ၂၅၀ ရှည်သည့် စစ်ရေးကင်းမဲ့ဇုန်နေရာတွင် နိုင်ငံတကာငြိမ်းချမ်းရေး ဇုန်တစ်ခုအစားထိုးသတ်မှတ်ရေး နိုင်ငံတကာအသိုင်းအဝိုင်းက ကတိပြုရန် မွန်ဂျေအင်က တိုက်တွန်းသည်။

ယင်းဇုန်ကကင်ဂျုံအန် အတွက် နျူလက်နက်များ စွန့်လွှတ်ရေး နောက်ထပ်တွန်းအားတစ်ခုဖြစ်ပေါ်လာစေမည် ဖြစ်ကြောင်း မွန်ဂျေအင်က ပြောသည်။

လေးဂီလိုမီတာကျယ်သော ယင်းဇုန်သည်ပဋိပက္ခဖြေရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်အတွက် ရည်ရွယ်သောကုလသမဂ္ဂ အေဂျင်စီများရုံးစိုက်ရာ နေရာဖြစ်လာမည်ဖြစ်ကာ နောက်ပိုင်းတွင် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ်ကြေညာမည်ဟု မျှော်လင့်ကြောင်း မွန်ကပြောသည်။

၁၉၅၀-၅၃ စစ်ပွဲကတည်းက ပြတ်တောက်ခဲ့သော ကိုရီးယားတစ်ဝန်းရထားလမ်းများ ပြန်လည်စတင်ရေးနှင့်ပတ်သက်၍ ကင်ဂျုံအန်နှင့် ဆွေးနွေးခဲ့ကြောင်းလည်း မွန်ဂျေအင်က ပြောသည်။

လရောင်
Ref: AFP



သမီးအမြွာနှစ်ယောက်က ညီမတစ်ယောက် ထပ်လိုချင်တယ်လို့ ပြောတဲ့ ဂျနီဖာလိုပက်ဇ်


အဆိုတော်မက်ခ်အန်တိုနီနှင့် ယခင်အိမ်ထောင်ကသမီးအမြွာနှစ်ဦးရှိသော ဂျနီဖာလိုပက်ဇ်ဖက ၎င်း၏လက်ရှိ အမျိုးသားရှိဒရီဂွတ်ဇ်နှင့် နောက်ထပ်ကလေးတစ်ဦးရခဲ့ပါက သမီးနှစ်ဦးဝမ်းသာမည်ဟု ပြောသည်။ ဂျေလို(၅၀)နှစ်က "မောင်လေး၊ ဒါမှမဟုတ် ညီမလေးတစ်ယောက်သူတို့ လိုချင်ကြမယ်လို့ ကျွန်မထင်တယ်" ဟု ပြောကြားသည်။

ရှိဒရီဂွတ်ဇ်၏ သမီးများဖြစ်သော နာတာရှာနှင့် အယ်လာတို့ မိသားစုထံ ရောက်ရှိလာခြင်းကို (၁၁) နှစ်အရွယ် အမြွာနှစ်ဦးဖြစ်သော မက်စ်ဒေးဗစ်နှင့် အမ်မီမာရီဘဲလ်တို့က ဝမ်းသာနေကြောင်း ဂျေလိုက ဆက်လက်ပြောကြားသည်။ ယခုလစောစောပိုင်းက အင်တာဗျူးတစ်ခုတွင်လည်း ဂျေလိုကနောက်ထပ်ကလေးယူလိုကြောင်း ပြောကြားသည်။

ရှိဒရီဂွတ်ဇ် (၄၄) နှစ်နှင့် ဂျေလိုတို့သည် မကြာသေးမီက စေ့စပ်ခဲ့ပြီးလက်ထပ်ပွဲအတွက် အစီအစဉ်များကို အာရုံစိုက်နေသည်။ ဂျေလိုသည် ရှာကီရာနှင့်အတူ Super Bowl LIV ပွဲတွင် ဖျော်ဖြေရန် စီစဉ်ထားစဉ် ရှိဒရီဂွတ်ဇ်ကအိပ်မက်တစ်ခုအမှန်တကယ်ဖြစ်လာသည်ဟု ပြောသည်။ ၎င်းတို့၏ လက်ထပ်ပွဲသို့ ဇနီးဟောင်းများကို ဖိတ်ခေါ်မည်ဟု ရှိဒရီဂွတ်ဇ်က ပြောကြားသည်။

လရောင်-Ref: DailyMail

နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဆိုင်ရာ သံတမန်ခန့်အပ်ခံရတဲ့ EXO အဖွဲ့ဝင် ဆူဟို



International Film Festival နှင့် Awards Macao ဆိုင်ရာသံတမန်အဖြစ် အမျိုးသားကေပေါ်ပ်တေးသံရှင် EXO အဖွဲ့ဝင်သရုပ်ဆောင်ဆူဟိုကို ရွေးချယ်ခဲ့သည်။ ဆူဟိုသည် လေးကြိမ်မြောက်ယခုနှစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် မကာအိုဆုပေးပွဲအခမ်းအနားသို့ သံတမန်အဖြစ်တက်ရောက်မည့်အပြင် အောက်တိုဘာ ၃ ရက်ကျင်းပမည့်ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ကောဇောနီထက်သို့လည်း လျှောက်လှမ်းမည်ဖြစ်သည်။

"International Film Festival နဲ့ Awards Macao ဆိုင်ရာသံတမန်အဖြစ်ရွေးချယ်ခံရတဲ့အတွက် ကျွန်တော်ပျော်ရွှင်မိပါတယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံရမယ်လို့ထင်တာကြောင့် ပွဲတက်ဖို့စောင့်စားနေပါတယ်။ ပရိသတ်နဲ့တွေ့ဆုံပြီး ပျော်ဝင်စီးမျောခွင့်ရနိုင်တဲ့ပွဲတော်ဖြစ်တာကြောင့် ကျွန်တော်အကောင်းဆုံးလုပ်မှာပါ" ဟု ဆူဟိုက ပြောသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲနေ့တွင် ဆူဟိုပါဝင်မည်ဖြစ်သည်။

လရောင်- Ref;allkpop

ပို့ဆောင်သတင်းဂျာနယ် TRANSCOM NEWS JOURNAL www.transcomjournal.com

မြန်မာကြက်တောင်မယ် သက်ထားသူဇာ ကမ္ဘာအဆင့် နှစ်ဆင့်မြင့်တက်



မြန်မာ့လက်ရွေးစင် ကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ယခုတစ်ပတ် ကမ္ဘာအဆင့်သတ်မှတ်ချက်တွင် အဆင့်နှစ်ဆင့်မြင့်တက်လာပြီး ကမ္ဘာ့အဆင့် (၆၆)၌ ရပ်တည်နေသည်။

သက်ထားသူဇာသည် စက်တင်ဘာအတွင်း မော်လဒိုက်နိုင်ငံတွင် ကျင်းပသည့် International Future Series 2019 ပြိုင်ပွဲ၌ ငွေတံဆိပ်နှင့် International Challenge 2019 ပြိုင်ပွဲတွင် ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ သက်ထားသူဇာသည် ယခင်တစ်ပတ်က အဆင့် (၆၈) ထက် နှစ်ဆင့်မြင့်တက်ခဲ့သည်။

မြန်မာ ကြက်တောင်မယ်သည် ၂၀၂၀ တိုကျိုအိုလံပစ် ကြက်တောင်ပြိုင်ပွဲ လက်ရည်စစ်ပွဲ ဝင်ပြိုင်ခွင့်ရရှိရန် အဆင့်သတ်မှတ်ချက်မြင့်တက်ရေး နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေသည်။

သက်ထားသူဇာသည် ၂၀၁၈ မှ ၂၀၁၉ စက်တင်ဘာအထိ နိုင်ငံတကာ ကြက်တောင်ပြိုင်ပွဲ ၁၅ ပွဲ ယှဉ်ပြိုင်ရာ ၆၂ ပွဲနိုင်၊ ၂၁ ပွဲ ရှုံးနိမ့်ပြီး စုစုပေါင်း ၂၃,၁၀၀ မှတ်ရရှိကြောင်း ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။

အသက် (၂၁) အရွယ် သက်ထားသူဇာသည် နိုင်ငံတကာကြက်တောင်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခု ဆွတ်ခူးထားသည်။

၎င်းသည် လက်ရှိတွင် အောက်တိုဘာ ဒုတိယပတ်အတွင်း အီကျစ်နိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာ ကြက်တောင်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရန်ပြင်ဆင်လေ့ကျင့်နေသည်။ H2Z2



မန်စီးတီးကွင်းလယ်လူ ဘာနာဒိုကို အက်ဖ်အစွဲချက်တင်

အသင်းဖော် ဘန်ဂျမင်မန်ဒီနှင့် ပတ်သက်သော တွစ်တာပေါ်၌ ဖော်ပြမှုတစ်ရပ်အတွင်း အက်ဖ်အေက မန်စီးတီးကွင်း လယ်လူ ဘာနာဒိုဆေးလိမ်မားကို စွဲချက်တင်ထားပြီး စည်းကမ်းဖောက်ဖျက်ကြောင်း ထင်ရှားပါက ခြောက်ပွဲအထိ ပွဲပယ်ခံရနိုင်သည်။ ဘာနာဒိုဆေးလိမ်မားက မန်ဒီကို စပိန်နှင့် ပေါ်တူဂီတွင် ဝယ်ယူရရှိနိုင်သည့် မုန့်ချိုတစ်မျိုး၏ ဘူးခွံတွင် ပါသောဇာတ်ကောင်နှင့် နှိုင်းယှဉ်ဖော်ပြခဲ့သည်။

ပေါ်တူဂီကွင်းလယ်လူ ဘာနာဒို (၂၅) နှစ်သည် လူမျိုး၊ အသားအရောင် (သို့မဟုတ်) လူမျိုးမူလဇာတိကို ညွှန်းဆိုသောဖော်ပြမှုပါင်ကြသည့် အက်ဖ်အေစည်း ကမ်းများကို ချိုးဖောက်သည်ဟု စွဲချက်တင်ခံထားရသည်။ ဘာနာဒိုအနေဖြင့် အက်ဖ်အေ၏စွဲချက်ကို တုံ့ပြန်ရန် အောက်တိုဘာ ၉ ရက်အထိ အချိန်ရမည်ဖြစ်သည်။ ဘာနာဒိုက တွစ်တာတွင် စက်တင်ဘာ ၂၂ ရက်က ဖော်ပြမှုကို နာဂီပိုင်း အတွင်းပြန်ဖျက်ခဲ့ပြီး ၎င်း၏ဖော်ပြချက်က မရည်ရွယ်ထားဘဲ စော်ကားသလိုဖြစ်ခဲ့၍ ယနေ့ခေတ်ကာလတွင် မိတ်ဆွေများကိုပင် နောက်ပြောင်၍မရဟု ဖော်ပြသည်။ ယင်းတွစ်တာပေါ်၌ ဖော်ပြချက်နှင့် ပတ်သက်၍ ဘာနာဒိုကိုအရေးယူပါက အမှားတစ်ခုဖြစ်မည်ဟု မန်စီးတီးနည်းပြ ဂွာဒီယိုလာက ပြောကြားခဲ့သည်။

လူမျိုးရေးခွဲခြားသည်ဟု စွပ်စွဲခံနေရသော ဘာနာဒိုကို အသင်းဖော် စတာလင်ကလည်း ကာကွယ်ပြီးယင်းမှာ သူငယ်ချင်းနှစ်ဦးကြား ကိစ္စဖြစ်သည်ဟုပြောသည်။ ပြင်သစ်နောက်ခံလူ မန်ဒီနှင့် ဘာနာဒိုသည် ၂၀၁၇ က မန်စီးတီးသို့ ပြောင်းမလာမီ မိုနာကိုတွင် အတူကစားခဲ့သည့် ရင်းနှီးသောသူငယ်ချင်းများဖြစ်သည်။

H2Z2

အာရှပြိုင်ပွဲအကြို့အဖြစ် မြန်မာယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲလေးပွဲ မန္တလေးတွင် ယှဉ်ပြိုင်မည်

အသက် (၁၉)နှစ်အောက် အာရှအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအကြို့ ပြင်ဆင်မှုအဖြစ် မြန်မာယူ-၁၉ အမျိုး သမီးအသင်းသည် မန္တလေးမြို့၌ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲလေးပွဲကစားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းခြေစမ်းပွဲများအတွက် မြန်မာ့လက်ရွေးစင် ယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာ ၆ ရက်မှ ၁၉ ရက်အထိ မန္တလေးမြို့၊ မန္တလာသီရိဘောလုံးကွင်း၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ အဆိုပါ လေ့ကျင့်ရေးကာလအတွင်း ဗီယက်နမ်အမျိုးသမီး ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ၊ ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲ စုစုပေါင်းလေးပွဲကစားရန် စီစဉ်ထားသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာ ၁၁ ရက်နှင့် ၁၃ ရက်တွင် ဗီယက်နမ်အမျိုးသမီး ယူ-၁၉ အသင်းနှင့် ခြေစမ်းမည်ဖြစ် ပြီး အောက်တိုဘာ ၁၆ ရက်၌ အားက စားသိပ်ပွဲအသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် မန္တလေးဘောလုံးအကယ်ဒမီ ယူ-၁၄ အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲလေးပွဲစလုံးကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက တာဝန်ယူဆောင်ရွက်နေပြီး ဇူလိုင် ၁ ရက်ကစတင်၍ ပဏာမကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်နေသည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အာရှပြိုင်ပွဲအကြို့ ပြင်ဆင်မှုအဖြစ် ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့၌ စင်ကာပူလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ခြေစမ်းရာ ၅-၀ ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

၂၀၁၉ အာရှယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အုပ်စု (ခ)၌ လက်ရှိချန်ပီယံ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်အသင်းတို့နှင့် ကျရောက်နေသည်။

အာရှယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနေရာရ အသင်းသုံးသင်းသည် နိုင်ဂျီးရီးယားနိုင်ငံ၌ ကျင်းပမည့် ၂၀၂၀ ဖီဖာ အမျိုးသမီးယူ-၂၀ ကမ္ဘာဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

H2Z2

အောင်လအန်ဆန်၏ လိုက်ဟဲမီးဝိတ်တန်း ကမ္ဘာချန်ပီယံကာကွယ်ပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည်

အောက်တိုဘာ၁၃ ရက်တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌ Century အမည်ဖြင့် ကျင်းပမည့် MNA ပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ကမ္ဘာ့ချန်ပီယံ ခါးပတ်လုပွဲသုံးပွဲ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း One Championship က သတင်းထုတ်ပြန်ထားသည်။

MMA (One Championship) ပြိုင်ပွဲတွင် စိန်ခေါ်သူ အမေရိကန်-ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗရာသည် အောင်လနှင့် ယှဉ်ပြိုင်ရန် ဝိတ်ချမှုပြုလုပ်နေရခြင်းကြောင့် ပင်ပန်းမှုများရှိနေပြီး ခံနိုင်ရည်စွမ်းအား လျော့ကျမည်ကို စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၃၃)နှစ်အရွယ် အောင်လအန်ဆန်သည် MNA ပြိုင်ပွဲတစ်လျှောက် ၃၅ ပွဲ ယှဉ်ပြိုင်ရာတွင် ၂၅ ပွဲနိုင်၊ ၁၀ ပွဲ ရှုံးနိမ့်ထားကာ အောင်လ၏ ပြိုင်ဘက်အသက် (၄၁)နှစ် အရွယ် ဗီရာသည် MNA ပြိုင်ပွဲတစ်လျှောက် ၂၃ ပွဲထိုးသတ်ထားပြီး ၁၆ ပွဲ နိုင် ၇ ပွဲ ရှုံးနိမ့်ထားသည်။

H2Z2

ဘကာကို ရှုံးသောပွဲတွင် ကွင်းလယ်နိုင်က အင်တာမီလန် ကစားသမားများကို လေးစားမှုမရှိဟု နည်းပြကွန်တီ ဝေဖန်

ဆွာရက်ဖ်၏သွင်းဂိုးများကြောင့် ဘာကာကို ၂-၁ ဂိုးဖြင့် ရှုံးနိမ့်သောပွဲအတွင်း ဒိုင်လူကြီး ဒါမာစခိုမီနာသည် အင်တာကစားသမားများကို လေးစားမှုမရှိဟု အင်တာဒီလန်နည်းပြ ကွန်တီက ဝေဖန်ပြောကြားသည်။

ဒိုင်လူကြီးသည် ယမန်နှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲကို တာဝန်ယူခဲ့သူဖြစ်ပြီး အတွေ့အကြုံများစွာရှိသော နိုင်ငံတကာဒိုင်ဖြစ်၍ ဘာစီလိုနာအိမ်ကွင်းတွင် သြဇာလွှမ်းမိုးမှုမခံရသင့်ကြောင်း ကွန်တီကပြောသည်။

စီးရီးအေတွင် ရှုံးပွဲမရှိသော အင်တာသည် ကွန်တီလက်ထက်၌ ဘာစီလိုနာနှင့် မကစားမီ အထိ ရှုံးပွဲမရှိရပ်တည်ခဲ့သည်။ ယခုအခါ အင်တာသည် ချန်ပီယံဂျူဗင်တပ်နှင့် ပွဲကစားရန် အာရုံစိုက်ရတော့မည်ဖြစ်သည်။



H2Z2

ဝိုင်ဆောင်သတင်းဂျာနယ်

ထိုင်းဘုရင် အဓိကစစ်တပ်တပ်ဖွဲ့နှစ်ဖွဲ့ကို တိုက်ရိုက်ထိန်းချုပ်မှုရယူ



ထိုင်းဘုရင်မဟာဗာဂျီရာလောင်ကွန်က စစ်တပ်တပ်ဖွဲ့နှစ်ဖွဲ့ကို နန်းတော်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းရေးညွှန်ကြားထားကြောင်း တော်ဝင်အမိန့်တစ်ရပ်က ဖော်ပြသည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ လက်မှတ်ထိုးထားသည့် ဘုရင်၏အမိန့်ကနိုင်ငံတော်လုံခြုံရေးနှင့် တော်ဝင်မိသားစုကို ခြိမ်းခြောက်သော အရေးပေါ်အနေအထား တစ်ခုတွင် ဘုရင့်အမိန့်ထုတ်ပြန်ခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၂ ကို ကိုးကားထားသည်။

ယင်းကဲ့သို့ လုပ်ရပ်အတွက် မည်သို့သော အရေးပေါ်အခြေအနေလိုအပ်ကြောင်းကို သီးခြား ဖော်ပြထားခြင်းမရှိပေ။ ဘန်ကောက်အခြေစိုက် နံပါတ် (၁)နှင့် (၁၁) ခြေလျင်တပ်ဖွဲ့များကို စစ်ဘက်ကြီးကြပ်မှုအောက်မှ တော်ဝင်လုံခြုံရေးကြီးကြပ်မှုအောက်သို့ တာဝန်ခံအမှုထမ်းများ၊ လုပ်ငန်းလည်ပတ်ရေးဘတ်ဂျက်များနှင့်အတူ လွှဲပြောင်းရေး ယင်းအမိန့်က ညွှန်ကြားထားသည်။

စင်စစ်အားဖြင့် ဘုရင်သည် ထိုင်းစစ်တပ်၏ စစ်ဦးစီးချုပ်ဖြစ်သော်လည်း ယခုဥပဒေသစ်က ပုံမှန်စစ်တပ်ကြီးကြပ်မှုကွင်းဆက်ကို ရှောင်လွှဲထားသည်။

ဘန်ကောက်နှင့် ထိုင်းနိုင်ငံအလယ်ပိုင်းတွင် လုံခြုံရေးကိုကြီးကြပ်သော ပထမစစ်တပ်ဒေသ၏ ယခင်အစိတ်အပိုင်းဖြစ်သည့် ယင်းတပ်ဖွဲ့နှစ်ဖွဲ့သည် ယခုအခါတော်ဝင်လုံခြုံရေးကြီးကြပ်ရေးအဖွဲ့ အကြီးအကဲဘုရင်နှင့် ယင်းတပ်ဖွဲ့၏ ဒုတပ်မှူးဘုရင်မဆူသီဒါတို့ထံ တိုက်ရိုက်အစီရင်ခံရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်က ဖခင်ဘုရင်ဘူမိဘောဓ၏နေရာကို ဆက်ခံခဲ့သည့် ဘုရင်ဗာဂျီရာလောင်ကွန် (၆၇)နှစ်သည် ၂၀၁၄ ခုနှစ်က အာဏာသိမ်းခဲ့သော စစ်အစိုးရ၏ အကူအညီဖြင့် တော်ဝင်မိသားစု၏ အခွင့်အာဏာများကိုသေချာအောင် လုပ်ဆောင်ထားသည်။

လရောင်

Ref: Reuters



Brexit နောက်ဆုံး အဆိုပြုချက်ကို ဗြိတိန်တင်ပြမည်

ဥရောပမှဗြိတိန် ထွက်ခွာရေး (Brexit) နောက်ဆုံးသဘောတူညီချက်တစ်ရပ်ကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က တင်ပြမည်ဖြစ်ကာ အကယ်၍ ဥရောပသမဂ္ဂက ဗြိတိန်ကို မဆက်သွယ်လာလျှင်လည်း ဗြိတိန်သည်ဥရောပသမဂ္ဂမှ သဘောတူညီချက်မရှိဘဲ ထွက်ခွာမည်ဟု ဗြိတိန်အရာရှိများက ပြောကြားသည်။

ကွန်ဆာဗေးတစ်ပါတီ၏ နစ်ပတ်လည် ညီလာခံပိတ်ပွဲမိန့်ခွန်းတွင် ဘောရစ်ဂျွန်ဆင်က မျှတသောကြားချသဘောတူညီချက်၏ အသေးစိတ်အချက်အလက်များ ချပြမည်ဟု ဝန်ကြီးချုပ်ရုံးက ပြောသည်။

သို့သော် ယင်းမှာနောက်ဆုံးကမ်းလှမ်းမှုဖြစ်ပြီး ဘောရစ်ဂျွန်ဆင်အနေဖြင့် အောက်တိုဘာ ၃၁ ရက်တွင် ဥရောပမှ ဗြိတိန်ထွက်ခွာရေးကို သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆက်လက်လုပ်ဆောင်မည်ဟု ထုတ်ပြန်ချက်က အလေးအနက် ပြောကြားသည်။

အဆိုပါ ကမ်းလှမ်းမှုကို ဘရပ်ဆဲလ်က မတုံ့ပြန်လျှင် မိမိတို့အစိုးရအဖွဲ့က ဥရောပမှ ဗြိတိန်ထွက်ခွာပြီးချိန်အထိ ဆွေးနွေးညှိနှိုင်းမှုများ ထပ်မံလုပ်ဆောင်မည်မဟုတ်ဟု ဗြိတိန်ထုတ်ပြန်ချက်က ဖော်ပြသည်။

အောက်တိုဘာ ၁၇ နှင့် ၁၈ ရက် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးတွင် ဗြိတိန်ဝန်ကြီးချုပ်က ဥရောပမှ ဗြိတိန်ထွက်ခွာရေးကို နောက်ဆုတ်ရန် ကြိုးစားမည်မဟုတ်ဟုလည်း ဗြိတိန်ဝန်ကြီးချုပ်ရုံးထုတ်ပြန်ချက်က ဖော်ပြသည်။

လက်ရှိ Brexit သဘောတူညီချက်နှင့် လိုက်ဖက်ညီသောအဆိုပြုချက်များကို အီးယူကလက်ခံရန်အသင့်ရှိသည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျင်ဗက်စ်လီဒရိန်းက ပြောသည်။

အကယ်၍ ထိုသို့သောတင်ပြချက်မရှိခဲ့ပါက ဗြိတိန်နိုင်ငံသည် အောက်တိုဘာ ၃၁ ရက်တွင် ဥရောပသမဂ္ဂမှ သဘောတူညီချက်မရှိဘဲ ထွက်ခွာခြင်းမှာ အဖြစ်နိုင်ဆုံးဖြစ်သည်ဟု လီဒရိန်းက ပြင်သစ်လွှတ်တော်အမတ်များအား ပြောကြားသည်။

ထိုအတောအတွင်း သဘောတူညီချက်မရှိသော Brexit ဖြစ်ခဲ့ပါက မိမိတို့အနေဖြင့် ဗြိတိန်တွင် Qashqai မော်ဒယ်ထုတ်လုပ်ရေးကို ပြန်စဉ်းစားရမည်ဟု နစ်ဆန်းကားကုမ္ပဏီက ပြောကြားသည်။

လရောင်—Ref: AFP

